Golden Lion Wire Co.,Ltd
Golden Lion
HOT LINE : 09 771 667788

# The VOICE Daily

Hnit Thit Oo
Printing House
No. 27(A), Corner of U Hmoo St; and U Tun Nyo St;,
Dagon (East) Industrial Zone,Yangon.
Mobile : 09 - 766 766 751, 09 - 766 766 752

Vol. 7 / No. 239 | Established in 2004 | ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက်၊ ( Wednesday, January 15, 2020)

# စီအိုင်ဒီရဲတပ်ဖွဲ့မှူး အပါအဝင် ရဲအရာရှိသုံးဦးကို တရားစွဲဆိုရန် သမ္မတထံတောင်းဆို

ရန်ကုန်၊ ဇန်နဝါရီ ၁၄

ဗစ်တိုးရီးယား ကလေးငယ်၏ ကိုယ်ရေးအချက်အလက်များ ထုတ်ဖော်ပြောကြားခဲ့သည့် CID (မှုခင်းရဲတပ်ဖွဲ့) ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးနိုင်ဦးအပါအဝင် ရဲအရာရှိသုံးဦးကို တရားစွဲဆိုနိုင်ရန် မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေများအသင်း (ILAM)က ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ စာပို့တင်ပြတောင်းခံလိုက်သည်။

"အခုတောင်းခံရတဲ့ပုဂ္ဂိုလ်တွေက ပြည်သူ့ဝန်ထမ်းဖြစ်တယ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်တယ်။ ရဲတပ်ဖွဲ့အကြီးအကဲဖြစ်နေတယ်ဆိုတော့ ပိုင်ရှင်ဖြစ်တဲ့ နိုင်ငံတော်သမ္မတရဲ့ ခွင့်ပြုချက် တောင်းခံရတာပေါ့။ ဥပဒေအကြောင်းအရတော့ ညီညွတ်မှုရှိတယ်၊ ခွင့်ပြုတယ် မပြုဘူးဆိုတာတော့ နိုင်ငံတော်သမ္မတရဲ့ စိစစ်ချက်မှာပဲ မူတည်မယ်။ ခွင့်ပြုချက်တောင်းခံတာတော့ တည်ဆဲဥပဒေအရ ညီညွတ်မှုရှိပါတယ်"ဟု ဥပဒေပညာရှင် ဦးခင်မောင်မြင့်က စာ 3

## နာဂရိုးရာနှစ်သစ်ကူးပွဲတော်



ဓာတ်ပုံ – ငြိမ်းသူမင်း စာ 3

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလဟယ်မြို့တွင် ဇန်နဝါရီလ ၁၄ ရက်နေ့က စတင်ကျင်းပသည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာဝတ်စုံဝတ်ဆင်ထားသူနှစ်ဦးကို တွေ့ရစဉ်

## ရေနံချက်စက်ရုံမရှိသဖြင့် တရုတ်က မြန်မာဘက်သို့ စာချုပ်ပါအတိုင်း ရေနံစိမ်း ပြန်လည်တင်ပို့ခြင်းမရှိ စာ 22

## ဖျားနာတိုင်းတာသည့် Thermal Scan မှုဆယ်နယ်စပ် ဝင်ပေါက်တွင် စတင်တပ်ဆင် စာ 12



စာ 18

## ကနီသစ်တောတွင် တောင်ယာစိုက်သူတစ်ဦး ကျားကိုက်ခံရ စာ 9

## ကျောက်မဲမြို့ရှိ ဆန်ဆိုင်ကို ဖုံးအတုနှင့်ခြိမ်းခြောက်၍ ငွေကျပ် သိန်း ၁၀၀ တောင်းခံ စာ 15

## ဖားကန့်တွင် ကျောင်းအုပ်ဆရာမတစ်ဦး ကိုယ်ထူကိုယ်ထ ကျောင်းဆောင်သစ်တည်ဆောက်သဖြင့် ပြောင်းရွှေ့ခံရ စာ 15

## လာဘ်စားမှုအပါအဝင် အခြားပြစ်မှုများကြောင့် စည်ပင်ဝန်ထမ်း ၈၀ ကျော် အရေးယူခံရ

ရန်ကုန်၊ ဇန်နဝါရီ ၁၄

လာဘ်စားမှုအပါအဝင် အခြားပြစ်မှုများကြောင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်စည်ပင်သာယာရေး ဝန်ထမ်း ၈၀ ကျော်ကို နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ သိရသည်။

ယင်းသို့ အရေးယူရခြင်း စာ 14

IRIS
IRIS Nature Co.,Ltd
Cold Fresh Towel
ICE
Address : No.(27-A), Corner of U Hmoo Street & U Tun Nyo Street, East Dagon Industrial Zone, Yangon, Myanmar.

# နေပြည်တော်ကောင်စီနယ်မြေအတွက် ကျောင်းသား/သင်တန်းသားတစ်ဦးကို ပညာသင်ထောက်ပံ့ကြေး ကျပ်သိန်း ၉၀ ကျော် အသုံးပြုနေဟု ပညာရေးဝန်ကြီးပြော

**နေပြည်တော်၊ ဇန်နဝါရီ ၁၄**

တိုင်းဒေသကြီး ပြည်နယ်အလိုက် ပညာရေးအသုံးစရိတ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွက် ကျောင်းသား၊ သင်တန်းသားတစ်ဦးကို ပညာသင်ထောက်ပံ့ကြေးကျပ်သိန်း ၉၀ ကျော် အသုံးပြုနေကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပြောသည်။

ဇန်နဝါရီ ၁၃ ရက်နေ့က နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် သင်ယူမှုအခွင့်အလမ်းမြင့်မားရေး အရည်အသွေးရှိသော သင်ယူမှု ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောဆိုခြင်းဖြစ်သည်။

"တိုင်းဒေသကြီး ပြည်နယ်အလိုက် ပညာရေးအသုံးစရိတ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွက် သင်တန်းသားတစ်ဦးကို ကျပ်သိန်း ၉၀ ကျော် အသုံးပြုနေတယ်ဆိုတာကို တင်ပြလိုပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ပါ သုံးစွဲနေပါတယ်။ ပညာသင်ထောက်ပံ့ကြေးတွေပေးနေပါတယ်" ဟု ပညာရေးဝန်ကြီးက ပြောသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ပညာသင်တဲ့လူတွေများနေပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းအရ ဘွဲ့ရသည့် လူဦးရေသည် တိုင်းဒေသကြီးပြည်နယ်အလိုက်ကြည့်လျှင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်များမှ လွဲပြီး ကျန်သည့်တိုင်းဒေသကြီး ပြည်နယ်များတွင် ဘွဲ့ရသည့်ဦးရေသည် သတ်မှတ်ချက်အောက် ရောက်နေသည်ကို တွေ့ရကြောင်း ၎င်းကပြောသည်။

နေပြည်တော်သည်အစိုးရရုံးစိုက်ရာမြို့ဖြစ်သည့်အတွက် အစိုးရရုံးများ ပြောင်းလာသဖြင့် ဘွဲ့ရဦးရေ ပိုများလာရခြင်းဖြစ်ကြောင်း ဘွဲ့ရဦးရေကိုကြည့်လျှင် အသက် ၂၅ နှစ်မှ ၂၉ နှစ်အတွင်းရှိ လူများက ဘွဲ့ရသည့်လူများဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနထံမှ သိရသည်။ ■

**မင်းသုခိုင်**

# အဆောင်နေခွင့်ကိစ္စ ရန်ကုန်ပညာရေး တက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ ပြေလည်မှုရ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**



ဓာတ်ပုံ- ရဲပြည့်ဇာနည်

ကျောင်းသားကျောင်းသူများ အဆောင်နေထိုင်ခွင့်နှင့် ထောက်ပံ့ကြေးများရရှိရန် ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ဗကသအဖွဲ့ချုပ်)က ဦးဆောင်၍ ဆန္ဒပြခဲ့သော်လည်း ကျောင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ သဘောတူညီမှုရရှိခဲ့ကြောင်း ယင်းသမဂ္ဂထံမှ သိရသည်။

ဇန်နဝါရီ ၁၄ရက် နံနက်၉နာရီတွင် ရန်ကုန်ပညာရေးတက္ကသိုလ် IDEALS ၁ ဆောင်နှင့် IDEALS ၂ ဆောင်ရှေ့တွင် တန်းတူအခွင့်အရေးမရသော ကျောင်းသားကျောင်းသူများအတွက် ဆန္ဒပြ တောင်းဆိုခဲ့ကြပြီး ယင်းဆန္ဒပြမှုကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့က တွေ့ဆုံဆွေးနွေးရန် လာရောက်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ယင်းဆွေးနွေးမှုတွင် ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းရှိ အဆောင်နေထိုင်ခွင့်မရသည့်ကျောင်းသားကျောင်းသူများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစတင်ကာ ထောက်ပံ့ကြေး ကျပ်သုံးသောင်းပေးအပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂက ထုတ်ပြန်သည်။

ထို့ပြင် အဆောင်များနည်းခြင်းအတွက်နေရာလစ်လပ်ခဲ့လျှင်ကျောင်းသားအင်အားဖြင့်ချိန်၍ စာမေးပွဲအောင်သောကျောင်းသားများကိုပြန်ပေးမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိကျောင်းသားများ အဆောင်နေလိုလျှင်ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း၊ နေရာလစ်လပ်သည်နှင့် ပေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ကို ဆွေးနွေးပွဲတွင် ရရှိခဲ့ကြောင်း ရန်ကုန်ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ အတွင်းရေးမှူး ကိုအောင်ပြည့်စုံဖြိုးက ပြောသည်။

"ပညာရေးတက္ကသိုလ် ကောလိပ်တွေမှာ စားသောက်စရိတ်ဆိုပြီး နိုင်ငံတော်က သုံးသောင်းပေးတယ်။ ဒါပေမဲ့ စာမေးပွဲကျသွားရင် ပြန်မရတော့ဘူး။ အဆောင်နေထိုင်ခွင့်တွေ ထောက်ပံ့ကြေး သုံးသောင်းက အစကတော့မရဘူး၊ အခုတောင်းဆိုမှုအရ တစ်နှစ်ကျသွားလို့ ပြန်အောင်သွားမယ်ဆိုရင် ထောက်ပံ့ကြေးရမယ်" ဟု ၎င်းက ပြောသည်။

သဘောတူ ဆုံးဖြတ်ချက်များထဲတွင် ၂၀၁၇-၁၈ ပညာသင်နှစ်တွင် သင်္ချာဘာသာရပ်ဖြင့် စာမေးပွဲကျရှုံးခဲ့ပြီး ပြန်လည်အောင်မြင်ခဲ့သော်လည်း အဆောင်နေထိုင်ခွင့်မရသေးသည့် ကျောင်းသားကျောင်းသူများအတွက် အဆောင်နေထိုင်ခွင့်အားချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် စာမေးပွဲ ပြန်လည်အောင်မြင်သည့် ကျောင်းသားကျောင်းသူတိုင်း ထောက်ပံ့ကြေး သုံးသောင်းပေးအပ်မည်ဖြစ်ပြီး အဆောင်နေရာလစ်လပ်ပါက ညှိနှိုင်းကာ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ချက်တွင် ပါရှိသည်။

■ **မောင်ကျော်ဖြိုး**

## ဗုဒ္ဓပိဋကတ်တော် အဆိုအမိန့်များ

### သူ့အကျိုးဆောင်မှ ကိုယ့်အကျိုးအောင်မည်

သကတ္ထော နတ္ထိ နတ္ထေ၀၊ ပရဿတ မကုဗ္ဗတော။
သူတစ်ပါးအကျိုးကို မပြုလုပ် မဆောင်ရွက်ဘဲ ကိုယ့်အကျိုးစီးပွားလည်း ဖြစ်မလာနိုင်။

**(အလက်ာ ငြိကာ။)**

# ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်ရရန် ကရင်နီလူငယ်များ တောင်းဆို

**တောင်ငူ၊ ဇန်နဝါရီ ၁၄**

ကယားပြည်နယ်နေ့ အခမ်းအနားတက်ရောက်မည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်ရရန် ကရင်နီလူငယ်များက တောင်းဆိုထားကြောင်း ကရင်နီလူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ခွန်သောမက်က ပြောကြားသည်။

၆၈ ကြိမ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်တွင် လွိုင်ကော်မြို့နယ်၊ အားကစားနှင့်ကာယပညာသိပ္ပံရှေ့ရှိ ကယားဒေးပွဲတော်ကွင်းတွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်ဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်ရခဲ့မယ်ဆို ဖမ်းဆီးတရားစွဲဆိုခံထားရတဲ့တောင်သူတွေအရေးနဲ့ လူငယ်ရေးရာမူဝါဒကို တင်ပြမယ်။ နောက်တစ်ခု ဗိုလ်ချုပ်ကြေးရုပ်တုကိစ္စပါ။ ပြည်နယ်အရေးကို တိုက်ရိုက်တင်ပြလိုတာပါ" ဟု ခွန်သောမက်က ဆက်လက်ပြောကြားသည်။

အဆိုပါ တွေ့ခွင့်ရရေးကိစ္စကို ဇန်နဝါရီလ ၁၀ ရက်နေ့က ကရင်နီလူငယ်အဖွဲ့ဝင်များက လက်မှတ်ရေးထိုးကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးသို့ စာရေးသားပေးပို့ခဲ့ခြင်းဖြစ်ကာ ယနေ့(ဇန်နဝါရီ ၁၅)အထိ အကြောင်းပြန်ကြားထားခြင်းမရှိသေးကြောင်း ကရင်နီလူငယ်များက ဆိုသည်။

ကယားပြည်နယ်အတွင်း NLD အစိုးရလက်ထက် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ပြဿနာနှင့် ပတ်သက်ပြီး ပြည်နယ်အစိုးရနှင့် ကရင်နီလူငယ်များကြား ပြဿနာများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီး လူငယ် ၆ ဦး ထောင်သွင်း အကျဉ်းချခံရသည့်အပြင် မြေယာပြဿနာများနှင့် ကရင်နီတောင်သူ ၄၁ ယောက် တရားစွဲဆိုခံထားရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကယားဒေးပွဲတွင် တက်ရောက်ပြီးမှသာလျှင် လူထုနှင့်တွေ့ဆုံပွဲစတင်မည်ဖြစ်ကြောင်း ကယားပြည်နယ် အစိုးရအဖွဲ့ သယံဇာတဝန်ကြီး ဦးတီရယ်က ပြောကြားသည်။

"အရပ်ဘက်အဖွဲ့အစည်းနဲ့ သီးခြားစီတွေ့မှာတော့မဟုတ်ဘူး။ အခမ်းအနားမှာပဲ တစ်ခါတည်း တွေ့မယ့်ပုံပါ။ နောက် အစီအစဉ်တစ်ခုက ချယ်ရီပင်စိုက်မှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်ရှိုးသည် ကရင်နီတိုင်းရင်းသားများ၏ ခံစားချက်နှင့် ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ခြင်းမရှိသည့်အပြင် သမိုင်းကိုလည်း နားလည်တန်ဖိုးမထားကြောင်း ဒေသခံ ကရင်နီတိုင်းရင်းသားအချို့က ဆိုသည်။

■ **R-15**





# နာဂရိုးရာ နှစ်သစ်ကူးပွဲတော်

ငြိမ်းသူမင်း

**လဟယ်** မြို့အရှေ့ဘက်ရှိ တောင်တန်းများကြားမှ တိုးထွက်လာသည့် နေရောင်ခြည်သည် နာဂရိုးရာ နှစ်သစ်ကူးပွဲကျင်းပရာ လဟယ် မြို့နယ် ဘောလုံးကွင်းသို့ ဖြာကျလျက်ရှိသည်။ နံနက်ခင်းက ထူထပ်စွာကျဆင်းနေသည့် နှင်းထုတို့သည်လည်း တဖြည်းဖြည်း လွင့်စဉ် ကွယ်ပျောက်သွားပြီ ဖြစ်သည်။

နေရောင်ခြည်အောက် နာဂရိုးရာနှစ်သစ်ကူးပွဲ ကျင်းပရာ ကွင်းအတွင်း လေရှီးမြို့၊ လဟယ်မြို့နှင့် နန်းယွန်းမြို့နယ်များမှ နာဂတိုင်းရင်းသားများက တော့ အရောင်အသွေးစုံလင်လှ၏။

နာဂရိုးရာ နှစ်သစ်ကူးပွဲကို ယခင်က ကျေးရွာ အလိုက်သာ ကျင်းပခဲ့ရာမှ ၁၉၅၇ ခုနှစ်မှ စတင်ကာ မြို့နယ် အဆင့် ကျင်းပခဲ့သည်။ ၁၉၉၀ ခုနှစ် ရောက်သည့် အခါ မြို့နယ်ပေါင်းစုံမှ နာဂမျိုးနွယ်စု အကြီးအကဲများ ညှိနှိုင်းပြီး အရပ်ဒေသတိုင်းတွင် တစ်ရွာတစ်ရပ်အစား နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလ ၁၅ ရက်နေ့ ရောက်တိုင်း နာဂပွဲတော်အဖြစ် သတ်မှတ်ကာ စည်ကားသိုက်မြိုက် စွာ ကျင်းပခဲ့ကြခြင်းဖြစ်သည်။



ဓာတ်ပုံ- ငြိမ်းသူမင်း

နာဂရိုးရာ နှစ်သစ်ကူးပွဲ ကျင်းပရာတွင် မိရိုးဖလာ တောင်ယာလုပ်ငန်းခွင်နှင့် လယ်ယာလုပ်ငန်းခွင် များမှ ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးနောက် နောင်နှစ်တွင် ပြုလုပ်ရသည့် တောင်ယာလုပ်ငန်းမတိုင်မီ ကြားတွင် ပွဲတော်ကို ကျင်းပကြခြင်းဖြစ်သည်။

ယင်းနေ့သည် နာဂတိုင်းရင်းသားတို့၏ အထွတ် အမြတ်ထားရာ နေ့တစ်နေ့ဖြစ်သည်။ ယင်းပွဲတော် နေ့တွင် နာဂတိုင်းရင်းသားတို့၏ တစ်နှစ်ပတ်လုံး လုပ်ငန်းဆောင်တာများတွင် ကြုံတွေ့ကြရသည့် အတွေ့ အကြုံများကို ဖလှယ်ကြခြင်း၊ နှစ်သစ်တွင် လုပ်ကိုင်မည့် လုပ်ငန်းဆောင်တာများကို တိုင်ပင်ဆွေးနွေးကြခြင်း များ ပြုလုပ်ကြသည်။ အရောင်းအဝယ်များမှ ပေးရန် နှင့် ရရန် ကြွေးမြီများကိုလည်း ရှင်းလင်းကြသည်။

လာမည့်နှစ်တွင် ကောက်ပဲသီးနှံပေါများပါစေကြောင်း နှင့် ရာသီဥတုကောင်းမွန်စေကြောင်း၊ အဖျားအနာ ကင်းဝေးပြီး ကောက်ပဲသီးနှံများ ပေါများပါစေကြောင်း၊ ရာသီဥတုကောင်းမွန်ပါစေကြောင်းနှင့် အဖျားအနာ ကင်းဝေးပြီး ချမ်းသာသုခ ရှိပါစေကြောင်း ဆုတောင်း ကြသည့် ပွဲတော်လည်းဖြစ်သည်။

"ပွဲတော်ရဲ့ အနှစ်သာရကတော့ ကျွန်တော် တို့ရဲ့စည်းလုံးညီညွတ်မှု အင်အားကို ဦးတည်ပြီးတော့ ကျင်းပကြတာဖြစ်တယ်"ဟု လေရှီးမြို့နယ် တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်၊ နာဂ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့်ဦးကာစီရန်း က ပြောသည်။



ဓာတ်ပုံ- ငြိမ်းသူမင်း

နာဂလူမျိုးများသည် မြန်မာနိုင်ငံ အနောက် မြောက်ဘက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံရှိ နာဂ တောင်တန်းတွင် နေထိုင်ကြသူများဖြစ်သည်။ နာဂလူမျိုး သည် တစ်မျိုးတည်းဖြစ်သော်လည်း အမျိုးစုပေါင်း များစွာကွဲပြားလျက်ရှိသည့်အပြင် ၎င်းတို့နေထိုင်ရာ ဒေသပေါ်မူတည်ပြီး စကားနှင့် ဓလေ့ထုံးစံများ အနည်း ငယ်စီကွဲလွဲကြသည်။ နာဂလူဦးရေအနေဖြင့် စုစုပေါင်း နှစ်သန်းခန့်ရှိပြီး ၁ ဒသမ ၈၅ သန်းသည် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၊ အာသံပြည်နယ်နှင့်အရုနချယ်ပရာဒက် ပြည်နယ်များတွင် နေထိုင်ပြီး မြန်မာနိုင်ငံတွင် တစ်သိန်းခွဲခန့် နေထိုင်ကြသည်။

မြန်မာနိုင်ငံဘက်ခြမ်း နာဂတောင်တန်းပေါ် တွင် နေထိုင်ကြသည့် နာဂမျိုးနွယ်စုများအနက် ထင်ရှား သည့် မျိုးနွယ်စုများမှာ နောက်ကော်နာဂ၊ တန်ခူးနာဂ၊ ပါရာနာဂ၊ ခေါင်ဆိုင်နာဂ၊ ရာရာနာဂ၊ ရာစာနာဂ၊ မက်ဝဲယားနာဂများ ဖြစ်ကြသည်။ နာဂလူမျိုးစုအနေ ဖြင့် လူမျိုးစုကြီး လေးမျိုးရှိပြီး နာဂမျိုးနွယ်စုပေါင်း ၆၄ မျိုးရှိသည်။ မူလနာဂလူမျိုးစုကြီး လေးမျိုးမှာ ကွမ္မရာ နာဂ၊ ထင်နာဂ၊ စန်းနာဂနှင့် ဟဲမြေနာဂတို့ ဖြစ်သည်။

လေရှီးမြို့နယ်တွင် တန်ကွန်နာဂ၊ မကူရီနာဂ၊ ပါရာနာဂမျိုးနွယ်စုများ နေထိုင်ပြီး လဟယ်မြို့နယ် တွင် လိုင်းနောင်နာဂ၊ မကျန်နာဂ၊ ကျန်း/ကား နာဂ၊ နောက်အော်နာဂ၊ ဂုဏ်ဝပ်/မာနောက်နာဂ၊ ဟိုင်းမြေ နာဂမျိုးနွယ်စုများနှင့် နန်းယွန်းမြို့နယ်တွင် နန်းယွန်း မြို့နယ်တွင်မူ ဟိုင်းမြေနာဂမျိုးနွယ်စုများ အများဆုံး နေထိုင်ကြသည်။

နာဂလူမျိုးများ ကိုင်ဆောင်သော လက်နက် မှာ လှံ၊ တုတ်ရှည်ထိပ်တွင် ဓားမတိုသဖွယ် တပ်ထား သောအရာနှင့် လေးမြားတို့ ဖြစ်သည်။ လှံတံ၌ မုတ်ဆိတ်မွေးများကို အရောင်စုံဆေးဆိုး၍ တပ်ထား ကြသည်။ လှံသွားတွင် အဆိပ်လူးလေ့ရှိပြီး ပေ ၄၀ အကွာအဝေးထိ ပစ်မှတ်ကို တည့်အောင် ပစ်နိုင် သည်။ နာဂအမျိုးသမီးများသည် အားလပ်ချိန်တွင် ရက်ကန်းရက်လုပ်တတ်ကြသည်။ နာဂတို့တွင် ရိုးရာအကများ ရှိပြီး လှံအက၊ ဓားအက နှင့် စစ်ရေးပြ အကများ ဖြစ်ကြပြီး နှစ်သစ်ကူးပွဲတော်များတွင် ထည့်သွင်းကပြကြသည်။

နာဂတိုင်းရင်းသားတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက် လာရေးမှာ တိုက်တာအဆောက်အအုံများ မဟုတ်၊ အဆင့်မြင့်စိုက်ပျိုးနည်းစနစ်များမဟုတ်၊ စီးပွားရေး လုပ်ငန်းများ ထူထောင်ရန် ချေးငွေများ လိုအပ်နေ ခြင်းမဟုတ်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာရန်မဟုတ် သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် လာရန်ဖြစ်သည်။

"အောက်ပြည်အောက်ရွာလိုလေ ကွန်ကရစ် လမ်းတွေ၊ ကတ္တရာလမ်းတွေ ကောင်းစေချင်တယ် ကျွန်တော်တို့က။ အောက်ပြည်အောက်ရွာလို လူနေမှု အဆင့်အတန်း မြင့်မားအောင်လေ ကားလမ်းတွေ ကောင်းစေချင်တယ်။ နာဂလူမျိုးတွေက လမ်းပန်း ဆက်သွယ်ရေး တအားခက်ခဲတဲ့ အခါကျတော့ သွားလာရတာ ခက်ခဲတယ်။ ကျန်းမာရေးလည်း ခက်ခဲတာပေါ့လေ။ အဲ့ဒါကြောင့် လိုချင်တာ" ဟု လေရှီးမြို့နယ် မယလုံကျေးရွာမှ တန်ကွန်လူမျိုး ဦးကသစ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အသစ် တက်လာပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ပထမအကြိမ် နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်၌ စင်မြင့်ထက်တွင် နာဂဒေသ မဖွံ့ဖြိုး မတိုး တက်ဘဲ စစ်ကိုင်းတိုင်း တိုးတက်နေပြီဟု ပြောလို့မရ ဟူ၍ ပြောဆိုခဲ့သည်။ ယင်းအပြင် ဝန်ကြီးချုပ်က ချမ်းသာချင်လျှင် လမ်းဖောက် ဟူသော တရုတ်စာဆို အတိုင်း စစ်ကိုင်းတိုင်းအနေနှင့် မူဝါဒချမှတ်၍ လမ်းများကို အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေ ကြောင်း ပြောဆိုမှုများ ရှိခဲ့သည်။

သို့သော် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ အဓိကမြို့များဖြစ်သော လဟယ်မြို့နှင့် နန်းယွန်းမြို့ ဆက်သွယ်သည့် ကားလမ်းမှာ ၂၀၂၀ ရောက်သည်အထိ ရာသီမရွေးကားများ သွား၍ မရသေး။ လဟယ်မြို့နှင့် လေရှီးမြို့တိုက်ရိုက် ဆက်သွယ် သွားလာ၍ရသည့် ကားလမ်း မရှိသေးသဖြင့် ဌာနေ တိုင်းရင်းသားတို့၏ ၂၀၁၇ ခုနှစ်မှ စတင်ရေတွက်လျှင် လေးနှစ်အကြာ ၂၀၂၀ အထိ ဖွံ့ဖြိုးတိုးတက်လာပြီ လားဟု စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် လက်ရှိ နာဂဒေသအခြေအနေကို ပကတိအမှန် အတိုင်း မိမိတို့ကိုယ်တိုင် မေးခွန်းပြန်ထုတ်သင့်နေပြီ ဖြစ်သည်။

■

ငြိမ်းသူမင်း

မျက်နှာဖုံး - စီအိုင်ဒီရဲတပ်ဖွဲ့မှူး အပါအဝင် ရဲအရာရှိသုံးဦးကို မှ အဆက်

သုံးသပ်ပြောကြားသည်။

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နေ့က နေပြည်တော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မှုခင်းရဲတပ်ဖွဲ့ မှူး ရဲမှူးချုပ် စိုးနိုင်ဦး၊ မှုခင်းညွှန်ကြား ရေးမှူး ရဲမှူးကြီးမင်းဟန်၊ မှုခင်းရဲတပ်ဖွဲ့ ဌာနမှူး ရဲမှူးကြီးသာဒွန်းတို့၏ ပြောကြား ချက်များသည် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၉၆(ဃ)တွင် တားမြစ်ပိတ်ပင်ထားသည့် အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်း ယင်း တင်ပြတောင်းခံစာတွင် ဖော်ပြထားသည်။

"တရားရုံးရှေ့မှာ ပေါ်ပေါက်ချက် အရတော့ စီစီတီဗီမှတ်တမ်းတွေ အစား ထိုးထားတယ်ဆိုတာ ကျမ်းကျိန်သူတွေရဲ့ ထွက်ဆိုချက်အရ ပေါ်ပေါက်တယ်။ အဲဒါ ကတော့ ဘယ်သူ့မှာတာဝန်ရှိသလဲဆိုတာ စိစစ်မှုတော့ လုပ်ရမှာပေါ့။ စွဲနိုင်တဲ့ဥပဒေ တွေလည်း အများကြီးရှိတာပေါ့။ တစ်ခု ကတော့ ကလေးသူငယ်အခွင့်အရေးဆိုင် ရာ ဥပဒေ ပုဒ်မ ၁၀၁(က/၂)၊ ဗစ်တိုရီးယား ရဲ့အမည်ကို ဖော်ပြခဲ့အတွက် တရားစွဲဆို နိုင်တာပေါ့။ ရာဇသတ်ကြီး ပုဒ်မ ၂၁၈ အရ တစ်ဦးတစ်ယောက်ကို ရာဇဝတ်ပြစ်ဒဏ် ခံရခြင်းမှာ လွတ်ကင်းသွားအောင် မမှန် မကန်ပြုမူ ဆောင်ရွက်တယ်ဆိုရင်လည်း တရားစွဲလို့ရပါတယ်"ဟု ရဲတပ်ဖွဲ့ဝင်များ ၏ ဆောင်ရွက်ချက်အပေါ် ဥပဒေပညာရှင် ဦးခင်မောင်မြင့်က သုံးသပ်ပြောကြား သည်။

မြန်မာနိုင်ငံ လွတ်လပ်သောရှေ့နေ များအသင်း၏ နိုင်ငံတော်သမ္မတထံ တင်ပြ တောင်းခံစာတွင် ရဲတပ်ဖွဲ့၏ 'ရဲဇာနည်' လူမှုကွန်ရက်မှ ဗစ်တိုရီးယားမိသားစု၏ ကိုယ်ရေးအချက်အလက်များ၊ အမှုနှင့်ပတ် သက်သည့်စာရွက်စာတမ်းများ တိုက်ရိုက် ထုတ်လွှင့်ဖော်ပြမှုသည် ဥပဒေကို ထိန်း သိမ်းကာကွယ် စောင့်ရှောက်ရသူများဖြစ် သည့် အဆင့်မြင့် ရဲအရာရှိကြီးများက ထင်ထင်ရှားရှား ချိုးဖောက်သဖြင့် လွန်စွာ ဝမ်းနည်းဖွယ်ဖြစ်ပြီး လက်ခံနိုင်ဖွယ် လုံးဝ မရှိကြောင်း၊ ဥပဒေအထက်တွင် မည်သူမျှ မရှိဟု သက်သေပြရမည့်အချိန်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ မှုခင်းရဲတပ်ဖွဲ့ (CID) ရဲတပ်ဖွဲ့ မှူး ရဲမှူးချုပ်စိုးနိုင်ဦး၊ မှုခင်းညွှန်ကြားရေး မှူး ရဲမှူးကြီးမင်းဟန်၊ မှုခင်း ရဲတပ်ဖွဲ့ဌာန မှူး ရဲမှူးကြီးသာဒွန်းတို့နှင့် ရဲဇာနည် (Page)တာဝန်ခံ စီစဉ်သူတို့အပေါ် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေအရလည်းကောင်း၊ အခြား သင့်လျော်ရာ ရာဇဝတ်ဥပဒေ တစ်ရပ်ရပ် အရလည်းကောင်း တရားစွဲဆို အရေးယူ ဆောင်ရွက်ခွင့်ပြုပါရန်ဟု ဖော်ပြပါရှိသည်။

နိုင်ငံတော်သမ္မတထံ တင်ပြတောင်း ဆိုထားသည့် ရှေ့နေများအသင်းသည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင် ဆန်းစုကြည်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဘဝက အပြည်ပြည်ဆိုင်ရာ ရှေ့နေများအဖွဲ့ ချုပ် (IBA) နှင့်အတူ ဦးဆောင်ဖွဲ့စည်းခဲ့ သောအသင်းကြီးဖြစ်ပြီး တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းကာကွယ်ရန်၊ တရား စီရင်ရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက် ရာတွင် အားသွန်ခွန်စိုက် ပါဝင်ရန်ဖြစ်ပြီး ၂၁ ရာစု ပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင်လည်း တက်ကြွစွာပါဝင်ဆောင် ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။

■

ဇော်မိုးလွင်

## E D I T O R I A L

# အမြင်မှန်၊ အတွေးမှန်မှ လုပ်ရပ်မှန်ပါမည်

မြန်မာနိုင်ငံ ယနေ့ကြုံတွေ့နေရသော ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များထဲက စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပါဝင်ပတ်သက်နေသူများ အနေနှင့် လက်ရှိတိုင်းပြည်ကျင့်သုံးနေသောစနစ်နှင့်စပ်လျဉ်း၍ အမြင်မှန်ရှိရန် အထူးအရေးကြီးလှပေသည်။

တစ်နည်းအားဖြင့် မိမိအစိုးရ၊ မိမိတိုင်းပြည်က ကျင့်သုံးနေသောစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အတွေးအမြင်မျိုးဖြင့် လက်ရှိပြဿနာများကို ဖြေရှင်းနေမိပါက မြန်မာတို့မျှော်မှန်းနေသည့် နိုင်ငံဖွံ့ဖြိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတို့ဖြင့် ဖန်တီးတည်ဆောက်မည့် ရွှေပြည်တော်မှာ ဝေးနေဦးမည်သာပင်။

ဒီမိုကရေစီခေတ်ကာလဖြစ်၍ တစ်ဦးတစ်ယောက်ချင်းစီ လူမှုကွန်ရက်ပို့စ်များတွင် လွတ်လပ်စွာ ရေးသားဖော်ပြမှုမှအစ ဆွေးနွေးပွဲကြီးများ၊ ဖိုရမ်ကြီးများ ပြုလုပ်၍ ငြင်းခုံနိုင်ခွင့်ရှိလာသည်မှာ အားရကျေနပ်စရာဖြစ်သော်လည်း ယခင် ခေတ်ကာလများက အတွေးအခေါ်၊ အယူအဆနှင့် အမြင်များ မဖယ်ရှားနိုင်သေး သရွေ့ အသွင်ကူးပြောင်းရေးမှာ ခက်ခဲနေမည်သာပင်ဖြစ်သည်။

ပြည်သူ့ခေတ်ဟူသည် လုပ်ချင်တာလုပ်၍ရသော၊ ဆဲချင်တိုင်းဆဲ၍ရသော၊ ကျယ်လောင်ကျယ်လောင်လုပ်၍ရသော ခေတ်ဟုထင်မှတ်မိပါက အမှားကြီးမှား မည်သာဖြစ်ပေသည်။ ဒီမိုကရေစီစနစ်နှင့် ထိတွေ့ဖူးခြင်းမရှိသောကြောင့်ဟု ဆင်ခြေပေးနိုင်သော်လည်း လုပ်ချင်တာလုပ်ခွင့်ရမှုဟူသည် မည်သို့သော နိုင်ငံ၊ မည်သို့သော လူ့အဖွဲ့အစည်းကိုမှ အကျိုးမပြုနိုင်သည်ကို သတိချပ်သင့်ပေသည်။

ပါဝါကြီးသူနှင့် ပါဝါသေးသူ ထိပ်တိုက်ပဋိပက္ခဖြစ်လျှင်သော်လည်းကောင်း၊ လူနည်းစုနှင့် လူများစု ပြဿနာတက်လျှင်သော်လည်းကောင်း နည်းသူ(နိမ့်သူ) ဘက်က ရပ်တည်ရမည်ဆိုသော အတွေးအမြင်မျိုးကို ဒီမိုကရေစီ၏ အနှစ်သာရ သဖွယ်ထင်မှတ်လာကြသည်မှာ ကြောက်စရာအလွန်ကောင်းပေသည်။

ပါဝါနည်းသူဘက်က မှားနေလျှင်လည်း အနိုင်ပေးရမည်ဟူသည့် သဘောကို ဆောင်သည့် အဆိုပါအတွေးအမြင်မျိုးသည် လူ့အဖွဲ့အစည်းမှန်သမျှကို ဖျက်ဆီးမည် သာပင်ဖြစ်ပေသည်။ အမှန်တကယ်တွင် မှန်ကန်မှုဘက်က ရပ်တည်ခြင်းသည်သာ ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပေသည်။

စစ်ဗိုလ်နှင့် ဆွေမျိုးရင်းချာဖြစ်တိုင်း ခရိုနီမဖြစ်နိုင်သလို နိုင်ငံရေးတွင် စစ်တပ်ပါဝင်ပတ်သက်မှုကို ဆန့်ကျင်ပြတိုင်း အဂတိကင်းစင်သည့် နိုင်ငံရေး သမားမဖြစ်နိုင်ဆိုသော ဆင်ခြင်ဉာဏ်ကဲသည့် အမြင်မျိုးရှိရန် အရေးကြီးပေသည်။

အထူးသတိထားသင့်သည်မှာ မြန်မာ့လူ့အဖွဲ့အစည်းတွင် မှားခြင်း၊ မှန်ခြင်းကို ပါဝင်သောအုပ်စု (လူပုဂ္ဂိုလ်စွဲ) ဖြင့် အကဲဖြတ်သည့် အတွေးအခေါ်နှင့် အကျင့် စရိုက် နက်နက်ရှိုင်းရှိုင်းရှိထားသည်ဖြစ်ရာ ပန်းတိုင်ကိုဦးဆောင်သွားနေသူများက မျက်မှောက်ခေတ်ကာလနှင့် ကိုက်ညီစွာ အမှန်အတိုင်း မြင်နိုင်၊ တွေးခေါ် နိုင်ပါမှ လိုရာခရီးရောက်မည်ဖြစ်ကြောင်း မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။

**အယ်ဒီတာ ( ၁၄ - ၁ - ၂၀၂၀ )**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# အဝေးသင်ကျောင်းသားများ အွန်လိုင်းမှတစ်ဆင့် ကျောင်းအပ်ခြင်းနှင့် စာစဉ်တင်ခြင်း ရှေ့ပြေးစီမံကိန်းစတင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အဝေးသင်တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများ ကျောင်းအပ်ရ လွယ်ကူစေရန်နှင့် စာစဉ်များအွန်လိုင်းမှတင်နိုင်စေရန် ရှေ့ပြေးစီမံကိန်းအနေနှင့် ဆောင်ရွက်နေပြီး တစ်နိုင်ငံလုံးရှိတက္ကသိုလ်များတွင်ပါ ပြုလုပ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာနမှ သိရသည်။

တစ်နိုင်ငံလုံးရှိ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များတွင် ကျောင်းအပ်ခြင်းကိစ္စများကို လူကိုယ်တိုင်လာရောက်စရာမလိုဘဲ အွန်လိုင်းမှ ကျောင်းအပ်ကာ ငွေသွင်းခြင်းများကို အကောင်အထည်ဖော်နေပြီး အဝေးသင် သင်တန်းများကိုလည်း အွန်လိုင်းမှကျောင်းအပ်ခြင်း၊ စာစဉ်တင်ခြင်းများကို စမ်းသပ်ဆောင်ရွက်ပြီး တစ်နိုင်ငံလုံးရှိ အဝေးသင်သင်တန်းများအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဌာနမှသိရသည်။

"လက်ရှိ ကျောင်းတွေမှာ ငွေသွင်းတာတွေကို e-Payment နဲ့စပြီးဆောင်ရွက်နေတယ်။ တချို့ကျောင်းတွေကတော့ အဝေးသင်ရော၊ Day ရော နှစ်မျိုးလုံးအတွက် e-Payment နဲ့လုပ်ပေးနေတယ်။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှာ အွန်လိုင်းကနေ စာစဉ်တင်၊ စာစဉ်ထုတ်ဖို့အတွက် Pilot အနေနဲ့စပြီးလုပ်နေတယ်။ နှစ်ခုလုံး e-Payment နဲ့လုပ်နေတဲ့ကျောင်းတွေက ပြည်တက္ကသိုလ်နဲ့ ပဲခူးတက္ကသိုလ်ပါ"ဟု အဆင့်မြင့်ပညာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောကြားသည်။

အင်တာနက်လိုင်းရရှိမှု အခြေအနေနှင့် ဘဏ်များနှင့်ချိတ်ဆက်နိုင်မှုများအပေါ်မူတည်ကာ e-Payment စနစ်ကို တက္ကသိုလ် ဒီဂရီကောလိပ် ၆၀ ကျော်တွင် ဆောင်ရွက်နေပြီဖြစ်ကြောင်း ၎င်းစနစ်ကြောင့် ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းအပ်ငွေသွင်းခြင်းများကို ကျောင်းသို့လာရောက်စရာမလိုတော့ပဲ မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ဆောင်ရွက်နေနိုင်ပြီဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဒီဂရီကောလိပ် ၁၅၀ ကျော်ရှိသည်။ ■ **အောင်သက်ကို**

# ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းဖွင့်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်၊ ခရိုင်အဆင့် ကော်မရှင်အဖွဲ့ဝင်များကို ဖေဖော်ဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တွင် သင်တန်းပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"ရွေးကောက်ပွဲအတွက် စွမ်းရည်မြှင့်သင်တန်းပါ။ ရွေးကောက်ပွဲကော်မရှင်တွေကို လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာ နိုင်နင်းစွာ စီမံကြီးကြပ်ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ သင်ပေးလိုက်တဲ့နည်းပြတွေကနေ မြို့နယ်၊ ခရိုင်အလိုက် သင်တန်းတွေ ဆင့်ပွားဖွင့်တာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်မောင်အေးက ရှင်းပြသည်။

ယင်းဆင့်ပွားသင်တန်းများကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ခန်းမတွင် ဖေဖော်ဝါရီလ ၃ ရက်မှ ၄ ရက်နေ့အထိလည်းကောင်း၊ ထောက်ကြန့်မြို့ သပြေညိုခန်းမတွင် ဖေဖော်ဝါရီလ ၆ ရက်မှ ၇ ရက်နေ့အထိလည်းကောင်း၊ အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်၊ အမှတ် ၁၄ ရပ်ကွက်၊ ရန်ကင်းသာသနာ့ဗိမာန်ခန်းမတွင် ဖေဖော်ဝါရီလ ၃ ရက်မှ ၄ ရက်နှင့် ဖေဖော်ဝါရီလ ၇ ရက်မှ ၈ ရက်နေ့အထိလည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်တွင် ဒလမြို့နယ်၊ သီရိဇေယျအနော်ရထာခန်းမတွင် ဖေဖော်ဝါရီလ ၃ ရက်နှင့်၄ ရက်၊ သန်လျင်မြို့နယ်၊ မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန်တွင် ၆ ရက်မှ ၇ ရက်နေ့နှင့် ကိုကိုးကျွန်းမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၄ ရက်နေ့အထိလည်းကောင်း၊ အနောက်ပိုင်းခရိုင်တွင် အလုံမြို့နယ် နှင်းဆီခန်းမ၌ ဖေဖော်ဝါရီလ ၅ ရက်မှ ၆ ရက်နှင့်စမ်းချောင်းမြို့နယ်အထက ၂တွင် ဖေဖော်ဝါရီလ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင်လည်းကောင်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"နောက်ပိုင်းလည်း သင်တန်းတွေက တောက်လျှောက်ရှိလာမှာပါ။ မြို့နယ်ခရိုင်အဆင့်သင်တန်းပြီးသွားရင် ရပ်/ကျေးသင်တန်းတွေ ရှိလာမယ်။ မဲရုံးမှူး၊ မဲရုံအဖွဲ့ဝင်သင်တန်းတွေရှိလာမယ်။ ဒါက ရွေးကောက်ပွဲကာလ ဖြစ်နေတာကိုး" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်မောင်အေးက ပြောကြားသည်။ ■ **ဇော်မိုးလွင်**

The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in Charge** - Aung Soe. **Legal Advisors** - U Hla Sein (Advocate), U Khin Maung Myint
**Executive Editor** - Aung Kyaw Soe.
**Senior Editors** - Kyaw Swar Soe, Zayya Sopyay.
**Editors**- Min Htet San. Nay Zar Kyaw. **Foreign Desk** - Thant Zin Soe
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han.
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah.
**Senior Reporters** - Aung Htet , Khaing Soe Lin , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint.
**Reporters** - Pyae Phyo Myint Mon, Kyaw Phyo, Khin Aung Tun.
**Mandalay Reporters** - Ye Win Naing.
**Regional Reporters** - Zay Yar Ko, Yan Naing, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Min Min Aung, Ma Ma, Khin May San, Nay Naing, Lwin Aye.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung,
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website -** www.thevoicemyanmar.com,
**Office** - No. 38, Second Floor, Moe Kaung Road, Yankin Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 403960007 **(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

# မိတ္ထီလာတွင် အခွန်ကောက်ခံရရှိမှု လျာထားချက်ထက် ကျော်လွန်

**မိတ္ထီလာ၊ ဇန်နဝါရီ ၁၄**

မိတ္ထီလာမြို့နယ်တွင် ၂၀၁၉ စည်းကြပ်နှစ်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများထံမှ အခွန်ကောက်ခံရာတွင် ကျပ်ငွေသန်းပေါင်း ၃၉၂၀ သန်းခန့် ကောက်ခံရရှိခဲ့ပြီး မူလလျာထားချက်ထက် ၁၅ ရာခိုင်နှုန်း ပိုမိုကောက်ခံရရှိကြောင်း မိတ္ထီလာမြို့နယ်အခွန်ဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူ ကောက်ခံပေးရသည့် အခွန်ခြောက်မျိုးရှိရာတွင် ၂၀၁၉ စည်းကြပ်နှစ်အတွက် မိတ္ထီလာမြို့နယ်မှ အများဆုံးကောက်ခံရရှိသော အခွန်အမျိုးအစားမှာ ကုန်သွယ်လုပ်ငန်းခွန်/ မြန်မာနိုင်ငံအောင်ဘာလေ သိန်းဆုခွန်နှင့် ဝင်ငွေခွန်များဖြစ်ကြောင်း၊ မူလလျာထားချက်မှာ ကျပ်ငွေ ၃၄၁၁ သန်းဖြစ်ကြောင်း မိတ္ထီလာမြို့နယ် အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့ အခွင့်အလမ်းသစ်တွေကို တိုးချဲ့တယ်။ အခွန်ကြွေးတွေကို ဝန်ထမ်းတွေက ကွင်းဆင်းကောက်ခံတယ်။ အဲဒီလုပ်ငန်းတွေကနေရတယ်။ စားသောက်ဆိုင်/ဟိုတယ်/ တည်းခိုခန်းတွေမှာ ပြေစာအမှတ်တံဆိပ် လိုက်နာခြင်းမရှိရင် ဒဏ်ရိုက်ပါတယ်။ ဒါကြောင့် လုပ်ငန်းကုန်သွယ်ခွန် ပိုမိုကောက်ခံရရှိတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မိတ္ထီလာမြို့နယ်တွင် ယခုလာမည့် ၂၀၁၉-၂၀၂၀ စည်းကြပ်နှစ်တွင်လည်း ကျပ်ငွေ ၄၄၀၈ သန်းခန့်ကောက်ခံရရှိနိုင်ရန်လျာထားချက်ရှိကြောင်း အခွန်ဦးစီးအရာရှိက ရှင်းပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ အခွန်အကောက်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေ အမှတ် ၃၀ ဖြင့် ၂၀၁၉ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ (၃၈၉) တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်ဟု ဖော်ပြပါရှိသည်။ ■

**R-01**

# လူကုန်ကူး ဥပဒေကို ခေတ်အခြေအနေနှင့် ကိုက်ညီရန် ပြန်လည်ပြင်ဆင်နေဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုလက်ရှိအခြေအနေများနှင့် ကိုက်ညီအောင် ပြန်လည်ပြုပြင်ရေးဆွဲနေကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ပြောကြားသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင်ပြုလုပ်သည့် World Vision (မြန်မာ)နှင့် နည်းပညာအကူအညီပေးသော IJM (Thailand) တို့ ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှုနှင့်သက်ဆိုင်သော ထိုင်းနိုင်ငံ၏ တရားစွဲဆိုရေးနှင့် ဖြစ်ရပ်စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်ဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းတွင် ယင်းကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းတွင် ကျင့်သုံးနေသည့် လူကုန်တားဥပဒေသည် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ နိုင်ငံတကာတွင် ကျင့်သုံးနေသည့်စံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလက်ရှိအခြေအနေများနှင့်ကိုက်ညီအောင်ပြန်လည်ပြုပြင်ရေးဆွဲနေပြီဖြစ်ပြီး နည်းဥပဒေကိုလည်း တစ်ပါတည်းရေးဆွဲနေပြီဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ပြောကြားသည်။

ထို့ပြင် လူကုန်ကူးမှုပြဿနာသည် ၁၉၉၀ပြည့်နှစ် နောက်ပိုင်းကာလများတွင် ခေတ်သစ်ကျေးကျွန်တစ်ခုအဖြစ် ကြီးထွားလာပြီး လုပ်အားခေါင်းပုံဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း၊ အဓမ္မလက်ထပ်စေခြင်း၊ တောင်းရမ်းစေခြင်း၊ ကလေးသူငယ်များကို မွေးစားခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ ထုတ်ယူစေခြင်းစသည့် လူကုန်ကူးမှုများ လုပ်ဆောင်နေသည်ကိုတွေ့ရှိရကြောင်း ၎င်းကဆိုသည်။

လူကုန်ကူးမှုများတွင် လူကုန်ကူးခံရသူများသည် အဓိက သက်သေဖြစ်သည့်အတွက် လူကုန်ကူးခံရသူများ ကိုယ်တိုင်တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် လိုလိုလားလားပူးပေါင်းပါဝင်ရန်လိုကြောင်း ၎င်းက ဆိုသည်။

"မြန်မာနိုင်ငံဟာ အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုဆိုင်ရာစာချွန်လွှာ (MoU) ကို ၂၀၀၉ ခုနှစ်မှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီနားလည်မှုစာချွန်လွှာအရ အခုလက်ရှိအခြေအနေများနဲ့ ကိုက်ညီမှုရှိစေရန် ပြန်လည်ပြင်ဆင်ပြီးဖြစ်သလို မကြာခင်ကာလအတွင်း နှစ်နိုင်ငံအတည်ပြုလက်မှတ် ရေးထိုးသွားမှာဖြစ်ပါတယ်။ အဲဒီနားလည်မှုစာချွန်လွှာအရ မြန်မာနဲ့ထိုင်းနှစ်နိုင်ငံဟာ Prevention၊ Protection Prosecution စတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ထို့ပြင် World Vision (မြန်မာ) မှ မန်နေဂျာ မခင်မျိုးသန့်ကလည်း "ဂေဟာမှာနေရတာ အဆင်မပြေရင် ဂေဟာကသူတွေ၊ တာဝန်ရှိသူတွေနဲ့လည်း ဆက်ဆံရေးတွေက အဆင်မပြေတာတွေဖြစ်တော့ကပေါက်တိကပေါက်ချာတွေဖြစ်ပြီး ပြဿနာတွေက အမြဲတမ်းဖြေရှင်းနေရတယ်။ ဒီတစ်သုတ် ပြန်ခေါ်ပြီးသွားတယ်၊ နောက်ထပ်တစ်သုတ်ရောက်လာရင်လည်း ဒီပြဿနာပဲ၊ လူသာပြောင်းသွားတယ် ပြဿနာက မပြောင်းဘူး။ အဲဒါကြောင့် ကျွန်မတို့ စဉ်းစားတယ်။ ဘာ့ကြောင့်လဲ၊ ဘာ့ကြောင့် ဒီလိုဖြစ်နေတာလဲ၊ သူတို့ရဲ့အဓိက အခက်အခဲကဘာလဲ စဉ်းစားတဲ့အခါမှာ တရားစီရင်ရေးဘယ်တော့ပြီးမှာလဲ၊ ဒီတရားစီရင်ရေးကို မလိုက်ချင်တော့ဘူး၊ ဒီလိုမျိုးတွေဖြစ်လာတယ်။ အဲဒါကြောင့် ကျွန်မတို့ IOM နဲ့ IJM က ဝန်ထမ်းတွေကို သင်တန်းပေးခြင်း ဖြစ်တယ်" ဟု ပြောကြားသည်။

ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ လူကုန်ကူးခံရသူများကို လက်ခံစောင့်ရှောက်ထားသည့်ဂေဟာများကို မြန်မာနိုင်ငံမှ လူမှုဝန်ထမ်းသမား (Social Worker) များကို ပုံမှန်စေလွှတ်ပြီး နှစ်နိုင်ငံ Social Worker များအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ■

**မင်းသုခိုင်**

# ဆန်ကွဲတရားဝင်တင်ပို့ရေးဆိုင်ရာစာချုပ် တရုတ်နှင့်ညှိနှိုင်းမှု အောင်မြင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံသို့ ဆန်ကွဲတရားဝင်တင်ပို့နိုင်ရန်အတွက် မြန်မာ-တရုတ် နှစ်နိုင်ငံချုပ်ဆိုမည့်စာချုပ်ကို ညှိနှိုင်းပြီးစီးပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

ဆန်ကွဲကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် (ကိုတာ) ပမာဏကန့်သတ်ချက်မရှိသောကြောင့် လွတ်လပ်စွာ တင်ပို့နိုင်သော်လည်း သတ်မှတ်ထားသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များနှင့်အတူ မှတ်ပုံတင်ထားပြီး နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုထားမှသာ တင်ပို့မှုကို တရားဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"မကြာခင်တော့ လက်မှတ်ထိုးဖြစ်တော့မှာပါ။ နှစ်ဖက်ကညှိပြီးပြီ။ သဘောတူစာချုပ်မှာပါမယ့်၊ MoU မှာပါမယ့် အသေးစိတ်အချက်အလက်တွေကတော့ ညှိလို့ပြီးသွားပြီ။ သဘောတူညီချက်လည်း ရပြီးပြီ။ လက်မှတ်ထိုးဖို့ပဲ ကျန်တော့တာ" ဟု ၎င်းကဆိုသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလက နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် ဆန်တင်ပို့မှုအတွက်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်တွင် ဆန်ကွဲကိုထပ်မံဖြည့်စွက်၍ လက်မှတ်ရေးထိုးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

နှစ်နိုင်ငံလက်မှတ်ရေးထိုးပြီးပါက ဆန်ကွဲကို တရားဝင်စတင်တင်ပို့နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆန်ကွဲတင်ပို့မှုသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံကို အများဆုံးတင်ပို့ခဲ့သော်လည်း ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှ စတင်ပြီး ဘယ်လ်ဂျီယံနိုင်ငံကို အများဆုံးတင်ပို့နိုင်ကြောင်း စီးပွား/ကူးသန်းဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရ သိရသည်။ ■

**J-11**

# NEWS PHOTO




ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်း အတန်းငယ်များ၏ စာမေးပွဲကို မတ်လနှောင်းပိုင်းတွင် ကျင်းပရန်စီစဉ်မှုကို ကန့်ကွက်သည့်အနေနှင့် ယနေ့နံနက် ၈ နာရီခန့်က လှိုင်ကော်ပညာရေးကောလိပ်တွင် ဖဲကြိုးစိမ်းလှုပ်ရှားမှုကို စတင်ခဲ့သည်။
အဆိုပါ ဖဲကြိုးစိမ်းလှုပ်ရှားမှုကို တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ဇန်နဝါရီလ ၇ ရက်နေ့ကစတင်ပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်က စတင်ပြုလုပ်ခဲ့ပြီး အခြားကောလိပ်နှင့် တက္ကသိုလ်များက ဆက်တိုက်ပြုလုပ်လာကြခြင်းဖြစ်သည်။

# မွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်လျှောက်ထားရာတွင် GAqP စနစ်ကျင့်သုံးမှသာ လက်ခံစိစစ်ဆောင်ရွက်ပေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ငါးမွေးမြူရေးလုပ်ငန်းအတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့် လျှောက်ထားရာတွင် ကောင်းမွန်သည့် ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်ကျင့်သုံးမှသာ လက်ခံစိစစ်ဆောင်ရွက်ပေးတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ် ၃၆ တွင်ပြုလုပ်သည့် ကောင်းမွန်သည့် ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) စနစ်နှင့်အညီ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

GAqP စနစ်ကျင့်သုံးခြင်းသည် နိုင်ငံခြားဈေးကွက် ရရှိရေးအတွက်သာ ရည်မှန်းဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းပြီး အာဟာရပြည့်ဝသည့် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ စားသုံးနိုင်ရေးအတွက်ကိုပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရေထွက်ပစ္စည်းများနှင့် အသားငါးများစံချိန်စံညွှန်း လိုအပ်ချက်များနှင့်အညီ အာမခံနိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေး၊ ငါး၊ ပုစွန်နှင့် ကဏန်းပျော့များကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခွင့်ရရှိရေးအတွက် အမျိုးသားအဆင့် ဓာတ်ကြွင်းထိန်းချုပ်မှုအစီအမံကို ဥရောပသမဂ္ဂသို့နှစ်စဉ်တင်ပြခဲ့ရာ နမူနာကောက်ယူဓာတ်ခွဲစစ်ဆေးမှု ရလဒ်ကောင်းများကြောင့် ဥရောပသို့ မွေးမြူရေးငါးများ တင်ပို့ခွင့်ရရှိပြီးဖြစ်သော်လည်း တင်ပို့ခွင့်ရ ငါးမွေးကန်များတွင် GAqP စနစ်အကောင်အထည်ဖော်ပြီးမှသာ ဆက်လက်တင်ပို့ခွင့် ရရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံအနေနှင့် သဘာဝက ဖမ်းဆီးရရှိသည့် ငါး၊ ပုစွန်များ၊ မွေးမြူရေးငါး၊ ပုစွန်နှင့် ကဏန်းပျော့များကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့လျက်ရှိပြီး မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူရေးကေပေါင်း လေးသိန်းကျော်၊ မြစ်ချောင်း၊ အင်း၊ အိုင်ရေချိုဧရိယာ စုစုပေါင်းဧက ၅၃ ဒသမ ၃၀ သန်းအပြင် ကမ်းဦးရေတိမ်ပိုင်း စတုရန်းမိုင်တာ နှစ်သိန်းကျော်နှင့် ပိုင်နက်ပင်လယ်ပြင်ဧရိယာစတုရန်းကီလိုမီတာ လေးသိန်းရှစ်သောင်းကျော်ရှိကာ မွေးမြူရေးကေ လေးသိန်းကျော်တွင် ဧကတစ်သောင်းနီးပါးခန့်သာ GAqP Certificate ရရှိထားသည့်အတွက် ကျန်ဧရိယာများတွင်လည်း GAqP စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ယင်းဌာနထံမှ သိရသည်။

လက်ရှိတွင် ငါးမွေးကန် ၄၉၈ ကန် (ဧကအနေနှင့် ၉၂၅၄ ဒသမ ၇၄ ဧက) တို့တွင် GAqP Certificate နှင့်အတူ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။ ■

**J-11**


ဓာတ်ပုံ-အောင်နိုင်

# ဝက်မွေးမြူရေးကဏ္ဍမြှင့်တင်ရန် IFC နှင့် ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ၏ ဝက်သားထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝက်မွေးမြူရေးကဏ္ဍမြှင့်တင်ရန်အတွက် International Finance Corporation (IFC) နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။

ကုန်သည်စက်မှုအသင်းချုပ်နှင့် IFC မှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်စက်မှုအသင်းချုပ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဝက်မွေးမြူရေးကဏ္ဍတွင် ခေတ်မီမွေးမြူရေးစနစ်များ၊ ခေတ်မီသားသတ်ရုံများနှင့် နိုင်ငံတကာ Food Safety ၊ Bio Safety ဆိုင်ရာလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကုန်သည်စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံ ဝက်မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ Modernizing Myanmar's Pork Industry after ASF ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲကရရှိလာသည့် အကြံပြုချက်များအရ ခေတ်မီဝက်မွေးမြူရေးနှင့် နိုင်ငံတကာအဆင့်မီ ဝက်သားထုတ်လုပ်၊ တင်ပို့ရောင်းချခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီများဖွဲ့စည်း၍ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းဖြစ်သည်။

အစည်းအဝေးသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ IFC ၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဝက်မွေးမြူရေး ကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍ မဟာဗျူဟာချမှတ်ရေးကိစ္စများ၊ မူဝါဒများ ဆွေးနွေးခဲ့ကြကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှ သိရသည်။ ■

**J-11**

# ၉၉၉ ရှမ်းခေါက်ဆွဲ ကိုရီးယားချစ်ကြည်ရေး ဆုတံဆိပ်ရရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် ပြုလုပ်သည့် အာဆီယံဆယ်နိုင်ငံချစ်ကြည်ရေးပွဲတွင် မြန်မာနိုင်ငံမှ 999 Shan Noodle Shop သည် ကိုရီးယားနိုင်ငံက ပေးအပ်သည့် ချစ်ကြည်ရေးဆုတံဆိပ် ရရှိခဲ့ကြောင်း ယင်း 999 Shan Noodle Shop ထံမှ သိရသည်။

ဘူဆန်ရှိ အာဆီယံဆယ်နိုင်ငံချစ်ကြည်ရေးပွဲကို နိုဝင်ဘာ ၁၅ ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၃၀ ရက်နေ့က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခြင်းဖြစ်ကြောင်း ယင်းဆိုင်ထံမှ သိရသည်။

"ကိုရီးယားမှာ စရောင်းတဲ့နေ့မှာပဲ တော်တော်ရောင်းရတယ်။ ကျန်တဲ့ရက်တွေမှာလည်းရောင်းရတယ်။ ဝမ်းသာစရာပေါ့။ ဆယ်နိုင်ငံလုံးကို ချစ်ကြည်ရေးဆုတံဆိပ်တွေပေးတာပါ။ ရှမ်းခေါက်ဆွဲကို ကိုရီးယားတွေကြိုက်တယ်ဆိုတာ ရှမ်းမုန့်ညင်းချဉ်က ကင်ချီနဲ့တူတယ်။ သူတို့ပါးစပ်နဲ့လည်း အကြိုက်တွေ့တာကြောင့်လည်းပါတယ်" ဟု 999 Shan Noodle Shop ဆိုင်ရှင်ဒေါ်လဲ့လဲ့ဝင်းက ပြောသည်။

ထို့ပြင် ရှမ်းခေါက်ဆွဲရိုးရာသုပ်သည် ကိုရီးယားလူမျိုးများ အကြိုက်တွေ့ကာ အောင်မြင်မှုရရှိခဲ့ပြီး ကိုရီးယားသမ္မတကတော်ကိုယ်တိုင် ရှမ်းခေါက်ဆွဲရိုးရာသုပ်ကို လာရောက်အားပေးခဲ့သည့်အပြင် ကိုရီးယားလုပ်ငန်းရှင်များက အကျိုးတူပူးပေါင်းလုပ်ကိုင်ရန် လာရောက်ကမ်းလှမ်းမှုများရှိကြောင်း ၎င်းကဆိုသည်။ ■

**J-11**

သတင်းကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# မြကံသာတွင် နှစ်ထပ်ကျောင်းဆောင်သစ် မြင့်ကုမ္ပဏီက လှူဒါန်း

**မန္တလေး၊ ဇန်နဝါရီ ၁၄**



ပုသိမ်ကြီးမြို့နယ် အောင်သပြေကျေးရွာတွင် ကျောက်မီးသွေးစွမ်းအင်သုံး ဘိလပ်မြေစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်နေသည့် မြင့်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက မြကံသာကျေးရွာတွင် ငွေကျပ်သိန်းပေါင်း နှစ်ထောင်ကျော် ကုန်ကျခံကာ နှစ်ထပ်ကျောင်းဆောင်သစ် လှူဒါန်းခဲ့ကြောင်းသိရသည်။

တိုင်းပြည်တစ်ပြည် ထူထောင်သည့်အခါ ပညာရေးကဏ္ဍသည် အဓိကအခန်းကဏ္ဍမှာ ပါဝင်သည့်အတွက် ပညာရေးကို ဇောင်းပေးလှူဒါန်းရခြင်းဖြစ်ကြောင်း မြင့်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ ပြင်ပဆက်ဆံရေးဒါရိုက်တာ ဦးအောင်မြင့်က ပြောကြားသည်။

ယင်းကုမ္ပဏီက အလျား ၁၃၀ ပေ၊ အနံ ၃၀ ပေရှိ နှစ်ထပ်ကျောင်းဆောင် အပါအဝင် မြကံသာ အ.ထ.က ကျောင်းဘင်ခရာအဖွဲ့၊ ကွန်ပျူတာများ အစရှိသည်များလည်း လှူဒါန်းခဲ့ကြောင်း ယင်းအထကကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှလှက ပြောကြားသည်။

"မြင့်ကုမ္ပဏီကိုလည်း ချီးကျူးရမှာပါ။ သူဟာ ဒီဒေသအတွင်းမှာ မဟုတ်ဘဲ အခြားမှာလည်း လိုအပ်တာတွေ လှူဒါန်းပေးနေတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ လိုအပ်ချက်တော်တော်များများကို ဖြည့်ဆည်းပေးနေတဲ့အတွက် မြင့်ကုမ္ပဏီကို ကျေးဇူးတင်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကံသာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ပွဲ၊ ပညာရေးစုံညီပွဲ၊ နှစ်ထပ်ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီလ ၁၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီးစိုင်းပန်းဆိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီသည် ပုသိမ်ကြီးမြို့နယ် အောင်သပြေကျေးရွာတွင် ကျောက်မီးသွေးစွမ်းအင်သုံးဘိလပ်မြေစက်ရုံ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းကို အောင်သပြေကျေးရွာဒေသခံများက ကန့်ကွက်မှုများလည်း ရှိသည်။ ■

**M-01**



# ဧရာဝတီလင်းပိုင် စာရင်းကောက်ယူမည်

**မန္တလေး၊ ဇန်နဝါရီ ၁၄**

ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားသော ဧရာဝတီလင်းပိုင်များ ကာကွယ်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်သော ဧရာဝတီလင်းပိုင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နှစ်တစ်ခါ ပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်၌ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း WCS-သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) အရာရှိဦးကျော်လှသိန်းက ပြောကြားသည်။

ယင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ရှိငါးလုပ်ငန်းဦးစီးဌာနများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်များသည် တရားမဝင်ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းပိုက်များတွင် ငြိတွယ်ခြင်း၊ ရေယာဉ်ပန်ကာများ၏ ခုတ်ဖြတ်ခံရခြင်းများကြောင့် သေဆုံးခြင်းများ ရှိသည်။

ဧရာဝတီလင်းပိုင်များသည် မန္တလေးတိုင်းဒေသကြီး မင်းကွန်းဒေသမှ ကချင်ပြည်နယ် ဗန်းမော်မြို့အထိ နေထိုင်ကျက်စားကြသည်။

လက်ရှိတွင်ဧရာဝတီမြစ်တစ်လျှောက် မန္တလေးမြို့၊ နန်းတော်ကျွန်းကျေးရွာအနီးမှ ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ ရေတော်ဘုရားအထိမြစ်ပိုင်းကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက သတ်မှတ်ခဲ့ပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

၂၀၁၉ ခုနှစ်က ကောက်ခဲ့သော စာရင်းများအရ ၇၂ ကောင်ရှိပြီး ၂၀၁၉ ခုနှစ်တွင် ၃ ကောင်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်နေ့က ၁ ကောင် သေဆုံးခဲ့သည်။ ■

**M-01**

# NEWS IN BRIEF

## Mandalay Fitness Festival ကျင်းပမည်

အားကစားနှင့် ကာယပညာဦးစီးဌာနလမ်းညွှန်မှုဖြင့် Mandalay Fitness Festival ကို မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ၃ ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း စီစဉ်သူ KUM Entertainment ထံမှ သိရသည်။

အထက်မြန်မာပြည်ရဲ့ ပထမဦးဆုံး အကြီးကျယ်ဆုံး၊ အခမ်းအနားဆုံး အစုံလင်ဆုံးဖြစ်မည့် Fitness နှင့် ကျန်းမာရေးပွဲတော်ဖြစ်ပြီး မန္တလေးမြို့ ထိပ်တန်း Gym & Fitness Center တွေကို တစုတဝေးတည်းတွေ့ရမှာဖြစ်သလို အားကစားဆိုင်ရာပစ္စည်းများကိုလည်း အထူးနှုန်းနဲ့ ရောင်းချသွားမှာဖြစ်တယ်ဟု KUM Entertainment မှ ကိုဟိန်းထက်က ပြောကြားသည်။

ယင်း Mandalay Fitness Festival တွင် ကျန်းမာရေးနှင့် Fitness ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးမည့် Fitness Talk Show၊ Fitness Physique Show ၊ Zumba Party ၊ Fitness Dance Competition စသည့်အစီအစဉ်များဖြင့် တင်ဆက်မည်ဖြစ်သည်။ ■

**M-01**

ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၇၇၂

# ကန်ကြီးထောင့် အထည်ချုပ်စက်ရုံ သပိတ် ၃၆ ရက်အကြာတွင် ပြေလည်မှုရ

**ပုသိမ်၊ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ရှိ တရုတ်နိုင်ငံသားပိုင် ဟွာမှုန်အထည်ချုပ်စက်ရုံမှ သပိတ်မှောက် အလုပ်သမားများ၏ တောင်းဆိုချက်များနှင့်ပတ်သက်၍ သပိတ် ၃၆ ရက်မြောက်နေ့ ဇန်နဝါရီလ ၁၃ ရက်နေ့ ညပိုင်းက ပြေလည်မှုရရှိသွားပြီဖြစ်ကြောင်း တိုင်းအစိုးရရုံးမှသိရသည်။

ဧရာဝတီတိုင်း အစိုးရဝန်ကြီးချုပ် ဦးလှမိုးအောင်၏ အမြန်ဆုံး အပြေအလည် ဆောင်ရွက်ပေးရန် လမ်းညွှန်မှုအရ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သောအဖွဲ့၊ ဒေါ်ခခ ဦးဆောင်သည့် သပိတ်အလုပ်သမား ခေါင်းဆောင်များအဖွဲ့နှင့် ယင်းစက်ရုံလုပ်ငန်းရှင်နှင့် စီမံမန်နေဂျာ ဒေါ်မေသန္တာဇော် ပါဝင်သော စက်ရုံတာဝန်ရှိသူများအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီမှု ကတိကဝတ်စာချုပ်ကို လက်မှတ်ရေးထိုးကာ ပြေလည်မှုရရှိခြင်း ဖြစ်သည်။

အလုပ်ရှင်၊ အလုပ်သမား အကျိုးစီးပွားဆိုင်ရာ တောင်းဆိုချက် ၈ ချက်ကို ဇန်နဝါရီ ၁၂ ရက်နေ့ကတည်းက နှစ်ဖက်ဖြေလျှော့ပြီး သဘောတူညီမှုရခဲ့ကြောင်း ဇန်နဝါရီ၁၃ တွင်ကတိကဝတ်စာချုပ်လက်မှတ်ရေးထိုးရန်ဖြစ်သော်လည်း အလုပ်ရှင်ဘက်က သဘောတူထားမှုတွင် မပါဝင်သည့် 'အလုပ်လုပ်ရန်ဖြစ်၍ ဆန္ဒမပြကြောင်း' အလုပ်သမားများ ဝန်ခံလက်မှတ်ထိုးပြီး အလုပ်တက်ရန် အချက်တစ်ချက် ထပ်ဖြည့်လိုက်ရာ နှစ်ဖက် ပြန်ညှိနေရ၍ အချိန်ကြန့်ကြာခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာ စိုးဝင်းက ပြောသည်။


ဓာတ်ပုံ - မောင်မျိုးထက်

**ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းက ယင်းစက်ရုံ သပိတ်မှောက်လုပ်သားများ အလုပ်ခွင်သို့ပြန်လည်ဝင်ရောက်နေစဉ်။**

"အဲဒီအချက်ကို ထပ်တိုးလိုက်တော့ အလုပ်သမားဘက်ကလည်း ရပ်တည်ချက် မပြောင်းဘူး၊ အလုပ်ရှင်ကလည်း စိုးရိမ်မှုများနေတယ်။ ဒါ့ကြောင့် အစိုးရအဖွဲ့ရဲ့ စီမံရေးရာနည်းလမ်းအရ ဇန်နဝါရီ ၁၂ ရက်နေ့က သဘောတူထားတဲ့ ၈ ချက်ကိုပဲ ကတိကဝတ်ပြုဖို့ ဆုံးဖြတ်ပေးလိုက်တယ်။ ဒါကို နှစ်ဖက်စလုံးက လိုက်နာဖို့ သဘောတူကြောင်း ကျေကျေနပ်နပ် လက်မှတ်ထိုးကြပါတယ်"ဟု ၎င်းကဆက်ပြောသည်။

အစိုးရအဖွဲ့ တာဝန်ရှိဝန်ကြီးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ကြီးကြပ်သည့် ကတိကဝတ် စာချုပ်ဖြစ်၍ လေးနက်ခိုင်မာကြောင်း ဆုံးဖြတ်ချက်မှာလည်း တရားမျှတမှုရှိသည့် ဆုံးဖြတ်ချက်ဖြစ်သည်ဟု ခံယူကြောင်း၊ သပိတ်ကိုလည်း ဇန်နဝါရီ ၁၃ ရက်နေ့ညမှာပင် သပိတ်လှန်ကြောင်း အလုပ်သမားများကိုယ်စား ဦးဆောင်ဆွေးနွေးသူ ဒေါ်ခခက ပြောသည်။

"ကျွန်မတို့ သပိတ်မှာ ပါဝင်သူတွေ အားလုံး ဒီမနက် (ဇန်နဝါရီ ၁၄ နံနက်) မှာ အလုပ်ပြန်ဝင်နေပါပြီ၊ တရားမျှတစွာ ဆုံးဖြတ်ပေးတဲ့ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေ အားလုံး၊ ပြီးတော့ ဝန်းရံပေးသူတွေ၊ ပါတီတွေ၊ ရှစ်လေးလုံးက သူတွေ အားလုံး အရမ်းကျေးဇူးတင်ပါတယ်"ဟု ယင်းစက်ရုံသပိတ်ခေါင်းဆောင် ဒေါ်ခိုင်နွေဦးမွန်က ပြောသည်။

ယင်းအထည်ချုပ်စက်ရုံလုပ်သားများက အလုပ်ရှင်၊ အလုပ်သမား အကျိုးစီးပွားဆိုင်ရာ ညှိနှိုင်းတောင်းဆိုချက် ၈ ချက်အပေါ် တိုင်းဒေသကြီး အလုပ်ရှင် အလုပ်သမား ပြဿနာများဖြေရှင်းရေး ခုံသမာဓိ အဖွဲ့၏ဆုံးဖြတ်ချက် တရားမျှတမှု မရှိဟုဆိုကာ ဒီဇင်ဘာ ၉ ရက်နေ့က စတင်ချိန် အင်အား ၆၀၀ ခန့်ဖြင့် စခန်းဖွင့် သပိတ်မှောက်ခဲ့ကာ ရက်ပေါင်း ၃၆ ရက်ကြာမြင့်ခဲ့ပြီး အုပ်ချုပ်ရေးအဖွဲ့၊ ဖျန်ဖြေရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ ဝန်ကြီးများပါဝင်သောအစိုးရအဖွဲ့တို့ကြီးကြပ်သည့် တွေ့ဆုံဆွေးနွေးဖြေရှင်းမှု ၈ ကြိမ် ပြုလုပ်ခဲ့သည်။

■ R-12

# ရင်ခွင်မဲ့ကလေးငယ်နှင့် တစ်ကိုယ်ရေမိခင် လျှော့ချကာကွယ်ရေး အမျိုးသားများ ပူးပေါင်းပါဝင်ရန် တိုက်တွန်း

**ပုသိမ်၊ ဇန်နဝါရီ ၁၄**

နိုင်ငံအတွင်း၌ ရင်ခွင်မဲ့ကလေးငယ်နှင့် တစ်ကိုယ်ရေမိခင် (Single Mother) လျှော့ချကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများသာမက အမျိုးသားများလည်း ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များနှင့် တစ်ကိုယ်ရေမိခင်များ လျှော့ချကာကွယ်စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ သားဖွားမီးယပ်အထူးကု ဆရာဝန် ကြီး ဒေါက်တာဒေါ်သန်းသန်းအေး က ပြောကြားသည်။

ငယ်ရွယ်သည့် မိန်းကလေးများ၊ မသန်စွမ်းသည့်မိန်းကလေးများနှင့် ဉာဏ်ရည်ချို့တဲ့သည့်မိန်းကလေးများကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများကြောင့် မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်ရခြင်း၊ ချစ်သူအမျိုးသားမှ တာဝန်မယူခြင်းကြောင့် ကလေးငယ်ကို စွန့်ပစ်ခြင်း၊ မငြိမ်းချမ်းသည့် ဒေသများတွင် မိတကွဲ ဖတကွဲဖြစ်ခြင်း စသည့် အခြေအနေများကြောင့် ရင်ခွင်မဲ့ကလေးငယ်များနှင့် တစ်ကိုယ်ရေမိခင်များပေါက်လာကြောင်း အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သန်းသန်းအေးက ဆက်ရှင်းပြသည်။

"ရင်ခွင်မဲ့ကလေးတွေနဲ့ တစ်ကိုယ်ရေမိခင်တွေ ဖြစ်ပေါ်ရာမှာ အမျိုးသမီးမိခင်တွေသာမက အမျိုးသားဖခင်တွေမှာလည်း အသိသတိရှိဖို့ လိုအပ်နေပါတယ်၊ ဒါကြောင့် ဒီအခြေအနေတွေကို လျှော့ချကာကွယ်နိုင်ဖို့ အမျိုးသမီးတွေသာမက အမျိုးသားများကလည်း ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်"ဟု ၎င်းက The Voice Daily သို့ ပြောသည်။


ဓာတ်ပုံ - မောင်မျိုးထက်

အမျိုးသမီးများအတွက် အရွယ် ၃ ပိုင်းရှိရာ ပထမအရွယ်သည် အပျိုဖော်ဝင်စမှ ၁၅ နှစ်မှ ၁၈ နှစ်အထိနှင့် ဒုတိယအရွယ် ၁၈ နှစ်မှ ၄၅ နှစ်အထိ အရွယ်နှစ်မျိုးလုံးတွင် မျိုးပွားနိုင်ကြောင်း၊ အမျိုးသမီးတစ်ဦးသည် အသက် ၁၀ နှစ်မှစ၍ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ကြောင်း၊ လိင်ကိစ္စကိုလက်တည့်စမ်းချင်ကြကြောင်း၊ ထိုမှအဆင်သင့် မဖြစ်မီ ကိုယ်ဝန်ဆောင်ရသဖြင့် အကြောင်းအမျိုးမျိုးဖြင့် သေဆုံးရမှုများလည်း ရှိကြောင်း ၎င်းထံက သိရသည်။

"တက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေမှာ ကျန်းမာရေးအသိပညာရှိကြပေမယ့် သတိမမူ ဂူမခြင်ဆိုသလို မမှားသင့်၊ မမှားထိုက်တဲ့ မလိုလားအပ်သည်များ မဖြစ်စေဖို့ အသိပညာပေးလှုပ်ရှားမှုတွေ လုပ်ပါတယ်"ဟု သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သန်းသန်းအေး က ဆိုသည်။

တက္ကသိုလ်များသာမက ကျန်းမာရေးအသိပညာ နည်းလေ့ရှိသည့် အထည်ချုပ်၊ ဆန်စက်၊ စက်ရုံနှင့် ကျေးလက်၊ ရပ်ကွက် စသည်တို့တွင် ရင်ခွင်မဲ့ကလေးငယ်နှင့် တစ်ကိုယ်ရေမိခင်လျှော့ချရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက် ဧရာဝတီတိုင်း ၂၆ မြို့နယ်တွင် အသင်းများ ဖွဲ့စည်းဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များနှင့် တစ်ကိုယ်ရေမိခင်များ လျှော့ချကာကွယ်စောင့်ရှောက်ရေးအသင်းမှ သိရသည်။

■ R-12

# မတ်လကုန်အထိ ကျောင်းဖွင့်မည့်အပေါ် ထားဝယ်ပညာရေးကောလိပ် ကျောင်းသားများ ဖဲကြိုးစိမ်းလှုပ်ရှားမှုဖြင့် ကန့်ကွက်

**ထားဝယ်၊ ဇန်နဝါရီ ၁၄**


ဓာတ်ပုံ - ကျော်သူစိုး

ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ပြောဆိုထားသည့် မတ်လကုန်အထိ အခြေခံကျောင်းများ ဖွင့်လှစ်မည်ဆိုသည့်အပေါ် ထားဝယ်ပညာရေးကောလိပ် ကျောင်းသား၊ ကျောင်းသူများက ဇန်နဝါရီ ၁၃ ရက်တွင် ဖဲကြိုးစိမ်းလှုပ်ရှားမှုဖြင့် ကန့်ကွက်လိုက်ကြသည်။

ထားဝယ်ပညာရေးကောလိပ် ကျောင်းသားများသမဂ္ဂသည် အောက်ခြေတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ၊ ဆရာမများနှင့် တစ်သားတည်းရှိကြောင်းနှင့် အောက်ခြေဆန္ဒမပါသော ပညာရေးဝန်ကြီးဌာန၏လုပ်ရပ်အား ကန့်ကွက်လိုသောကြောင့် ဖဲကြိုးစိမ်းလှုပ်ရှားမှု ပြုလုပ်ခြင်းဖြစ်ကြောင်း အထက်ပါသမဂ္ဂဥက္ကဋ္ဌ ကိုထွန်းလွင်ဦးက ပြောသည်။

"ဆယ်တန်းစာမေးပွဲဖြေပြီးမှ ကျန်တဲ့အတန်းတွေက ဖြေရမယ်ဆိုတဲ့ဟာက ဒါမဖြစ်နိုင်တဲ့ကိစ္စပဲ။ ကျောင်းသားတွေရဲ့ အနားယူချိန်လည်း နည်းသွားမယ်။ နွေရာသီမှာဆိုရင် သင်တန်းတွေခေါ်ယူမယ်ဆိုရင် ဆရာ၊ ဆရာမတွေမှာ အားလပ်ရက်မရှိဘဲဖြစ်နေလိမ့်မယ်"ဟု ကိုထွန်းလွင်ဦးက ဆိုသည်။

ယင်းဖဲကြိုးစိမ်းလှုပ်ရှားမှုကိုထားဝယ်ပညာရေးကောလိပ်ဝင်းအတွင်း နံနက် ၈ နာရီမှ ၉ နာရီအထိ ပြုလုပ်ခဲ့ပြီး အဆိုပါဖဲကြိုးစိမ်းများကို တစ်နေ့တာပတ်လုံး တပ်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဖဲကြိုးစိမ်းလှုပ်ရှားမှုကို စိတ်ပါဝင်စားသည့်ကျောင်းသား၊ ကျောင်းသူများဖြင့်သာ လုပ်ဆောင်ခြင်းဖြစ်သော်လည်း ကျောင်းသူ၊ ကျောင်းသားအများစုက ယင်းလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း ၎င်းက ပြောသည်။

အခြေခံနှင့်အဆင့်မြင့်ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်တို့ကလည်း မတ်လကုန်အထိ ကျောင်းတက်ရသည့်ကိစ္စကို ပြင်းထန်စွာကန့်ကွက်ကြောင်း ဇန်နဝါရီလ ပထမအပတ်က အသီးသီး ထုတ်ပြန်ထားကြသည်။

ပညာရေးဝန်ကြီးဌာနဘက်ကမူ တစ်နိုင်ငံလုံးရှိ ဆရာ၊ ဆရာမ လေးသိန်းခုနစ်သောင်းကျော်က ကန့်ကွက်လျှင် ကျောင်းဖွင့်ရက် တိုးမြှင့်ထားသည့်ကိစ္စကို ပြန်စဉ်းစားမည်ဖြစ်ကြောင်း ပြောဆိုထားသည်။

လုပ်ငန်းခွင်ဝင်နေပြီးနှင့် လုပ်ငန်းခွင်ဝင်ရောက်ရန်ပြင်ဆင်နေဆဲ ထားဝယ်ပညာရေးကောလိပ်ဆင်း အခြေခံပညာဆရာအချို့ကလည်း အဆိုပါလှုပ်ရှားမှုကို လာရောက်ဝန်းရံခဲ့သည်။

ယခုပညာသင်နှစ်အတွင်း ထားဝယ်ပညာရေးကောလိပ်တွင် တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူ ငါးရာနီးပါး(၄၇၄ဦး) ရှိကြောင်း ထားဝယ်ပညာရေးကောလိပ် ကျောင်းသားများသမဂ္ဂထံမှ သိရသည်။

■ **Dawei Watch**

## ကနီသစ်တောတွင်း တောင်ယာစိုက်သူတစ်ဦး ကျားကိုက်ခံရ

**မုံရွာ၊ ဇန်နဝါရီ ၁၄**

ယင်းမာပင်ခရိုင် ဝင်းကုန်းရွာအနောက်ဘက် ကနီသစ်တောကြိုးဝိုင်းအတွင်း ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီခန့်က ယာစိုက်ခင်းလုပ်ကိုင်နေသူ ဦးအောင်ဆန်းဆိုသူ ကျားကိုက်ခံရသဖြင့် မုံရွာမြို့ ဆေးရုံကြီးတွင် ဆေးကုသခံနေရသည်။

ကနီမြို့နယ် သစ်တောထဲတွင် ယာစိုက်နေသည့်ဦးအောင်ဆန်း အသက် (၄၅) နှစ်သည် ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီခန့်က ယာခင်းတွင်းရှိနေစဉ် ခွေးဟောင်သဖြင့် ပြေးသွားကြည့်ရာ ခွေးသုံးကောင်ဖြင့် လုံးသတ်နေသော ကျားပြောက်တစ်ကောင်မှာ မိမိထံပြေးလာပြီး ခုန်အုပ်ကာ ဦးခေါင်း၊ လက်မောင်းနှင့်လက်ကောက်ဝတ်များ ကိုက်ခဲ ထွက်ပြေးသွားသည်ဟု လူနာရှင်က ပြောသည်။

"ယာစိုက်နေတာ ၅ နှစ်ရှိပြီ၊ ယင်းမာပင်နယ် ကွင်းစပ်ရွာကပါ။ ကျားက ဒေသအခေါ် ခွေးစားကျားလို့ ခေါ်တယ်၊ အကောင်ကြီးတယ်၊ ကျားသစ်မဟုတ်ဘူး၊ သူ့အလျားကတော့ လူတစ်ရပ်ကျော်တယ်၊ ဓားမြှောင်နဲ့ခုခံတယ်၊ ဓားဒဏ်ရာရော ခွေးကိုက်ပြီးနာနေတော့ ကျားလဲကျသွားသေးတယ်"ဟုဦးအောင်ဆန်းကပြောသည်။

မုံရွာဆေးရုံကြီးသို့ ယမန်နေ့ညဉ့်နက်ပိုင်းက ရောက်ရှိပြီး ဆေးကုသခံနေကြောင်း၊ ယခင်အခါက ယခုလိုမျိုး ကျားကိုက်တာ မကြုံဖူးကြောင်း လူနာရှင်များကဆိုသည်။



ကျားကိုက်မှုဖြစ်ပွားသောနေရာမှာ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့်ဆက်စပ်နေပြီး ဥယျာဉ်တွင်းရှိ CCTV မှတ်တမ်းများအရ ကျားသစ်များရှိကာ ဒဏ်ရာရရှိခဲ့သောကျားမှာ နာသွားသဖြင့် ကျေးရွာဒေသခံများအနေနှင့် သတိထားသွားလာကြရန် အသိပေးနှိုးဆော်မည်ဟု ကနီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောသည်။

■ **မခင်မေစန်း**



## လေအိတ်ပါ မီးရထားတွဲများ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ပြေးဆွဲမည်

**တောင်ငူ၊ ဇန်နဝါရီ ၁၄**

ကိုရီးယားနိုင်ငံမှ EDCF ချေးငွေနှင့်ဝယ်ယူထားသည့် လေအိတ်နှင့်လေအေးစက်တပ်ဆင်ထားသည့် ခေတ်မီမီးရထားတွဲများကို မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၌ ပြေးဆွဲသွားမည်ဟု မြန်မာ့မီးရထား အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"မီးရထားတွဲတွေက ဆယ်တွဲစီ အတွဲလိုက်ရောက်နေတာ။ မနေ့ကရော ကနေ့ရော ဝန်ကြီးကိုယ်တိုင်ကွင်းဆင်း ကြီးကြပ်နေတယ်။ လာမယ့်ပြည်ထောင်စုနေ့မှာ ပြေးဆွဲနိုင်ဖို့ သေချာသလောက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လေအေးပေးစက်နှင့် လေအိတ်ပါ မီးရထားတွဲသစ်အစီး ၁၀၀ ကို ကိုရီးယားချေးငွေဖြင့် ဝယ်ယူထားခြင်းဖြစ်ပြီး ပထမအသုတ် မီးရထားတွဲ ၁၀ တွဲကို ဇန်နဝါရီ ၇ ရက်နေ့က စတင်ရောက်ရှိခဲ့ပြီး ယနေ့ ဒုတိယအသုတ် ဆယ်တွဲရောက်ရှိနေပြီဖြစ်သည်ဟု မြစ်ငယ်မီးရထားစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

တွဲတစ်တွဲလျှင်ခရီးသည် အယောက် ၃၀ ကျော် လိုက်ပါစီးနင်းနိုင်သော လေအိတ်ပါ အထက်တန်းတွဲ ၁၀ တွဲကို စားသောက်တွဲ၊ ဘရိတ်တွဲများနှင့် ချိတ်ဆက်ကာ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းတွင် မကြာမီ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားထံမှသိရသည်။

ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းများအနက် ရန်ကုန်-ညောင်လေးပင်လမ်းပိုင်းကို ဂျပန်နိုင်ငံမှ အကူအညီဖြင့်အဆင့်မြှင့်တင်မှုများပြုလုပ်နေသည့်အပြင် ရန်ကုန်မြို့ပတ်မီးရထားလမ်းကိုလည်း ပြုပြင်ဆောင်ရွက်နေပြီဖြစ်သည်။ ■ **R-15**

# ကလေးကစားကွင်းအမည်ခံ လောင်းကစားဆိုင်များကို လာဘ်ပေးလာဘ်ယူမှုကြောင့် အရေးယူရန် ခဲယဉ်းဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကလေးကစားကွင်းအမည်ခံ အကြွေစေ့ လောင်းကစားဆိုင်ကြီးများကို လာဘ်ပေးလာဘ်ယူမှုဖြင့် ကြိုတင်သတင်းပေးခြင်းကြောင့် ဖော်ထုတ်အရေးယူရန် ခဲယဉ်းကြောင်း လမ်းမတော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာက ထောက်ပြပြောကြားသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့ကပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"ဖမ်းဆီးမယ်ဆိုရင်လည်း ကြိုတင်သတင်းပေးမှုတွေကြောင့် စက်တွေ၊ လူတွေ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ပြီး သတင်းအမှားအဖြစ်ပဲ ဖော်ပြခဲ့တယ်။ အဲဒါကြောင့် ကစားကွင်းအမည်ခံ လောင်းကစားဝိုင်းတွေကို ရှောင်တခင်ဝင်ရောက်ဖမ်းဆီးတာက အမှန်တကယ် ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မဟုတ်ဘဲ အခြားသောနည်းလမ်းတွေနဲ့ ထိထိရောက်ရောက် တားမြစ်အရေးယူပေးဖို့ လိုပါတယ်" ဟု ဒေါ်အေးအေးမာက ဆိုသည်။

အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ်ရာတွင်လည်း မြို့နယ်များတွင်ရှိသည့် ရဲတပ်ဖွဲ့များအနေဖြင့် စုံစမ်းဖော်ထုတ်နိုင်မှုကို အထိုက်အလျောက်သိရှိရကြောင်း၊ သို့သော်လည်း အခြားလောင်းကစားဆိုင်ကြီးများဖြစ်သည့် နိုင်ငံခြားသားများ၊ ခရိုနီများ ပိုင်ဆိုင်သည့် ကစားကွင်းများသည် လာဘ်ပေးလာဘ်ယူမှုများဖြင့် ဖော်ထုတ်အရေးယူရန်ခဲယဉ်းနေကြောင်း ၎င်းက ပြောဆိုသည်။

"ကလေးကစားကွင်းလို့ အမည်ခံပြီး လောင်းကစားဝိုင်းလုပ်တာကတော့ လိုင်စင်ယူပြီး လုပ်တဲ့သူရဲ့အပြစ်ဖြစ်ပါတယ်။ ဂိမ်းဆိုင်တွေဖွင့်ပေးတာကတော့ စည်းကမ်းနဲ့အညီကက်ဗိနက်တင်ပြီး ကက်ဗိနက်ကနေ ကျွန်တော်တို့အထွေထွေအုပ်ချုပ်ရေးကနေ ပေးတာပါ။ ကွင်းဆင်းစစ်ဆေးစိစစ်ပြီးမှ ပေးတာပါ" ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက တုံ့ပြန်သည်။

■ ZC

# မြန်မာနိုင်ငံသားဟောင်း အပါအဝင် လူဦးရေ ၆၀၀ နီးပါး နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ပြုထား

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံသားဟောင်း အပါအဝင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားသူ ၆၀၀ နီးပါးကို ပြည်တွင်း၌ နေထိုင်ခွင့်ပြုထားကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းများကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအထိလျှောက်ထားသူ စုစုပေါင်း ၆၄၈ ဦးအနက် ၅၉၁ ဦးကို နိုင်ငံခြားသား အမြဲတမ်း နေထိုင်ခွင့်ပြုလက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"လျှောက်ထားသူတွေကို ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေနဲ့အညီဖြစ်စေဖို့ လုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီတို့က အဆင့်ဆင့် စိစစ်ရွေးချယ်ပြီးတော့ အမြဲတမ်းနေထိုင်ခွင့်ပြုခြင်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ မနေ့က အမြဲနေထိုင်ခွင့်လျှောက်ထားသူ ၁၈ ဦးကို လူကိုယ်တိုင်တွေ့ဆုံမေးမြန်း အကဲဖြတ်ကာ အမြဲနေထိုင်ရန် ခွင့်ပြုသင့်/မပြုသင့်ကို ဝိုင်းဝန်းအကဲဖြတ် ဆောင်ရွက်တာတွေ လုပ်ခဲ့ပါတယ်" ဟု နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဗဟိုကော်မတီမှ တာဝန်ရှိသူ တစ်ဦးက ပြောဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ပြုခြင်းကို နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ၎င်းတို့၏ သွေးချင်းဆက်စပ်သူများဟူ၍ အမျိုးအစား ၄ မျိုးခွဲခြားသတ်မှတ်ကာ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ် (Permanent Residence System) ကို ကျင့်သုံးခွင့်ပြုပေးနေခြင်းဖြစ်ပြီး စိစစ်ရေးကော်မတီကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ ■ ZC

# ရန်ကုန်မြို့၏ အကြီးဆုံး လူကူးခုံးကျော်တံတား ၉၀ ရာခိုင်နှုန်း ပြီးစီး

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့၏ အကြီးဆုံး လူကူးခုံးကျော်တံတားဖြစ်သော နာနတ်တော - ဘုရင့်နောင် လေးလမ်းဆုံ လူကူးခုံးကျော်တံတားကို ဆောက်လုပ်နေသည်မှာ ၉၀ ရာခိုင်နှုန်းထိ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) မှ ဌာနမှူး ဦးလင်းခိုင်က ပြောကြားသည်။

"၉၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီ၊ နောက်ပိုင်း ဆောက်လုပ်တဲ့ ခုံးကျော်တံတားတွေမှာ စက်လှေကားတွေပါ တပ်ဆင်ဆောင်ရွက်နေပါတယ်။ Step တွေက အများကြီး၊ တံတားတင်မဟုတ်ဘူး၊ အောက်ခြေတွေပါ လုပ်ရတယ်။ နေ့ရောညရောဆောင်ရွက်နေပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါ လမ်းဆုံတွင် နေ့စဉ် လမ်းဖြတ်ကူးသည့် လူဦးရေ များပြားခြင်းနှင့် ကွန်တိန်နာယာဉ်များ ဖြတ်သန်းသွားလာမှုရှိသည့်အပြင် ဘုရင့်နောင်လမ်း၊ လှည်းတန်းလမ်း၊ နာနတ်တောလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းများ ဆုံသည့်နေရာဖြစ်သည့်အပြင် ရဲစခန်း၊ စာသင်ကျောင်း၊ စာသင်တိုက်၊ ဆေးရုံနှင့် ဆင်မလိုက်ဈေးသို့ဖြတ် သန်းသွားလာရာနေရာဖြစ်သည်။

နာနတ်တော - ဘုရင့်နောင် လေးလမ်းဆုံလူကူးခုံးကျော်တံတားကို ၂၀၁၉ ခုနှစ် မတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး တံတားမှာ အရှည် ၅၂၅ ပေ၊ အကျယ် ၁၁ ပေ၊ ယာဉ်ကင်းလွတ်အမြင့်မှာ ၂၀ ပေ ရှိပြီး ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်ရန် ခန့်မှန်းထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် လူကူးခုံးကျော်တံတား ၂၁ ခု ရှိပြီး ယင်း လူကူးခုံးကျော်တံတားများတွင် ၆ခုမှာ စက်လှေကားပါရှိသည်။ ■ J-10



# ချောက်တွင် ရေနံထုတ်လုပ်နိုင်မှုတိုးလာ၍ CSR ကျပ်သိန်း ၁၈၀၀ ကျပ်ကျော် ပိုမိုရရှိ

**ချောက်၊ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ချောက်၊ လမ်းရွာ ရေနံမြေတွင် ရေနံထုတ်လုပ်နိုင်မှုတိုးပြီး ထုတ်လုပ်နိုင်သည့်အတွက် ယခုနှစ် ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်တွင် လူမှုရေးတာဝန်သိမှု CSR ငွေ ရရှိမှုက ယခင်နှစ် ရရှိငွေထက် ငွေကျပ် ၁၈၆၀ သိန်းခန့် ပိုတိုး၍ ရရှိသည်ဟု ချောက်၊ လမ်းရွာ ရေနံမြေ အထွေထွေ မန်နေဂျာကြီးရုံးမှ သိရသည်။

ချောက်၊ လမ်းရွာ ရေနံမြေအထွေထွေမန်နေဂျာကြီး ဦးကိုကိုသက်က "ပိုရလာတာ၊ နေပြည်တော်က ဒါတွေ မြှင့်ပေးတာပေါ့။ ကျွန်တော်ရဲ့ ရေနံအထွက်နှုန်းရယ်၊ ချောက်ရဲ့ GDP ပေါ်မူတည်ပြီးတော့ တိုးပြီးရတာပါ" ဟု ပြောကြားသည်။

ယခုနှစ် ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်အတွက် ချောက်၊ လမ်းရွာ ရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် CSR ငွေကျပ်သိန်းပေါင်း ၄၇၃၀ ရရှိခဲ့ပြီး ယခင်နှစ် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် CSR ငွေ ၂၈၇၀ ကျပ်သိန်းကျော် ရရှိခဲ့၍ ယခင်နှစ်ထက် CSR မှ ရရှိငွေ ၁၈၆၀ ကျပ်သိန်းခန့် ပိုရရှိသည်ဟု ချောက်၊ လမ်းရွာ ရေနံမြေ အထွေထွေမန်နေဂျာကြီးရုံးမှ စာရင်းများအရ သိရသည်။

ချောက်၊ လမ်းရွာ ရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရန် ရရှိထားသော CSR ငွေမှ ပညာရေးကဏ္ဍလုပ်ငန်း ၇ မျိုးအတွက် ငွေကျပ် ၄၅၀ သိန်း၊ ကျန်းမာရေးကဏ္ဍအတွက် လူနာတင်ယာဉ်တစ်စီး ဝယ်ယူရန် ငွေကျပ် ၇၄၀ သိန်း၊ လူမှုအထောက်အကူပြုလုပ်ငန်းအတွက် ငွေကျပ် ၃၄၉၂ သိန်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍအတွက် ငွေကျပ် ၄၈ သိန်း ဖြစ်သည်ဟု ယင်းရုံးကြီးမှ သိရသည်။

ပညာရေးကဏ္ဍ ၇ မျိုးတွင် အမက ၁၃၅ ကျောင်း KG ကျောင်းဆောင် ပြုပြင်ခြင်း၊ အိမ်သာနှင့် ကျောင်းဝင်းတံခါး ပြုလုပ်ခြင်း၊ သစ်လှကျေးရွာ အမက ကျောင်း KG ကျောင်းဆောင်ပြုပြင်ခြင်း၊ မကျီးပင်ကျေးရွာ ကျောင်းဆောက်လုပ်ခြင်း၊ အိုင့်ကြီးကျေးရွာ အထက၊ ကြပ်စုကျေးရွာ အမက ခြံစည်းရိုးကာရံခြင်း၊ လင်းတကိုင်းကျေးရွာ အထက အုတ်တံတိုင်းကာရံခြင်း၊ မြို့ပေါ်ကျောင်း အထက ၂ နှင့် အမက ၉ ရေသန့်စက်နှစ်လုံး တပ်ဆင်ခြင်းတို့ ဖြစ်သည်။

လူမှုအထောက်အကူပြုလုပ်ငန်း ၁၉ မျိုးတွင် လမ်းရွာကျေးရွာတွင်း ၄၀၀ ဗို့စ် ဓာတ်အားလိုင်း၊ ဝရကုန်၊ မြေစွန်း၊ ညောင်ဖွာ၊ ပဒေသာကျွန်းကျေးရွာတို့တွင် ၁၁ ကေဗီဓာတ်အားလိုင်း၊ မြေစွန်း၊ သစ်ချိုကုန်း၊ ဆူးပန်းချောင်း၊ ညောင်ဖွာကျေးရွာတို့တွင် ထရန်စဖော်မာ တပ်ဆင်ခြင်းနှင့် မြို့ပေါ်ရပ်ကွက် ၇ ရပ်ကွက်နှင့် ကျေးရွာတစ်ရွာ ကွန်ကရစ်လမ်းခင်းခြင်း၊ ကျေးရွာချင်းဆက်လမ်း နှစ်လမ်းတွင် ကွန်ကရစ်ရေကျော် ပြုလုပ်ခြင်း၊ အထက ၂ ကျောင်းအတက် လမ်းပြုပြင်ခြင်း၊ တမာအိုင့်ရိုးချောင်းတွင် လူကူးတံတား တည်ဆောက်ခြင်းဖြစ်သည်။

ထို့အပြင် နလင်ကန်၊ အိုးဘိုကျေးရွာတို့တွင် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ဇီးချိုပင်ကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မြို့ပေါ်ရပ်ကွက် ၅ ခု ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ညောင်လှရပ်ကွက် အားကစားကွင်း ပွဲကြည့်စင် ပြုပြင်ခြင်းနှင့် မြေထိန်းနံရံနှစ်ခု ပြုလုပ်ခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု ချောက်၊ လမ်းရွာ ရေနံမြေ အထွေထွေ မန်နေဂျာကြီးရုံးမှ သိရသည်။

■ **နေနိုင်**

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးကုသိုလ်ပြုနိုင်ဖို့ပါ။ နေပြည်တော် လယ်ဝေးမြို့နယ်အပိုင် ဒိုးနွယ်လေး ကျေးရွာအနီးမှာရှိတဲ့ ဖောင်းလောင်ယာတဲမှာနေထိုင်တဲ့ မချယ်ရီမာက အူမကြီး မကောင်းတာမို့ ခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ ခွဲစိတ်ကုသဖို့ရာ အခမဲ့ဖြစ်ပေမယ့် ပြင်ပဆေးဆိုင်က ဝယ်ရမှာတွေရှိတာမို့ ဆေးကုသစရိတ်ခက်ခဲနေတယ်လို့ သိရပါတယ်။ တစ်နေ့စာတစ်နေ့ ရှာစားနေရသူတွေဖြစ်တာမို့ ဆေးဖိုးအတွက် တတ်နိုင်သရွေ့ ပါဝင်လှူဒါန်းလိုသူတွေ ဆက်သွယ်နိုင်ပြီး ဆက်သွယ်လှူဒါန်းလိုသူများ ဦးလှမျိုးအောင် ဖုန်း ၀၉ ၄၅၄၉၃၀၆၈၅ ကို အသေးစိတ် စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်



### ထမင်းပေါ် ဖြူးကျွေးနိုင်မယ့် အရုပ်ပုံ Charaful

အစားအစာကျွေးတိုင်း ခက်တယ်ဆိုတဲ့ သားသားမီးမီးလေးတွေရှိတဲ့ မိဘတွေအတွက် အရုပ်ပုံလေးတွေနဲ့ ထမင်းပေါ်ဖြူးစားလို့ရတဲ့ ဂျပန်ထုတ် Charaful ဆိုတဲ့ သရေစာထုတ်လေးကို ညွှန်ပေးချင်ပါတယ်။ အရုပ်လေးတွေနဲ့မို့ အစာကျွေးရခက်တဲ့ ကလေးငယ်တွေအတွက် အစားဝင်ဖို့ ထောက်ကူပေးမှာဖြစ်ပြီး ငါးကနေ ထုတ်လုပ်ထားတဲ့ အရုပ်လေးတွေပါ ။ ဂျပန်နိုင်ငံထုတ်ဖြစ်ပြီး တစ်ထုပ်မှာ အရုပ်ပုံ ၃၀ လောက် ပါဝင်ပါတယ်။ ဈေးနှုန်းက တစ်ထုပ်ကို ၃,၃၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် Hello Japan Store ရဲ့ Facebook ပေ့ချ်ဖြစ်တဲ့ https://www.facebook.com/Hello-Japan-Store-2082507872021854/ မှာ ဝင်ရောက်ကြည့်ရှုမှာယူနိုင်သလို ဖုန်း ၀၉ ၆၉၅၁၇၁၃၁၁ ကို ဆက်သွယ်ပြီးလည်း မှာယူနိုင်မှာပါ။ ■



# ပြည်ပရောက်မြန်မာနိုင်ငံသားများနှင့် နိုင်ငံသားဟောင်းများ နိုင်ငံအကျိုးပြုလုပ်ငန်းများကူညီရန် အစိုးရဖိတ်ခေါ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက် ပါဝင်ကူညီပံ့ပိုးလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများအား အစိုးရက ဖိတ်ခေါ်သည့် ကမ်းလှမ်းချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသား တတ်သိပညာရှင်များအနေနှင့် မိမိတို့ တတ်သိကျွမ်းကျင်သည်ကို နိုင်ငံအတွက် အကျိုးပြုလိုပါက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိမြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးကိုဆက်သွယ်နိုင်ကြောင်းလည်း အစိုးရက ဇန်နဝါရီလ ၁၃ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များအတွင်း မြန်မာနိုင်ငံသား၊ နိုင်ငံသားဟောင်းများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ၌ မိမိတို့ တတ်သိကျွမ်းကျင်သည့်ပညာအတွေ့အကြုံတို့ဖြင့် တတ်အားသဖြင့် ပါဝင်ကူညီအကျိုးပြုရန်ဖိတ်ခေါ်ခဲ့ပြီး မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများကလည်း ယင်းသို့ပါဝင်အကျိုးပြုရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသားဟောင်းနှင့်မြန်မာနိုင်ငံသား အသိပညာရှင်အတတ်ပညာရှင်များအနေနှင့် ပါဝင်လိုပါက ပါဝင်လိုရမည့် ကိုယ်ရေးမှတ်တမ်းပုံစံဖြည့်စွက်ကာ ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးတွင် လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ယင်းသို့ ပြည်ပရောက်နိုင်ငံသားများအနေနှင့် အကျိုးပြုချင်သည့်သူများနှင့် အကျိုးပြုလိုသူများ၏ အကူအညီကို ကဏ္ဍစုံတွင် နေရာအလိုက် အံဝင်ခွင်ကျဖြစ်ရန်လိုအပ်ပြီး အစိုးရအနေနှင့် လိုလားသည့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ကြောင်း အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူ ဂရေစီ (ခေါ်) မယမင်းအိမ်က လူမှုကွန်ရက်မှတစ်ဆင့် သုံးသပ်ပြောကြားသည်။

"ကျွန်တော်တို့တတ်ကျွမ်းတဲ့နေရာမှာ အံဝင်ခွင်ကျဖြစ်ဖို့လိုပါတယ်။ ပြီးတော့ တကယ်ပဲ အကျိုးပြုလုပ်ငန်းတွေမှာ အစိုးရအနေနဲ့လည်း လက်တွေ့ကျတဲ့ ပူးပေါင်းမှု၊ ဦးဆောင်မှုပေးဖို့လိုတယ်လို့ ကျွန်တော်တို့ကတော့မြင်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကောင်းမွန်ပါတယ်။ ဘယ်အခန်းကဏ္ဍတွေမှာ ဘယ်လိုလုပ်ဆောင်ခွင့်ရမလဲတော့ မသိသေးဘူးပေါ့။ ပြည်ပရောက်မြန်မာတွေတော်တော်များများလည်း စိတ်ဝင်စားကြတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိ အစိုးရထုတ်ပြန်ချက်တွင် နိုင်ငံတော်အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ကူညီပံ့ပိုးဆောင်ရွက်လိုသူများအနေနှင့် ဆန္ဒပြုမည့်၊ ဖြည့်စွက်ရမည့်ပုံစံဖြင့် လျှောက်ထားရမည်ဖြစ်ပြီး မွေးဖွားရာဇာတိ၊ လက်ရှိနိုင်ငံသား၊ လက်ရှိအလုပ်အကိုင်၊ လေ့လာသင်ယူခဲ့သည့် ပညာရပ်ဆိုင်ရာဘွဲ့၊ ကျွမ်းကျင်သည့်နယ်ပယ်၊ တတ်ကျွမ်းသည့်အခန်းကဏ္ဍ၊ ပါဝင်အကျိုးပြုလိုသည့် အခန်းကဏ္ဍ၊ ပါဝင်ကူညီနိုင်သည့် ကာလနှင့် နေရာ (ပြည်တွင်း/ပြည်ပ) စသည်တို့ကို ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■

J-08

The VOICE Daily

CARTOON




## ဖြန့်ချိရေးကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊ ၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈

# နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာ အဆင့်မီ မိခင်နို့ရည်ဘဏ်ကို ဇန်နဝါရီလ ၁၁ ရက်နေ့က ရန်ကုန်မြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သိရသည်။

မိခင်နို့ရည်ဘဏ်မှ နို့ရည်ဖြင့် မိခင်နို့ရည်မရရှိနိုင်သော နာမကျန်းမိခင်များ၏ ကလေးများ၊ မိခင်သေဆုံးသွားသည့် ကလေးများ၊ စွန့်ပစ်ခံကလေးများ၊ လမစေ့၊ ကိုယ်အလေးချိန်မပြည့်ဘဲ မွေးဖွားသော ကလေးများကို တိုက်ကျွေးနိုင်မည်ဖြစ်သည်။

"ကလေးမွေးပြီးပြီးချင်း နို့မထွက်သေးတော့ ဆေးရုံကနေ နို့တောင်း တိုက်ရတယ်။ မွေးကင်းစကလေးကို နို့မှုန့်တိုက်တာ မလုပ်သင့်ဘူး။ မိခင်နို့ရည်က အကောင်းဆုံးလို့သိရတယ်" ဟု ဗဟိုအမျိုးသမီးဆေးရုံတွင် ကလေးတက်ရောက် မွေးခဲ့သည့် အမျိုးသမီးတစ်ဦး၏ ခင်ပွန်းဖြစ်သူက ဆိုသည်။

ရန်ကုန်ကလေးဆေးရုံကြီး၊ ရန်ကင်းကလေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးခုတင် (၅၅၀) ဆံ့ကလေးဆေးရုံကြီးနှင့်တောင်ကြီးအမျိုးသမီးနှင့် ကလေးဆေးရုံကြီးတို့တွင်လည်း နို့ရည်များကိုရောဂါပိုးကင်းရှင်းအောင် သန့်စင်သော နို့ပေါင်းခံစက် (Human Milk Pasteurizer) ၁ လုံးစီကို ဝယ်ယူထားပြီး နိုင်ငံတကာအဆင့်မီ မိခင်နို့ရည်ဘဏ်များ တည်ထောင်နိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ■

**အေးသန္တာထွန်း**

CARTOON




ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊
၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈

# ဖျားနာတိုင်းတာသည့် Thermal Scan မူဆယ်နယ်စပ် ဝင်ပေါက်တွင် စတင်တပ်ဆင်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသူများကို အဖျားရောဂါနှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရန် ဖျားနာတိုင်းတာသည့် Thermal Scan ကို မူဆယ်နယ်စပ် ဝင်ပေါက်တွင် ယနေ့ (ဇန်နဝါရီ ၁၄) တွင် စတင်တပ်ဆင်မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်ခင်ကြီး က ပြောကြားသည်။

ဖျားနာတိုင်းတာသည့် Thermal Scan ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် တပ်ဆင်ထားပြီး နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် မြဝတီနှင့် တာချီလိတ်တို့တွင်လည်း Non-Contact Thermometer တပ်ဆင်ကာ စစ်ဆေးနေကြောင်း ၎င်းကရှင်းပြသည်။

"ခရီးသည်တွေအကုန်စစ်တယ်။ တရုတ်ကလာတာတွေ ပိုဂရုစိုက်ပြီး စစ်တယ်" ဟု ဒေါက်တာခင်ခင်ကြီးက ဆိုသည်။

၂၀၁၉ နှစ်သစ်ကူးကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် ဖျားခြင်းနှင့် အသက်ရှူရခက်ခဲခြင်း ရောဂါလက္ခဏာများဖြင့် Viral Pneumonia လူနာတစ်ဦး တွေ့ရှိခဲ့ရာ ဇန်နဝါရီလ ၅ ရက်နေ့ထိ ရောဂါဖြစ်ပွားသူ ၅၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဝူဟန်မြို့မှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ခရီးသည်များအနေနှင့် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း စသည့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ လက်ရှိ ဖြစ်ပွားလျက်ရှိပါက (သို့မဟုတ်) လွန်ခဲ့သော ၁၄ ရက်အတွင်း ရောဂါလက္ခဏာများ ဖြစ်ပွားခဲ့ပါက (သို့မဟုတ်) ပြန်လည်ရောက်ရှိပြီး (၁၄) ရက်အတွင်း အဆိုပါ ရောဂါလက္ခဏာများ ဖြစ်ပွားပါက လေဆိပ်ကျန်းမာရေးဌာနနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သင်၏ ကျန်းမာရေးအား အခမဲ့ကုသပေးနိုင်ရေးအတွက် အမြန်ဆုံးသတင်းပေးပို့ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။ ■

**အေးသန္တာထွန်း**

# ကလေးများကာကွယ်ဆေးတွင် ကာကွယ်ဆေးတစ်မျိုးထပ်တိုးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အာရှဒေသတွင် ရိုတာဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုအများဆုံး နိုင်ငံများတွင် ပါဝင်သည့် မြန်မာနိုင်ငံ၏ အမျိုးသားကာကွယ်ဆေးထိုး အစီအစဉ်တွင် ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ကလေးများ ကာကွယ်ဆေးတွင် ကာကွယ်ဆေးတစ်မျိုး ထပ်တိုးပေးတော့မည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သိရသည်။

ဖေဖော်ဝါရီလတွင် အသက် ၂ လပြည့်သည့် ကလေးများကို စတင်တိုက်ကျွေးမည်ဖြစ်သည့် ကာကွယ်ဆေးသစ်မှာ ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးဖြစ်ပြီး ရိုတာဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခြင်းကို ကာကွယ်နိုင်သည့်ဆေးဖြစ်သည်။

"အရင်က အပြင်ဆေးခန်းမှာ ထိုးပေးရတယ်။ ကလေးအထူးကုဆေးခန်းမှာ သွားထိုးတာ ဝန်ဆောင်ခ၊ ဆေးဖိုးတွေရောနဲ့ လေးသောင်းလောက်ကုန်ခဲ့တယ်။ နောက်မွေးတဲ့ကလေးတွေ အခမဲ့ဆေးရမှာဖြစ်လို့ ဝမ်းသာပါတယ်" ဟု ရန်ကုန်မြို့နေ အသက် ၂ နှစ်အရွယ် ကလေးတစ်ဦး၏ မိခင် ဒေါ်သီသီက ဆိုသည်။

ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ယခင်က ကာကွယ်ဆေး ၁၁ မျိုးရှိသည်။

၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဆေးရုံကြီးများတွင် တက်ရောက်ကုသနေသည့် အသက် ၅ နှစ်အောက်ကလေးများ သေဆုံးရသည့် အကြောင်းရင်းများတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် သေဆုံးမှုသည် တတိယအများဆုံးဖြစ်သည်။

၂၀၁၃ ခုနှစ်က ကမ္ဘာတစ်ဝန်းရှိ အသက်ငါးနှစ်အောက် ကလေးငယ်များ ဒုတိယအများဆုံး သေဆုံးရသည့်ရောဂါမှာ ဝမ်းပျက်ဝမ်းလျှော ရောဂါကြောင့် ကလေးငယ်ပေါင်း ၅ သိန်းကျော်ကို အသက်ဆုံးရှုံးစေခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကို ကလေးငယ်များအား တိုက်ကျွေးကြရန် တိုက်တွန်းခဲ့သည်။ ■

**အေးသန္တာထွန်း**

# "လက်ရှိ သံသယလူနာတစ်ယောက်မှ မရှိဘူး"

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံခြင်း

အေးသန္တာထွန်း

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားရာမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပါ သတိပေးချက်ထုတ်ထားသည့် Novel (new) Coronavirus သည် မြန်မာနိုင်ငံတွင်းတွင် ကူးစက်ခံရသူမရှိခြင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လုပ်ဆောင်နေမှုများနှင့် အများပြည်သူလိုက်နာရမည့် ကျန်းမာရေးအသိပညာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးကို The Voice Daily က ဆက်သွယ်မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြပါသည်။**

**Voice : Novel (new) Coronavirus သတင်း စသိရတဲ့အခြေအနေကို သိပါရစေ။**

**Dr KKG :** ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်က ဝူဟန်မှာ Pneumonia (နမိုးနီးယား) ဖြစ်တယ်ဆိုတာကို စပြီး သတင်းရတယ်။ WHO (ကမ္ဘာ့ကျန်းမာရေးအဖွဲ့) က ဇန်နဝါရီလ ၅ ရက်နေ့မှ သတင်းပေးပို့တယ်။ ဝူဟန်မှာတော့ အမျိုးအမည်မသိ Pneumonia ဖြစ်တယ်ဆိုပြီး သတင်းပို့တယ်။ ဖြစ်တဲ့သူတွေကို စစ်ဆေးမှုအရ ဝူဟန်ရဲ့ Seafood Market အကြီးကြီးမှာ စဖြစ်တယ်။ အဲဒီဟာနဲ့ သွားလာ ဝင်ထွက် ရောင်းချတာနဲ့ ဆက်စပ်မှုရှိတာတွေ့ရတယ်။ ဇန်နဝါရီလ ၅ ရက်နေ့ စာအရ ၅၉ ယောက် (ရောဂါကူးစက်ခံရကြောင်း) ထောက်လှမ်းမိတယ်။ အဲဒီလူတွေနဲ့အနီးကပ်ထိတွေ့သူတွေကို ကြပ်ကြပ်မတ်မတ်စောင့်ကြည့်နေတယ်။ လူတွေက SARS ကို ကြောက်ကြတယ်။ ၂၀၀၂ ခုနှစ်မှာ တစ်ကမ္ဘာလုံးမှာ ၇၀၀ ကျော်လောက် ဆုံးတယ်။ စိုးရိမ်စရာလည်း ကောင်းတာကိုး။ လူတွေစိတ်ပူနေတဲ့ Adenovirus၊ SARS၊ Middle East Respiratory Syndrome (MERS) အဲဒါတွေတော့မဟုတ်ဘူးဆိုပြီး စထုတ်တဲ့ Report မှာပါတယ်။ ဒါပေမဲ့ ဘာမှန်းတော့ မသိဘူး။ မသိတဲ့အတွက်ကြောင့် လိုအပ်တဲ့စစ်ဆေးမှုတွေကိုလုပ်ဖို့ တရုတ်ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆက်လုပ်နေတယ်ဆိုပြီးပြောတယ်။ ဒါက စဖြစ်တုန်းက အခြေအနေ။

**Voice : နောက်ဆုံးအခြေအနေ သိပါရစေ။**

**Dr KKG :** နောက်ဆုံးအခြေအနေကတော့ WHO တင်မကဘူး။ ASEAN EOC (အာဆီယံကျန်းမာရေးအသိုက်အဝန်း) နဲ့ သတင်းတွေမျှဝေနေတယ်။ ဝူဟန်မှာ ဇန်နဝါရီလ ၁၃ ရက်နေ့ထိ ရောဂါလက္ခဏာခံစားနေရတဲ့ Case အသစ်မရှိတော့ဘူး။ တကယ့်တကယ်မရှိတော့တာက ၃ ရက်နေ့ကတည်းက မရှိတော့တာ။ Seafood Market ကိုလည်း ဇန်နဝါရီလ ၁ ရက်နေ့ကတည်းက ပိတ်လိုက်ပြီ။ ၉ ရက်နေ့မှာ အသက် ၆၁ နှစ်ရှိ အမျိုးသားလူနာတစ်ဦးဆုံးတယ်။ အဲ့ဒါအပြင် နောက်ထပ်သေတာမရှိတော့ဘူး။ အခုထက်ထိ ဝူဟန်မှာ Coronavirus Pneumonia ခံစားနေရတာ ၄၁ ယောက်ရှိတယ်။ ၇ ဦးဆေးရုံဆင်းပြီ။ ၆ ဦးက စိုးရိမ်နေရဆဲဖြစ်လို့ ဆေးရုံတင်ထားရတယ်။ ကျန်တဲ့လူနာတွေအကုန် စိတ်ချရတယ်။ လူနာနဲ့ထိတွေ့တယ်ယူဆရသူ ၇၆၃ ယောက်ရှိတယ်။ ၇၆ ယောက်ကို ဖယ်ထုတ်လိုက်နိုင်ပြီ။ ၆၈၇ ယောက်က စောင့်ကြည့်နေဆဲ။ အခုထက်ထိ လူတစ်ဦးက တစ်ဦးကူးစက်တာ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်တဲ့ သက်သေအထောက်အထားမရှိသေးဘူး။ WHO က ယနေ့ရတဲ့သတင်းအရ ဝူဟန်ကလာတဲ့ အသက် ၆၁ နှစ်အရွယ် အမျိုးသမီးတစ်ဦး Coronavirus စစ်ဆေးစမ်းသပ်တွေ့ရှိရတယ်ဆိုပြီး ထိုင်းလေဆိပ်မှာ တွေ့တယ်။

**Voice : မြန်မာနိုင်ငံကို မကူးစက်လာအောင် ဘယ်လိုတွေ ပြင်ဆင်ထားပါသလဲ။**

**Dr KKG :** မြန်မာနိုင်ငံမှာလည်း ရန်ကုန်လေဆိပ်၊ နေပြည်တော်လေဆိပ်၊ မန္တလေးလေဆိပ်တွေမှာ TV လိုမျိုး Thermal Scan တပ်ထားတယ်။ ခရီးသည်တွေ လေဆိပ်ကဆင်းလာရင် နဖူးကို ချိန်ထားတယ်။ တကယ်လို့ ဖျားနေတယ်ဆိုရင် နဖူးမှာ အနီကွက်တွေပေါ်တယ်။ ဖျားနေရင် လူနာကိုခေါ်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ချောင်းဆိုတာရှိသလား၊ အသက်ရှူကျပ်တာရှိသလား။ ဝူဟန်မှာ လွန်ခဲ့တဲ့ ၁၄ ရက်အတွင်းနေခဲ့သလား။ ဝူဟန်က ပြန်လာတာလား။ သူ့ရဲ့ အလုပ်အကိုင်မေး။ တကယ်လို့အဲဒါတွေနဲ့ ကိုက်လား။ အဲဒါတွေနဲ့ ကိုက်ညီတယ်ဆိုရင် သံသယလူနာလို့သတ်မှတ်ပြီး ရန်ကုန်မှာဆို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးဆေးရုံကြီး၊ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး ပို့မယ်။ လိုအပ်တဲ့ လူတွေ၊ ကားတွေ၊ လူနာထားဖို့နေရာ၊ စက်ကိရိယာ၊ လူအင်အား၊ Team က အစ အားလုံးဖွဲ့စည်းပြင်ဆင်ထားရှိပြီးဖြစ်တယ်။


Khin Khin Gyi facebook

**Voice : တခြားပြင်ဆင်မှုတွေ ရှိရင် သိပါရစေ။**

**Dr KKG :** လေဆိပ်အပြင် မြဝတီ၊ မူဆယ်၊ တာချီလိတ်တို့မှာ ခရီးသည်တွေအကုန်စစ်တယ်။ တရုတ်က လာတာတွေ ပိုဂရုစိုက်ပြီး စစ်တယ်။ Non-Contact Thermometer တွေတပ်ဆင်ထားတယ်။ မူဆယ်မှာ ဒီနေ့ (ဇန်နဝါရီ ၁၄) Thermal Scan တပ်တယ်။ စစ်လိုက်လို့ အဖျားရှိတယ်ဆိုရင် တခြားအသက်ရှူလမ်းကြောင်းနဲ့ဆိုင်တာတွေ၊ ဝူဟန်က ပြန်လာတာတွေ စတာတွေ စစ်တယ်။

**Voice : မြန်မာပြည်မှာ သံသယလူနာတွေ့ရပါသလား။**

**Dr KKG :** မရှိသေးဘူး။ သံသယလူနာဆိုတာ ဖျားရုံနဲ့ သံသယလူနာလို့ မသတ်မှတ်ဘူး။ အခြားကိုက်ညီတာတွေ ရှိလားစစ်သေးတယ်။ လက်ရှိ သံသယလူနာတစ်ယောက်မှ မရှိဘူး။

**Voice : မြန်မာနိုင်ငံက ဘာတွေလုပ်နေပါသလဲ။**

**Dr KKG:** အစ်မတို့မှာ စောင့်ကြပ်ကြည့်ရှုထောက်လှမ်းတဲ့ Sentinel Surveillance ရှိတယ်။ တုပ်ကွေးဆန်သောရောဂါရှိ မရှိ (Influenza Like Illness Surveillance) စစ်ဆေးတယ်။ တစ်နိုင်ငံလုံးမှာ Sentinel ဆေးရုံ ၈ ခုရှိတယ်။ GP ၂ ခုရှိတယ်။ အဲဒီ ၁၀ ခုကနေပြီးတော့ အဖျားရောဂါ ရှိ၊ မရှိ၊ တုပ်ကွေးဆန်တဲ့လက္ခဏာရှိ မရှိ စောင့်ကြပ်ကြည့်ရှုတဲ့စနစ်ရှိတယ်။ အဲဒီစနစ်က တစ်နိုင်ငံလုံး လွှမ်းခြုံထားပြီးသား။ ဒါကြောင့် ရာသီတုပ်ကွေးတုန်းက စောစောစမ်းသပ်မိပြီး စောစောကုသနိုင်ပြီး လိုအပ်တာတွေလုပ်နိုင်တယ်။ တစ်နိုင်ငံလုံးဖြန့်ကြက်ထားတဲ့ Sentinel ရှစ်ခုက ရန်ကုန်ဆေးရုံကြီး၊ သဃ်န်းကျွန်းဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး၊ မြစ်ကြီးနား၊ မြဝတီ၊ မူဆယ်၊ စစ်တွေဆေးရုံတို့နဲ့ GP မှာဆို ရန်ကုန်မှာတစ်ခု၊ မန္တလေးမှာတစ်ခုရှိတယ်။ အဲဒီကနေ လူနာက ဖျားတယ်၊ ချောင်းဆိုးတယ်ဆို ခတ်ခွဲနမူနာယူပြီး NHL ကိုပို့တယ်။ Surveillance တွေကို အားဖြည့်ဆောင်ရွက်သလို သံသယလူနာတွေ့ရင် ထိတွေ့တဲ့ မိသားစုတွေ၊ လေယာဉ်မှာတွေ့ရင် အတူစီးခဲ့တဲ့ လူတွေထိလိုက်ဖို့ကအစ စီစဉ်ထားပြီးဖြစ်တယ်။

**Voice : ဘယ်ကာလလောက်ဆို စိတ်ချရတဲ့ကာလလို့ သတ်မှတ်ပါမလဲ။**

**Dr KKG :** စိတ်ချရတဲ့ကာလလို့ သတ်မှတ်ဖို့ နေနေသာသာ ဘယ်ကနေ ဘယ်လိုကူးတယ်ဆိုတာတောင် မသိသေးဘူး။

**V0ice : Seafood Market ကဖြစ်တယ်ဆိုတော့ ဒီမှာရော ဘာတွေလုပ်ဖို့ရှိလဲ။**

**Dr KKG :** ဝူဟန်မှာရှိတဲ့ Seafood Market က တချို့နေရာတွေမှာ တောရိုင်းတိရစ္ဆာန်တွေ ရောင်းဝယ်တာ၊ ဖောက်ကားတာရှိတယ်။ အခုထက်ထိ ဘာကြောင့်ဆိုတာ မသိသေးလို့ Seafood ကြောင့်ဖြစ်တယ်လို့ ပြောလို့မရသေးဘူး။ Seafood ကြောင့်ဖြစ်ဖို့ဆိုတာ ရာခိုင်နှုန်းနည်းသွားပြီ။ မြန်မာနိုင်ငံမှာ ပင်လယ်စာထုတ်ကုန်ရောင်းချရေးစက်ရုံတွေရှိတယ်။ အဲဒါတွေမှာ ဖျားနာလူနာရှိရင် ကျန်းမာရေးဝန်ထမ်းတွေကို အကြောင်းကြားဖို့ လုပ်တယ်။ ခုထိတော့ ဘာကြောင့်ဖြစ်တယ်ဆိုတာ ရှာဖွေနေတုန်းပဲ။

**Voice : ဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး လူအချင်းချင်း ကူးစက်နိုင်ပါသလား သိပါရစေ။**

**Dr KKG :** Coronavirus ကတော့ ကြီးမားတဲ့ ဗိုင်းရပ်စ်မျိုးနွယ်အုပ်စုဝင်တွေဆိုတော့ သာမန်အအေးမိနှာစေးတာ၊ ဖျားနာတာကစပြီး SARS တို့၊ MERS တို့လို အသက်ရှူလမ်းကြောင်းဆိုင်တာတွေထိဖြစ်နိုင်တဲ့ ဗိုင်းရပ်စ်အမျိုးအစား။ သာမန်အအေးမိတာလည်း Coronavirus ၊ SARS တို့ MERS တို့လို ပြင်းထန်တဲ့ထိဖြစ်နိုင်တယ်။ အခုဖြစ်နေတာ Novel (new) Coronavirus ဆိုပြီး Diagnosis ရပြီ။ Novel Coronavirus အရင်ကလောက် လူတွေကို ကူးစက်ခြင်းမရှိတဲ့ ဗိုင်းရပ်စ်အမျိုးအစားအသစ်။ ပထမဆုံးစဖြစ်တုန်းက SARS တွေလား၊ MERS တွေလားဆိုပြီး စိုးရိမ်နေကြတာ။ ၂၀၀၂ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ SARS ဖြစ်တယ်။ SARS ဖြစ်တာ ကြောင်ကတိုးကနေ စဖြစ်တာ။ ၂၀၁၂ ခုနှစ်မှာ ဆော်ဒီအာရေးဗီးယားမှာ MERS ဖြစ်တယ်။ အဲဒါသစ်ကုလားအုတ်ကနေတစ်ဆင့်ဖြစ်တယ်။ အဲဒါတွေကလည်း Coronavirus အုပ်စုပဲ။ Coronavirus အများစုက တိရစ္ဆာန်မှာပဲ ပျံ့နှံ့တယ်။ လူကို ကူးစက်ခြင်းမရှိဘူး။ Coronavirus က လူကနေတစ်ဆင့် လူကိုကူးစက်နိုင်တယ်။ ရောဂါရှိသူနဲ့ အတူနေ မိသားစုဝင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်နိုင်တယ်။ ဒါပေမဲ့ အခုတွေ့ရတဲ့ Novel Coronavirus က လူကနေ လူကို ကူးစက်တဲ့ အထောက်အထား အခုထက်ထိ မရှိသေးဘူး။ သူ့အတွက် ကာကွယ်ဆေးမရှိသေးဘူး။ သူက အသစ်ကိုး။ သူ့အတွက် တိကျတဲ့ရောဂါကုထုံးတွေမရှိသေးဘူး။ ဒါပေမဲ့လူနာအခြေအနေပေါ်မူတည်ပြီး ရောဂါလက္ခဏာတွေကို ကုသနိုင်တယ်။

**Voice: ဘယ်လိုနည်းလမ်းတွေနဲ့ ကာကွယ်နိုင်ပါသလဲ။**

**Dr KKG:** သူက ဖျားနာတယ်၊ နှာစေးတယ်၊ နှာချေတယ်၊ ချောင်းဆိုးတယ်ဆိုတော့ အဲလိုရောဂါဖြစ်သူနဲ့ အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်မယ်။ လက်ကို စနစ်တကျ မကြာခဏဆေးမယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ဆိုးမယ်။ လူထူထပ်တဲ့နေရာ မသွားဘူး။ ဒါတွေက မကူးစက်အောင်ရှောင်ကြဉ်နည်း။ ကိုယ်ခံအားကောင်းအောင်နေမယ်။ သန့်ရှင်းလတ်ဆတ်တဲ့အစားအသောက်တွေစားမယ်။ အိပ်ရေးဝအောင် အိပ်မယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာနေမယ်။ သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်မယ်။ ဒါဆိုရင် ကိုယ်ခံစွမ်းအားတက်လာရင် ရောဂါပိုးကူးစက်တဲ့ဒဏ်ကို ကာကွယ်နိုင်မယ်။

**Voice : ကျေးဇူးတင်ပါတယ်။**

■ အေးသန္တာထွန်း

# 2019 International Fighter of the Year ဆုကို အောင်လအန်ဆန်ဆွတ်ခူး

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**



Fighters Only Magazine က ချီးမြှင့်ခဲ့သည့် ၂၀၁၉ International Fighter of the Year ဆုကို မြန်မာပြည်ဖွား ကမ္ဘာ့ချန်ပီယံ ခါးပတ်နှစ်ခုပိုင်ရှင် အောင်လအန်ဆန် ဆွတ်ခူးနိုင်ခဲ့သည်။

အမေရိကန်နိုင်ငံသားအောင်လအန်ဆန်ဟာ ၂၀၁၉ International Fighter of the Year ဆုကိုရရှိခဲ့ကြောင်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားပြီး ယင်းဆုရရှိရန်မဲပေးရွေးချယ်ပေးခဲ့သူအားလုံးကိုကျေးဇူးတင်ကြောင်း ရေးသားထားသည်။

အောင်လအန်ဆန်သည် ယင်းဆုအတွက်ဆန်ခါတင်စာရင်း၌ UFC နာမည်ကျော်တိုက်ခိုက်ရေးသမားခါဘစ်၊ အီရန်နွယ်ဖွားဂီဂတ်မူဆာဆီ၊ အမေရိကန်တိုက်ခိုက်ရေးသမား ဒက်စတင်ပိုရီရာ၊ အမေရိကန်တိုက်ခိုက်ရေးသမား ဒန်နီရယ်ကော်မီယာတို့နဲ့ ခက်ခဲစွာယှဉ်ပြိုင်ခဲ့ရပြီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Fighters Only Magazine က MMA တိုက်ခိုက်ရေးပွဲစဉ်များတွင် အကောင်းဆုံးတိုက်ခိုက်မှု ပြုလုပ်နိုင်သည့် ကစားသမားများကို ရွေးချယ်ခဲ့ပြီး အွန်လိုင်းကတစ်ဆင့် ပရိသတ်များ၏ ဆန္ဒမဲနဲ့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုသည် MMA လောကတွင် နာမည်အကျော်ကြားဆုံးဆုတစ်ခုအဖြစ် ထင်ရှားသည့်ဆုဖြစ်သည်။

International Fighter of the Year ဆုကို အောင်လအန်ဆန်က ၂ နှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်သည်။

၂ နှစ်ဆက်တိုက် ဆုရရှိမှုအဖြစ် အိုဗာရမ်နဲ့ ကွန်နာမက်ဂရီဂေါ်တို့ နှစ်ဦးသာရှိခဲ့သော်လည်း အောင်လအန်ဆန်သည် ၂ နှစ်ဆက်ရရှိခဲ့ခြင်းကြောင့် ၂ နှစ်ဆက်ဆုရရှိသည့် ကစားသမားသုံးဦးရှိလာပြီဖြစ်သည်။

အောင်လအန်ဆန်သည် လက်ရှိတွင် ONE Championship လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဖြစ်ပြီး ၂၀၂၀ခုနှစ်အတွင်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲများဆက်တိုက် ယှဉ်ပြိုင်သွားရန် စီစဉ်ထားသည်။

■ **ချစ်ဝိုင်း**

# စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို ‘ဝ’ နယ်သို့ခေါ်ဆောင်ကာ သတ်ပြီးနောက် ဇနီးဖြစ်သူထံမှ ကျပ်သိန်း ၂၀၀ ကျော် ခြိမ်းခြောက်ငွေတောင်းခံမှု စတင်စစ်ဆေး

**လားရှိုး၊ ဇန်နဝါရီ ၁၄**



ကျောက်ပန်းတောင်းဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို 'ဝ'နယ်သို့ ခေါ်ဆောင်ကာ သတ်ပြီးနောက် ဇနီးဖြစ်သူထံ ခြိမ်းခြောက်ငွေတောင်းခဲ့သည့် ဘုန်းတော်ကြီး ဦးခေမာသီရိ(ခ)စောဖိုးခွားပါ အမှုကို ဇန်နဝါရီလ ၁၃ ရက်နေ့က အမှုကို စတင်စစ်ဆေးနိုင်ရန် ဆင့်ခေါ်ထားသော်လည်း စစ်ဆေးနိုင်ခြင်းမရှိခဲ့ကြောင်း လားရှိုးခရိုင်တရားရုံးထံမှ သိရသည်။

“စစ်ဆေးမယ့် တရားသူကြီးက ဟိုပန်'ဝ'တိုင်းဒေသမှာ တရားရုံး ရုံးဖွင့်ပွဲသွားနေရလို့ မစစ်ဆေးဖြစ်တာပါ။ ဇန်နဝါရီလ ၂၁ ရက်နေ့ကို ပြန်ချိန်းထားပါတယ်”ဟု တရားရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောက်ပန်းတောင်းမြို့နယ်နေ ကိုခိုင်ဇော်ဝင်း(ခ)ကိုနေရှိုင်းသည် ၎င်းပိုင်မော်တော်ယာဉ်ဖြင့် ဆရာတော် ဦးခေမာသီရိ၊ ဦးဟန်သိန်းတို့နှင့်အတူ HUMMER မော်တော်ယာဉ်ဖြင့် တရုတ်ပြည်နယ်စပ်သို့ အလည်သွားရောက်စဉ် ဇနီးဖြစ်သူနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး ရဲတပ်ဖွဲ့ကို အကူအညီတောင်းခံရာက ကိုခိုင်ဇော်ဝင်း (ခ) ကိုနေရှိုင်း၏ရုပ်အလောင်းကို တန့်ယန်းမြို့အထွက် ပန်ဆန်းမြို့နယ်ဘက်သွားကားလမ်းမဘေးတစ်နေရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တန့်ယန်းမြို့မရဲစခန်းထံမှ သိရသည်။

“လူသတ်မှု၊ ခြိမ်းခြောက်မှု၊ အလောင်းဖျောက်မှုတွေနဲ့ တရားစွဲထားတာပါ၊ တည်းခိုခန်းမှာ အသတ်ခံရတယ်။ ပြီးတော့ သေဆုံးသူရဲ့အမျိုးသမီးဆီကို ဖုန်းဆက်ပြီး ငွေသိန်း ၂၀၀ လွှဲပေးဖို့ တောင်းခဲ့တယ်။ အလောင်းကိုလည်း လမ်းဘေးမှာပစ်ချပြီး ဖျောက်ဖျက်ဖို့ ကြိုးစားခဲ့တယ်။ ပြစ်မှုကျူးလွန်ရာမှာလည်း နှစ်ယောက်စလုံး ပူးပေါင်းပါဝင်တာတွေ့ရလို့ ပုဒ်မလေးခုနဲ့ တရားစွဲထားတယ်”ဟု တန့်ယန်းမြို့မရဲစခန်းမှူးက ရှင်းပြသည်။

အဆိုပါရုပ်အလောင်းကိုတွေ့ရှိပြီးနောက် ဘုန်းကြီးဦးခေမာသီရိနှင့် ဦးဟန်းသိန်းတို့ကို ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် နိုဝင်ဘာလ ၂၃ ရက်နေ့က မော်တော်ယာဉ်နှင့်အတူ ဖမ်းမိပြီး တန့်ယန်း မြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ကာ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၈၇(ခြိမ်းခြောက်ငွေတောင်းခံမှု)၊ ရာဇသတ်ကြီးပုဒ်မ ၂၀၂(အလောင်းဖျောက်ဖျက်မှု)/ရာဇသတ်ကြီးပုဒ်မ ၁၁၄ (ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှု)ပုဒ်မများဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမှုကို လားရှိုးခရိုင်တရားရုံးက အမှုကြီးအမှတ် ၄၁၅/၂၀၁၉ ဖြင့် ဒီဇင်ဘာလ ၂၃ ရက်နေ့က လက်ခံခဲ့ပြီး ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမှုဖွင့်တိုင်ကြားသူ တရားလို ဒေါ်အောင်ဌေးညွန့် (အသတ်ခံရသူ၏ဇနီး) ကို စစ်ဆေးနိုင်ရန် ဆင့်ခေါ်ခဲ့သော်လည်း စစ်ဆေးနိုင်ခြင်းမရှိခဲ့ပေ။ ■

**မမ (လားရှိုး)**

# လာဘ်စားမှုအပါအဝင် အခြားပြစ်မှုများကြောင့် စည်ပင်ဝန်ထမ်း ၈၀ ကျော် အရေးယူခံရ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

လာဘ်စားမှုအပါအဝင် အခြားပြစ်မှုများကြောင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်စည်ပင်သာယာရေး ဝန်ထမ်း ၈၀ ကျော်ကို နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ သိရသည်။

ယင်းသို့ အရေးယူရခြင်းမှာ လာဘ်စားခြင်းအပါအဝင် အခြားသော ပြစ်မှုများကိုကျူးလွန်ခြင်း၊ စည်းကမ်းဖောက်ခြင်းတို့ကြောင့်ဖြစ်ပြီး ဝန်ထမ်းစုစုပေါင်း ၈၂ ဦးကို အရေးယူခဲ့ကြောင်း စီမံရေးရာဌာနကဆိုသည်။

“စည်ပင်တွေက ဘာမှမထူးလာဘူးလို့ ပြောတယ်၊ ဘာမှမထူးရင် လာတိုင်ပါ၊ အဲလိုစွပ်စွဲတာထက် လာတိုင်ပြောပါ။ လာဘ်စားတဲ့သူတွေကို အရေးယူတာပေါ့” ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

သို့သော်လည်း ၂၀၁၉ ခုနှစ်အတွင်းကမူ ဦးမောင်မောင်စိုးအနေနှင့် လာဘ်စားမှုကြောင့် အရေးယူခံရသည့် စည်ပင်ဝန်ထမ်းတစ်ဦးမှမရှိကြောင်း ပြောဆိုထားခဲ့ဖူးသည်။

ယင်းသို့ အရေးယူမှုများတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃/ပါပြစ်ဒဏ်များအရ စာဖြင့် သတိပေးခြင်းခံရသူ အရာရှိ ၃ ဦး၊ နှစ်တိုးလစာရပ်ဆိုင်းခြင်းခံရသူ အရာရှိ ၅ ဦး နှင့် အခြားအဆင့် ၇ ဦး စုစုပေါင်း ၁၂ ဦး၊ ရာထူးတိုးမြှင့်မှုရပ်ဆိုင်းခြင်း ခံရသူ အရာရှိ ၃ ဦး နှင့် အခြားအဆင့် ၁၃ ဦး စုစုပေါင်း ၁၆ ဦးနှင့် ရာထူးအဆင့်လျှော့ချခြင်းခံရသူ အရာရှိ ၃ ဦးနှင့် အခြားအဆင့် ၆ ဦး စုစုပေါင်း ၉ ဦး ဖြစ်ကြောင်း စီမံရေးရာဌာန စာရင်းများမှ သိရသည်။

ထို့အပြင် ထုတ်ပယ်ခြင်းခံရသူ အရာရှိ ၁ ဦးနှင့် အခြားအဆင့် ၁၆ ဦး စုစုပေါင်း ၁၇ ဦး အပြင် အခြားအဆင့် ၂၅ ဦး စည်ပင်သာယာ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်း ယင်းစာရင်းအရ သိရသည်။

■ **မိုမိုအေး**

ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဖားကန့်တွင် ကျောင်းအုပ်ဆရာမတစ်ဦး ကိုယ်ထူကိုယ်ထ ကျောင်းဆောင်သစ်တည်ဆောက်သဖြင့် ပြောင်းရွှေ့ခံရ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ မနကျေးရွာတွင် ကိုယ်ထူကိုယ်ထ ကျောင်းဆောင်သစ်တည်ဆောက်သဖြင့် ကျောင်းအုပ်ဆရာမတစ်ဦး ကျောင်းပြောင်းရွှေ့ခံရကြောင်း ကာယကံရှင်က ပြောကြားသည်။

အဆိုပါအကြောင်းအရာကို ရန်ကုန်မြို့မြန်မာဂျာနယ်လစ် ကွန်ရက်ရုံးခန်းတွင် ကျောင်းအုပ်ဆရာမ ဒေါ်နီနီမြင့်က ဇန်နဝါရီ ၁၄ ရက်နေ့က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ကာ ပြောဆိုလိုက်ခြင်းဖြစ်သည်။

ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော မူလတန်းကျောင်းဆောင်သစ်သို့ ပြောင်းရွှေ့ခွင့်မပြုခြင်း၊ ရာအိမ်မှူးနှင့် ကျောင်းအုပ်ဆရာမကြီးအား မဟုတ်မမှန် တိုင်တန်းခြင်း၊ မြို့နယ်ပညာရေးမှူးက ဥပဒေမဲ့ကျောင်းပြောင်းရွှေ့ခိုင်းခြင်း၊ လစာမပေးခြင်းကိစ္စတို့ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကျောင်းအုပ်ဆရာမ ဒေါ်နီနီမြင့်က "ဘာကြောင့် ကျွန်မကိုပြောင်းရွှေ့သလဲ။ ပြစ်ချက်တစ်စုံတစ်ရာ ရှိသလား။ ရှိရင် ပြောပြပါလို့ မေးတယ်။ ဒါပေမဲ့ ခရိုင်က ပြောတယ်၊ ဒါက ပြည်နယ်က လုပ်တာပါ။ သူတို့ မသိရပါဘူးလို့ပြောတယ်။ ပြောင်းရွှေ့ရတဲ့အကြောင်း သိရရင် ကျွန်မပြောင်းမှာပါ။ အခုလို တိုင်ကြားပြီးမှတော့ ပြောင်းခံရတာ သိက္ခာအများကြီးကျသွားပြီ" ဟု ပြောသည်။

ကျောင်းအုပ် ဒေါ်နီနီမြင့်သည် ကျောင်းဆောက်ခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီများက လှူဒါန်းထားသည့် ငွေကျပ်သိန်း ၁၇၀၀ ကို မိမိတို့သဘောဖြင့် ထုတ်ယူသုံးစွဲနေသည့်အတွက် တားမြစ်စိစစ်ပေးရန် ဖားကန့်မြို့နယ် ပညာရေးမှူးထံ တိုင်ကြားခံထားရသည်။

ဒေါ်နီနီမြင့်ကို မြို့နယ်ပညာရေးမှူးရုံးက စစ်ဆေးသည့်အခါ ကျောင်းဆောက်ခြင်းနှင့် ပတ်သက်ပြီး ငွေရေးကြေးရေး ကိုင်တွယ်မှုတွင် ပါဝင်ခြင်းမရှိဟု စစ်ဆေးပေါ်ပေါက်ထားသည်။

ဖားကန့်မြို့နယ် ပညာရေးမှူးအဖြစ် (ယာယီ) တာဝန်ထမ်းဆောင်ခဲ့သည့် ဦးကျော်မြင့်ဦးက "လစာဖြတ်တာကတော့ မြို့နယ်ပညာရေးမှူးရုံးနဲ့ ဆိုင်တာပေါ့။ သူ့ကို ကျောင်းတစ်ကျောင်းကို ပြောင်းထားတာ။ အမိန့်စာထုတ်ထားတယ်။ ဝန်ထမ်းကတော့ အမိန့်စာထုတ်ထားရင် နာခံရမှာလေ။ သူက မပြောင်းဘူး။ အဲ့ဒါကြောင့် မြို့နယ်ပညာရေးမှူးရုံးက လစာရပ်ထားတဲ့သဘောပါ။ ပြောင်းရွှေ့ခိုင်းသည့်နေရာရောက်ရင် လစာပြန်ရမှာပါ။ ပြောင်းရွှေ့ခိုင်းတာကို အထက်က ညွှန်ကြားတာပါ" ဟု ပြောသည်။

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ အေးမြသာယာ ရပ်ကွက်အုပ်စု၊ မနကျေးရွာရှိအခြေခံပညာမူလတန်းကျောင်းဆောင်သည် ခြစား၊ မိုးယို ၊ ယိုင်နဲ့နေသည့်အတွက် ကျောင်းဆောင်သစ်တည်ဆောက်ရန် ရပ်မိရပ်ဖ ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ အစည်းအဝေး ၁၀ကြိမ် ပြုလုပ်ခဲ့ကာ ကျောင်းသစ်တည်ဆောက်ခဲ့ပြီး လက်ရှိတွင် ၉၀ ရာခိုင်နှုန်းပြီးစီးကာ ကျောင်းသူကျောင်းသား ၅၆ ဦး ပညာသင်ကြားလျက် ရှိသည်။

■ **နှင်းနုဝင်း**

# ကျောက်မဲမြို့ရှိ ဆန်ဆိုင်ကို ဗုံးအတုနှင့် ခြိမ်းခြောက်၍ ငွေကျပ် သိန်း ၁၀၀ တောင်းခံ

**လားရှိုး၊ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့အမှတ် (၆) ရပ်ကွက်ရှိ ဆန်ဆိုင်အနီးတွင် ဇန်နဝါ ရီ ၁၄ ရက်နေ့ နံနက် ၆ နာရီ ခန့်က ဗုံးအတုဖြင့် ခြိမ်းခြောက်ပြီး ငွေကျပ်သိန်း ၁၀၀ တောင်းခံမှုဖြစ်ပွားခဲ့ကြောင်း ကျောက်မဲခရိုင် ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ဗုံးအတုပါ၊ မပေါက်ကွဲနိုင်ပါဘူး၊ စာထဲမှာတော့ ငွေသိန်း ၁၀၀ လာပေးဖို့ ခြိမ်းခြောက်ရေးထားတယ်၊ ဗုံးအတုကို ဆိုင်ရှေ့မှာ ဝါယာကြိုးတွေနဲ့ ချည်ထားပြီး စာတစ်စောင်ကို ပန်းအိုးထဲထည့်ထားခဲ့တာ" ဟု ကျောက်မဲမြို့မရဲစခန်း အရာရှိတစ်ဦးက ပြောသည်။



အဆိုပါဗုံးအတုကို လက်ကိုင်ဖုန်းခါတ်ခဲ ၉ ခု၊ ပါဝါဘဏ်တစ်ခု၊ ဆားကစ်ပြားများဖြင့် ချည်နှောင်ထားပြီး စက္ကူဂျပ်ဖာတစ်ခုအတွင်းထည့်ကာ ဝါယာကြိုးဖြင့် ဆက်သွယ်ထားသည်ကိုတွေ့ရပြီး ခြိမ်းခြောက်ငွေ တောင်းခံထားသော စာတွင် ငွေကျပ်သိန်း ၁၀၀ ကို ချိန်းဆိုထားသည့် နေရာကို လာပို့ရန်နှင့် နောက်ထပ် မည်သည့်အဖွဲ့အစည်းကမျှ ထပ်မတောင်းရန် တာဝန်ယူမည်ဟု ရေးသားထားပြီး မည်သည့်အဖွဲ့အစည်း တံဆိပ်မျှ ရိုက်ထားခြင်းမရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ကျောက်မဲမြို့တွင် လက်နက်ကိုင် အဖွဲ့အစည်းများက အခွန်ငွေကောက်ခံမှုများရှိခဲ့ရာ လက်နက်ကိုင်အဖွဲ့အစည်းမှ မဟုတ်ဘဲ ဗုံးအတုဖြင့် ခြိမ်းခြောက်ငွေတောင်းသူတစ်ဦးကို ၂၀၁၉ ခုနှစ်အတွင်းက ဖမ်းဆီးရမိခဲ့သည်။

■ **မမ(လားရှိုး)**

# မြဝတီမြို့ ယာဉ်တိမ်းမှောက်မှုအတွက် သိန်း ၉၀၀ ကျော် လျော်ကြေးပေး

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြဝတီမြို့နယ်၊ အာရှလမ်းတွင် ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုအတွက် သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရရှိသူ ၃၃ ဦးအတွက် ဇန်နဝါရီ ၁၄ရက်က မြန်မာ့အာမခံလုပ်ငန်းရုံးတွင် လျော်ကြေးငွေ သိန်းကိုးရာကျော်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းယာဉ်တိမ်းမှောက်မှုတွင် ပါဝင်သူများမှာ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နေသော ပြည်ပအလုပ်သမားများဖြစ်ပြီး မြန်မာ့အာမခံလုပ်ငန်းတွင် အသက်အာမခံနှင့် သူတစ်ပါးထိခိုက်မှုအာမခံ ပြုလုပ်ထားသည့်အတွက် လျော်ကြေးငွေ ပေးအပ်ခြင်းဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောသည်။

ဇနီးသေဆုံးမှုကြောင့် လျော်ကြေးရသူ ကိုမျိုးမင်းထိုက်က "ကားမှောက်တာ မိန်းမသေသွားတဲ့အတွက် လျော်ကြေး သိန်း ၆၀ ရတယ်" ဟု ဆိုသည်။

မြဝတီမြို့ အာရှလမ်းမ ကွမ်းခြံကုန်းအဆင်းတွင် ဇန်နဝါရီလ ၃ ရက်နေ့က ပရိဘောဂယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၂ ဦး နှင့် ဒဏ်ရာရရှိသူ ၃၃ ဦးအတွက် အသက်အာမခံကြေး လျော်ကြေးငွေ ၇၉,၈၅၀,၀၀၀ နှင့် သူတစ်ပါးထိခိုက်မှု အာမခံအတွက် လျော်ကြေးငွေ ၁၆,၇၈၀,၀၀၀ စုစုပေါင်း လျော်ကြေးငွေ ၉၆,၆၃၀,၀၀၀ ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

■ **အေးချမ်းသူ**

# လောက်ကိုင်တွင် နင်းမိုင်းတစ်လုံးကွဲ၊ ပြည်သူနှစ်ဦး ဒဏ်ရာရ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်၊ နန်ကော်ကျေးရွာတွင် နင်းမိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ဒေသခံတောင်သူနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ထုတ်ပြန်ချက်အရ သိရသည်။

လောက်ကိုင်မြို့နယ်၊ နန်ကော်ကျေးရွာနေ လော်ကျားရှင်(ဘ) လော်လောက်ဝေနှင့် သွင်းရွှေထောင် (ဘ)သွင်ဆူးတို့ သားအမိနှစ်ဦးသည် ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက် ၇ နာရီခွဲခန့်တွင် လက်ဖက်ခင်းချုံနွယ်များ ရှင်းလင်းရန်အတွက် သွားရောက်စဉ် မိုင်းထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတို့နှစ်ဦးသည် ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀ ခန့် အကွာသို့ အရောက်တွင် လက်နက်ကိုင်များထောင်ထားသည့်မိုင်းဟောင်းတစ်လုံးကိုပေါက်တူးဖြင့်ပေါက်မိကာ မိုင်းပေါက်ကွဲခဲ့သဖြင့် ၎င်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါ မိုင်းထိလူနာများကို နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှု ခံယူထားကြောင်း သိရသည်။

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့များတွင် ပြီးခဲ့သည့် အစိုးရလက်ထက်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ညမထွက်ရအမိန့် (ပုဒ်မ ၁၄၄) ထုတ်ပြန်ထားဆဲဖြစ်သည်။

■ **J-08**

# ဘားအံတွင် မူးယစ်ဆေးဝါးရောင်းချသူကို သေနတ်ဖြင့် ပစ်ဖမ်း

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ်၊ ဘားအံမြို့ အိန္ဒူကျေးရွာတွင် ဇန်နဝါရီ ၁၃ ရက်နေ့က မူးယစ်ဆေးဝါး ရောင်းချသည့် လင်မယားနှစ်ဦး မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးကို သေနတ်ဖြင့်ပစ်ခတ်၍ ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ လင်မယားနှစ်ဦးကို မဖမ်းဆီးခင်း အခင်းဖြစ်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့နယ်၊ မြပြည်ကျေးရွာအဝင် ဘားအံ-အိန္ဒူကားလမ်းတွင် ဆိုင်ကယ်တစ်စီးကို တားဆီးစစ်ဆေးရာ ဆိုင်ကယ်မောင်းသူ သူ့ထက်သာ (၁၉)နှစ် ထံမှ စိတ်ကြွဆေးပြား ၁၀၀ ပြားကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ယင်းနောက်စစ်ဆေးပေါ်ပေါက်ချက်အရ ဘားအံမြို့နယ်၊ အိန္ဒူကျေးရွာတွင် နေထိုင်သော သက်မြင့်အောင်(ခ)အငယ်လေး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးရာ စိတ်ကြွဆေးပြား ၉၀ ပြားကို ထပ်မံတွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီး ယင်းဆေးပြားများကို စောသိန်းမြိုင်(၂၈) နှစ်ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်စဉ် စောသိန်းမြိုင်တို့ လင်မယားနှစ်ဦးမှာ Surf ယာဉ်ဖြင့် အဆိုပါ နေအိမ်အနီးသို့ ရောက်ရှိလာချိန် ဖမ်းဆီးစဉ် ယာဉ်မောင်းနှင်ထွက်ပြေးသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးသောကြောင့် ယာဉ်ရှေ့ဘီးမှာ ကျည်ထိမှန်ပြီး မော်တော်ယာဉ် ရပ်တန့်သွားသဖြင့် စောသိန်းမြိုင်တို့ လင်မယားနှစ်ဦးကို ဖမ်းမိခဲ့ပြီး စစ်ဆေးရာမှ ဝင်းပုတ်ကျေးရွာရှိ ဘောလုံးကွင်းတွင် Toyota Celica ယာဉ်နှင့်အတူ စိတ်ကြွဆေးပြား ၂၄၁၇ ပြားနှင့် ကာဘိုင်သေနတ် တစ်လက်၊ M-16 အမျိုးအစား သေနတ်တစ်လက်နှင့် ကျည်အိမ်ကျည်တောင့်များကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

# မူဆယ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်၊ မူဆယ်မြို့ နောင်မော်ကျေးရွာရှိ ဂိုဒေါင်တစ်ခုတွင် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ထိန်းချုပ်ဓာတုပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့သည့် ဂိုဒေါင်မှာ အားရှေ့၏ ဂိုဒေါင်ဖြစ်ပြီး ယင်းဂိုဒေါင်အတွင်းရှိ ယာဉ်နံပါတ်မပါ ၁၂ ဘီးယာဉ်ပေါ်မှ ပလတ်စတစ်ပီပါများဖြင့် ထည့်ထားသော Propinyl Chloride အရည် ၄၀၀ လီတာ၊ Mixture of Lithiun Iodide Morphine အရည် ၄၀၀ လီတာ၊ Mixture of Methylamine Sulfuric Chloride အရည် ၁၆၀ လီတာတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ယင်းအပြင် Phelethylamine အရည် ၇၀၀ လီတာ၊ Benzene အရည် ၁၄၀ လီတာ၊ 3-Hydroxy , Phenethyl အရည် ၃၁၄၀ လီတာ၊ Neodymium titanate Arsenic trichloride အရည် ၂၀၀ လီတာတို့နှင့်အတူ အရိုးမီးသွေးမှုန့်များကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ **S-03**

# PERSPECTIVE




“ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကို ချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသော ပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိသော ကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကိုခိုင်မာအောင် တည်ဆောက်ထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုလည်း ငြိမ်းချမ်း၊ စည်ပင်သာယာဝပြောတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ထူထောင်နိုင်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တာဝန်ရှိသူများသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။”

**ပြီးခဲ့သည့်** ဇန်နဝါရီလ ၁ ရက် နှစ်သစ်ကူးနေ့တွင် ဆရာတော်ကြီးများက သတ္တဝါများအပေါ် မေတ္တာထားရန်၊ သတိနှင့်နေထိုင်ရန် နှစ်သစ်ကူးဩဝါဒများပေးခဲ့သည်။ နှစ်သစ်ကူးတရားပွဲတွင်လည်း ဆရာတော်ကြီးများက အချင်းချင်းစည်းလုံးညီညွတ်ကြရန်၊ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့အပြန်အလှန် လေးစားကြရန် တိုက်တွန်းဟောကြားသွားသည်။ အထူးသဖြင့် ဆရာတော်ကြီးများသည်တိုင်းပြည်အတွင်း၌ အေးချမ်းမှုနှင့်သဟဇာတဖြစ်မှုတို့အတွက် အေးအတူပူအမျှအတူတကွနေထိုင်သွားရန် တိုက်တွန်းဟောကြားသွားခဲ့သည်။ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သောဩဝါဒများပင်ဖြစ်သည်။

**ထိတ်ထိတ်ပျာပျာဖြစ်**

၂၀၂၀ ပြည့်နှစ်ဆန်းကာလတွင် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းသည်ဆန္ဒပြမှုများ၊ တိုက်ခိုက်မှုများဖြင့် စတင်ခဲ့သည်။ အမေရိကန်၏တိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ့စစ်များ သေဆုံးခဲ့ရမှုအပေါ် ပြည်သူများက မကျေမနပ်ဖြစ်ခဲ့သည်။ အီရတ်ရှိ အမေရိကန်သံရုံးကို စီးနင်းဝင်ရောက်မီးရှို့မှုများဖြစ်ပွားခဲ့သည်။ အီရတ်မြေမှ အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန်တောင်းဆိုခဲ့သည်။ ထို့အပြင်အမေရိကန်မောင်းသူမဲ့ လေယာဉ်၏တိုက်ခိုက်မှုကြောင့် အီရန်ဗိုလ်ချုပ်တစ်ဦးသေဆုံးခဲ့ရသည်။ အီရန်က အီရတ်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကို ဒုံးကျည်များဖြင့်လက်တုံ့ပြန်ပစ်ခတ်ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသရှိပြည်သူများသည် တတိယကမ္ဘာစစ် ဖြစ်ပွားလာတော့မည်လားဟု စိုးရိမ်ပူပန်ကာ ထိတ်ထိတ်ပျာပျာ ဖြစ်နေကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**ထူးခြားသောခြေလှမ်း**

သို့သော်မြန်မာနိုင်ငံတွင်မူ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့တို့အကြားငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်စတင်နိုင်ခဲ့သည်။ မင်္ဂလာရှိသောသတင်းတစ်ပုဒ်ပင်ဖြစ်သည်။ တိတိကျကျဆိုရလျှင် ၈ ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) )ကို ဇန်နဝါရီလ ၈ ရက်နေ့တွင်နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ၌ပြုလုပ်ခဲ့သည်။ NRPC ဥက္ကဋ္ဌနှင့်ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်လျက်ရှိသည့်တာဝန်ရှိသူများနှင့် EAO အသီးသီးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ဆိုရလျှင်နှစ်ဆန်းပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ပြုလုပ်နိုင်ခဲ့သဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ထူးခြားသောခြေလှမ်းပင်ဖြစ်သည်။

**လက်နက်ကိုင်ပြီးဖြေရှင်းလို့မရ**

အစည်းအဝေးတွင် NRPC ဥက္ကဋ္ဌ က “နှစ်ပေါင်း၇၀ကျော် ရှည်ကြာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကနေ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းသည်သာ လက်တွေ့ကျပြီး ထိရောက်နိုင်မယ်ဆိုတာ သင်ခန်းစာရရှိခဲ့ကြပြီးဖြစ်ပါတယ်။ မမျှော်လင့်ဘဲလက်နက်ကိုင်တိုက်ခိုက်မှုတွေ များလာတဲ့ ကိစ္စနဲ့ပတ်သက်လို့လည်း ကျွန်မတို့ အနေနဲ့သတိပေးချင်ပါတယ်။ လက်နက်ကိုင်ပြီးအားသာချက်ယူတာမျိုး၊ ဖြေရှင်းချက်အသစ်တွေကို စိတ်ကူးယဉ်တာမျိုးတွေနဲ့ ကျွန်မတို့နိုင်ငံပြဿနာတွေကိုဖြေရှင်းလို့ မရနိုင်ပါဘူး” ဟုသတိပေးပြောကြားသွားခဲ့သည်။ ထို့ကြောင့် NCAလက်မှတ်ရေးထိုးရန် ကျန်ရှိသည့် EAOs များအနေနှင့်တိုင်းပြည်ငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အလေးအနက်ထား စဉ်းစားသွားသင့်ပါသည်။

**စုပေါင်းအားဖြင့်ကျော်လွှား**

ထို့အပြင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ကလည်း “၂၀၂၀ ပြည့်နှစ်ဟာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးအရရော၊ ငြိမ်းချမ်းရေးအရရော အရေးကြီးတဲ့နှစ်၊ စိန်ခေါ်မှုများနဲ့ ပြည့်နှက်နေတဲ့နှစ်ဆိုတာလည်း သတိမမေ့ကြဘဲ ကန့်သတ်ချက်များကြားမှ စိန်ခေါ်မှုအသီးသီးကို စုပေါင်းစွမ်းအားဖြင့် အောင်မြင်စွာကျော်လွှားသွားကြရမှာဖြစ်ပါတယ်” လို့တိုက်တွန်းပြောကြားသွားပါသည်။ တိုင်းပြည်အတွင်းဖြစ်ပေါ်လာနိုင်သည့်အလှည့်အပြောင်းများနှင့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ကြိုတင်အသိပေးသွားခြင်းဖြစ်သည်။ ထို့ကြောင့်တိုင်းရင်းသားညီအစ်ကိုများအနေနှင့်မည်သည့်အခက်အခဲနှင့် ခြိမ်းခြောက်မှုများကိုမဆို စုပေါင်းအားဖြင့်ကျော်လွှားသွားဖို့ တိုက်တွန်းထားခြင်းပင်ဖြစ်သည်။

**ဝိုင်းဝန်းအဖြေရှာဖို့လို**

အလားတူငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) ယာယီအဖွဲ့ခေါင်းဆောင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌကလည်း“ NCA စာချုပ်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ပါဝင်သင့်ပါဝင်ထိုက်တဲ့ အဖွဲ့အစည်းအားလုံးပါဝင်မှသာ ပြီးပြည့်စုံအောင်မြင်မှာဖြစ်လို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ ဝိုင်းဝန်းအဖြေရှာကြဖို့လိုအပ်ပါတယ်”ဟုပြောကြားသွားပါသည်။ တိုင်းပြည်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် EAO အားလုံးပါဝင်နိုင်ရေးအတွက်ဆွေးနွေးသွားခြင်းဖြစ် သည်။ ညီနောင်တိုင်းရင်းသားများအနေနှင့် အလေးထားစဉ်းစားကြဖို့အချိန်တန်နေပြီဖြစ်သည်။

**သဘောတူညီချက်များရရှိ**

JICM ကိုအောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အချိန်တိုတိုအတွင်း၌ သဘောတူညီချက် ၈ ချက်ရရှိခဲ့သည်။ အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- ၂၁ ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ပထမလေးလတာကာလအတွင်း ကျင်းပနိုင်ရန်လျာထားဆုံးဖြတ်နိုင်ခဲ့သည်။ ထိုညီလာခံကြီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံးကိုဖိတ်ကြားသွားမည်ဖြစ်သည်။ တိုင်းရင်းသားအားလုံးလိုလား တောင့်တလျက်ရှိသည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက်ဆွေးနွေးသွားကြမည်ဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးသည်သာလျှင်**

ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကိုချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသောပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီးဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီးဒီမိုကရေစီစနစ်ကျင့်သုံးလျက်ရှိသောကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကို ခိုင်မာအောင်တည်ဆောက်ထားပြီးဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုလည်း ငြိမ်းချမ်း၊ စည်ပင်သာယာဝပြောတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ထူထောင်နိုင်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တာဝန်ရှိသူများသည် ထာဝရငြိမ်းချမ်းရေးရရှိအောင် အပူတပြင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

စင်စစ်အားဖြင့် ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွက်အသက်တမျှအရေးပါသောထိုငြိမ်းချမ်းရေးအား ရယူတည်ဆောက်နိုင်ရန်သည် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှား၍ ယုံကြည်မှုကို ခိုင်မာအောင်တည်ဆောက်သွားရန်လိုအပ်ပါသည်။ ယုံကြည်မှုကိုဦးစွာတည်ဆောက်ပြီးမှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဆိုလိုသည်မှာနိုင်ငံသားများအကြား သံသယပွားနေသမျှ ကာလပတ်လုံး ထာဝရငြိမ်းချမ်းရေးသည် အလှမ်းကွာဝေးနေဦးမည်ဖြစ်သည်။

အတိတ်ကမည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေနှင့် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့်ဆောင်ရွက်သွားသင့်ပေသည်။ ထိုသို့ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေနိုင်သည့် အချက်များကိုအထူးသတိထားရှောင်ကြဉ်သွားရန်လည်း လိုအပ်ပါသည်။ ပြည်သူအားလုံး၏ တူညီသောရည်မှန်း ချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ရိုးသားပွင့်လင်းစွာဆွေးနွေးသွားမည်ဆိုလျှင် ထာဝရငြိမ်းချမ်းရေးအတွက်သဘောတူညီချက်များ မရရှိရန်အကြောင်းမရှိဟုဆိုချင်ပါသည်။

■ **မောင်သောင်းဝင်း (တမန်ဟောင်း)**

**အပြောင်းအလဲ** နဲ့ပတ်သက်ပြီး ၂၀၁၅ခုနှစ်တုန်းက ဒီချုပ်ပါတီက ပြောင်းလဲချိန်တန်ပြီလို့ လှုံ့ဆော်ခဲ့ပေမယ့် အပြောင်းအလဲအကြောင်းကို တူတူတန်တန် မစဉ်းစားမိခဲ့ပါ ဘူး။ အခုတော့ ပြောင်းလဲမှုရတော့မယ့် အခြေအနေရောက်လာပါပြီ။ ကျွန်တော် ပြောင်းကို ပြောင်းလဲခဲ့ပါတယ်။ နိုင်ငံရေးတွေ၊ စီးပွားရေးတွေတော့ မဟုတ်ပါဘူး။ လက်ပ်တော့အသစ်ပြောင်းလိုက်တာပါ။ လက်ပ်တော့ တစ်လုံးပြောင်းဖို့ အရေး၊ ကျွန်တော့်မှာ အချိန်အများကြီး ပေးခဲ့ပါတယ်။ ပထမတော့ ဘဏ္ဍာရေးကိစ္စပေါ့လေ။ အစိုးရအောက်ခြေဝန်ထမ်းတစ်ယောက် အတွက် နည်းပညာအဆင့်မြင့်ပစ္စည်းတွေဟာ လိုက်မမီပါဘူး။ ဒါကို NLD အစိုးရလည်း သိဟန်တူပါတယ်၊ ကားပါမစ် ချမပေးတာကိုပဲကြည့်။ ကျွန်တော်တို့ပြည်သူတွေဆိုတာ ကြံဖန်ကျေးဇူးတင်တတ်နေပြီ မဟုတ်လား။

စာမူခလေးတွေ တစ်ပဲခြောက်ပြားကို တစ်နှစ်ပတ်လုံး ထိန်းသိမ်းစုဆောင်းလာလိုက်တာ ငွေခြောက်သိန်းကျော်ရလာပါတယ်။ ဘယ်လိုထုတ်ရမှန်းမသိလို့ မထုတ်ရသေးတဲ့ စာမူခတွေကတော့ အဟောသိကံပေါ့လေ။ ကိုယ့်စာမူလေး သုံးပေးတာကိုပဲ ကြံဖန်ကျေးဇူးတင်ရတယ် မဟုတ်လား။ တချို့ဖိုးရေးချင်တွေဆိုရင် ကိုယ့်စာမူသုံးပေးရင် ကိုယ်က ပိုက်ဆံပေးရမယ်တောင် ထင်နေသတဲ့။ မြန်မာပြည်တွင် ဖြစ်သည် ဆိုတာ မျိုးထင်ပါရဲ့။ စာမူခမရတဲ့အပြင် ကိုယ်က လာဘ်ထိုးရတော့ မလိုလိုပေါ့လေ။ စာရေးဆရာတွေ တစ်နှစ်ဝင်ငွေ သိန်း၂၀ကျော်ရင် ဝင်ငွေခွန်ဆောင်ရမယ်ဆိုတော့ ကိုယ့်မှာ အားငယ်သွားရတာပေါ့။ မနှစ်က တစ်နှစ်လုံး၊ စာမူအပုဒ်ရေ တစ်ရာကျော်ပဲ အသုံးခံရတယ်၊ ကိုယ်စားလှယ်လွှဲစာ၊ စာတိုက်၊ ဝေ့ဖ်မန်နီးစတဲ့ နည်းလမ်းပေါင်းစုံနဲ့ စာမူခတွေ လိုက်စုလိုက်တာ ငွေခြောက်သိန်းကျော်ပဲရတာကိုး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်မှာအခွန်ဆောင်နိုင်တော့မှာလဲ။ အဲဒီတော့ ပြန်ဝန်ကြီး အနေနဲ့ အခြေခံစာမူခ သတ်မှတ်ပေးဖို့ တောင်းဆိုပါတယ်။ စာမူတစ်ပုဒ်ကို အနည်းဆုံးသုံးသောင်းလောက် သတ်မှတ်လိုက်ပေါ့၊ ကိုယ်စားလှယ်အတွက် ဝန်ဆောင်ခတို့၊ ဝေ့ဖ်မန်နီး ငွေလွှဲခတို့ ဖင်နုတ်ခေါင်းနုတ်နုတ်လိုက်ရင် စာမူခက ဘာမှမကျန်ဘူး၊ အခွန်ဦးစီးရဲ့။

စာမူခလေးတွေ စုထားပေမယ့် မလုပ်မဖြစ်တာတွေ လုပ်နေရသေးတယ်။ ဒါကတော့ စာပေမိတ်ဆွေတွေရဲ့ကျားကုတ်ကျားခဲ စာအုပ်လေးဘာလေးထုတ်ရင် အားပေးရသေးတာကိုး။ မသိချင်ယောင်ဆောင်မရတဲ့ စာပေမိတ်ဆွေတွေရဲ့ စွန့်စားခန်းတွေကို လက်ခုပ်တီးပေးရရင် ငွေနှစ်သောင်းခွဲ၊ သုံးသောင်းလောက် ထွက်ထွက်သွားပါတယ်။ အနည်းဆုံး စာအုပ်ဆယ်အုပ်လောက် အားပေးရတာကိုး။ စာအုပ်တွေကို ကားဂိတ်ထည့်ပေးလိုက်တယ်၊ ကိုယ်က သွားရွေးရတယ်၊ ကားခပေးရတယ်။ ကိုယ့်လူတွေဆီ ငွေလွှဲပေးရတယ်၊ ငွေလွှဲခပေးရတယ်။ ကိုယ့်လူကို နှစ်သောင်းခွဲအတိ ရစေချင်တယ်လေ။ သူ့မှာလည်း တစ်သက်လုံးနေမှ စာလေးတစ်အုပ်တလေ ထွက်နိုင်တာကိုး။ အမှတ်တရ ကိုယ်စာအုပ်ထုတ်ရင်လည်း လက်စားပြန်ရဖို့လိုတယ်လေ။ စာအုပ်စာပေဆိုတာ စာပေချစ်သူအချင်းချင်း လဲဖတ်နေရတာမျိုး၊ အချင်းချင်း အားပေးနေရတာမျိုး ဖြစ်နေတဲ့ခေတ်။ ဘာနဲ့တူသလဲဆိုရင် သီဟိုဠ်ကျွန်းကို ဘာသာခြားတွေ လာတိုက်တော့ အစာရေစာပြတ်လပ်နေတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးတွေက ဗိုက်ပေါ်သဲအစိုတွေ တင်ထားပြီး ဗုဒ္ဓစာပေတွေ ရွတ်အံနေရသလိုမျိုး။

ထားပါတော့၊ စာမူခလေးတွေ ကြက်စုငှက်စု စုထားပြီး၊ မဖြစ်မနေဝယ်ရမယ့် ကွန်ပျူတာအတွက် မန္တလေးတက်သွားပါတယ်။ တကယ်တော့ ဒီဇင်ဘာပရိုမိုရှင်းအမီပြေးရတာကိုး။ သုံးလေးသောင်း လျှော့ပေးရင်လည်း စာမူခ လေးငါးခြောက်ပုဒ်စာ သက်သာနိုင်ပါတယ်ဆိုတဲ့ အသိနဲ့ပေါ့။ ဆိုင်ထဲကို ဝင်သွားလိုက်တော့ သတင်းရထားတဲ့အတိုင်း ပရိုမိုးရှင်းနှုန်းထားတွေ ကပ်ထားပါတယ်။ ဒီတစ်ခါတော့ အသစ်ကျပ်ချွတ်ကလေး ဝယ်ချင်တယ်။ အရင်အဟောင်းက တစ်သိန်းခွဲလေးနဲ့ ဝယ်ထားတဲ့ သူများလက်ကျလေး။ သူ့ခမျာ ကောင်းခဲ့ရှာပါတယ်၊ မလုပ်တတ်လို့ ပါဝါခလုတ်ထပိတ်လည်း ပြန်ဖွင့်ရင် ဝင်းဒိုးပြန်တက်တယ်။ အပေအတေ အထုအထောင်းခံတာ စာရေးချင်တဲ့သူတွေ အတိုင်းပဲ။ စာမျက်နှာပေါ် ကိုယ့်စာမူလေး ပါလာရင်ကို ကျေနပ်နေတဲ့လူတွေလေ။ ပိုင်ရှင်လုပ်သူက တစ်နှစ်နေလို့ တစ်ခါ၊ သန့်ရှင်းရေးလုပ်မပေးလည်း လက်ပ်တော့ကလေး အသုံးဝင်ဆဲ။ ခုတော့ အတွင်းပန်ကာမလည်နိုင်တော့ဘဲ မနိုးနိုင်ရှာတော့ဘူး။

ဘက်ထရီမခံတာဟာ စာရေးချင်သူအတွက် အတော်ဆိုးရွားတာပါပဲ။ အစကတည်းက သူများလက်ကျ၊ Used တွေဆိုတာ ဘက်ထရီမခံတာ များတယ် မဟုတ်လား။ ဒီတော့ ဘက်ထရီအသစ်လဲရတယ်၊ ဒါပေမဲ့ တစ်နာရီခွဲ၊ နှစ်နာရီလောက်ပဲ ခံတာ။ အရင်က မီးခဏခဏ ပျက်တော့ စာရေးမယ်လုပ်ရင် ဘုရားအရင်ရှိခိုးရတယ်။ စာတွေက စိတ်ကူးထဲ




> "စာမူတစ်ပုဒ်ရဖို့ဆိုတာ သွင်းကုန်တွေ အများကြီး ထည့်လိုက်ရတာပါ။ တိုင်းပြည်ကောင်းဖို့၊ လူမျိုးဘာသာသာသနာ ကိစ္စတွေဟာ ကျွန်တော်နဲ့ အလှမ်းဝေး လွန်းပါတယ်။ ဇော်ဂျီနဲ့ ယူနီကုတ် အပြောင်းအလဲမှာ စာမူပေါင်းဆယ်နဲ့ချီပြီး နှောင့်နှေးသွားခဲ့ရပါတယ်။ လက်ပ်တော့အသစ်နဲ့ အဟောင်းကြားမှာလည်း စာမူပေါင်း ဘယ်မျှ စတေးခဲ့ရလေမလဲ။ ကျွန်တော် ဒါပဲ တွေးနေမိတယ်။"

စီထားပြီ၊ ချရေးဖို့လိုနေပြီ၊ စာရေးမယ်လုပ်လိုက်ရင် မီးပျက်တာနဲ့ ကြုံနေရတယ်။ စာရေးနေရင်း မီးပျက်တာဟာ ဇာတ်လမ်းကောင်းနေတုန်း ကြော်ငြာဝင်တာထက် ဆိုးတယ်။ ဇာတ်လမ်းက ပြန်လာမှာလေ၊ စိတ်ကူးက ပြန်မလာနိုင်ဘူး။ တစ်ခါတလေ စိတ်ထဲရေးထားတာက အများကြီးပြန်ချရေးလိုက်ရင် ကောင်းကောင်းမကျန်တော့ဘူး မဟုတ်လား။ ဒါကို မီးပြတ်လိုက်တော့ လထွက်မွတ်ရောလို့ ထဆဲလိုက်ချင်ပါတယ်။ ဒီတော့ ရေးမယ့်အကြောင်းအရာတွေကို မှတ်စုထဲတို့ထားလိုက်ရတယ်။ ဒါပေမဲ့ ဒေတာအချက်အလက်နဲ့ စာရေးချင်တဲ့ ဖီးလ်နဲ့မတူပါဘူး။ စာဆိုတာမျိုးက အချက်အလက်နဲ့ စိတ်ကူးစိတ်သန်း ပေါင်းထားတာကိုး။ သဘာဝနဲ့ လှပပြေပြစ်မှုကို အချိုးကျပေါင်းစပ်နိုင်မှ မိန်းမလှဖြစ်ရသလိုပေါ့။

စကားစပ်လို့ ပြောရဦးမယ်၊ ဝေဠုဝတီတဲ့၊ ဝါးရုံတောထဲက ရတဲ့ မင်းသမီးပေါ့။ အဲဒီမင်းသမီးက အင်းလေးခေါင်တိုင်၊ လက်မောင်းကွေးရှာသူဗျ။ သမိုင်းအထောက်အထားတွေနဲ့ တိုက်ဆိုင်ကြည့်တော့၊ ကျွန်တော်တော့ အဲလိုယူဆလိုက်တာပဲ။ အခုထိ နတ်အဖြစ် အဲဒီတောင်ပေါ်ဒေသတွေမှာ ကိုးကွယ်နေကြတယ်။ ပြောချင်တာက မိန်းမလှအကြောင်းပါ။ ဝေဠုဝတီက တောင်ရိုးလူမျိုးထဲမှာ အလှဆုံးထင်ပါရဲ့ အကောင်းဆုံးဆိုရင် မင်းဘဏ္ဍာမဟုတ်လား၊ ဘုရင်ကို ဆက်သလိုက်တယ်။ ဘုရင်က ပုံတုံးကြီးမို့ လက်မခံဘဲ ညီဖြစ်သူ အိမ်ရှေ့စံနဲ့ ပေးစားလိုက်ပါတယ်။ အိမ်ရှေ့စံလက်ထဲရောက်တော့မှ သူ့မယ်တော်က ပြင်ဆင်ပေးလိုက်တဲ့ အခါ တော်ဝင်သူတွေ လက်ဖျားခါရတယ်တဲ့။ ပြင်တတ်ဆင်တတ်တော့ လှသွားမှ ဘုရင်က ပြန်လိုချင်သတဲ့လေ။ ခင်ဗျားတို့လည်း ကျပ်စာတွေ လှလာတော့မှ တော်မကောက်ချင်နဲ့။

မီတာခတွေ တိုးကောက်ပေမယ့် အစပိုင်း မီးပုံမှန်လာနေပေမယ့် နောက် ပြန်ပျက်တာပါပဲ။ ကျော်ဟိန်းရိုက်ခဲ့တဲ့ ခွေးမြီးကောက်ဘအေးလိုပေါ့။ ဒါနဲ့ ကိုယ်စဉ်းစားပါတယ်၊ ပြောင်းလဲချိန်တန်ပြီလို့။ ဒီလိုသာ မပြောင်းလဲရင် စာရေးဆရာပေါက်စတွေ မိုက်ခရိုဆော့ဖ်ဝဒ် မရိုက်တတ်လို့ နစ်နာနေပုံတွေ သိနေတာကိုး။ စာရေးချင်တယ်၊ စာရေးတယ်၊ စာတိုက်သွားပို့ရတယ်။ စာတိုက်ဆိုတာ မြို့နယ်တွေမှာပဲရှိတာ၊ မြို့တက်ပို့ရမယ်။ ကိုယ်လိပ်မူတဲ့ စာပေတိုက်ကို ရောက်ချင်တဲ့အချိန်မှ ရောက်မယ်။ အဲသလိုကိုး။ အဲဒီတော့ လက်ပ်တော့နဲ့ စာရိုက်မယ်၊ အီးမေးလ်နဲ့ စာမူပို့မယ်၊ ဖတ်တာမဖတ်တာ မသေချာပေမယ့် စာတိုက်နဲ့ ပို့တာထက်တော့ ရောက်တာသေချာတယ်လေ။ ဒီတော့ စာစီစာရိုက် လုပ်နိုင်အောင် လေ့ကျင့်ရတာပေါ့။ အီးမေးလ် ပို့တတ်အောင် သင်ထားရတာပေါ့။ အင်တာနက် လိုင်းကောင်းဖို့လည်း ဆုတောင်းရသေးတယ်ဗျ။ ဆုတွေချည်း လိုမ့်တောင်းနေရတာပေါ့လေ။ တောင်ပေါ်ဒေသမှာ တာဝန်ကျတုန်းကပေါ့၊ လိုင်းမကောင်းလို့ တောင်အောက်ရောက်မှ စာပို့ရတာမျိုး ကြုံခဲ့ရဖူးတယ်။ ကိုယ်ဝန်ရင့်မာကြီးနဲ့ ရေမြွှာပေါက်တာကို မမွေးနိုင်ဘဲ ဆေးရုံလိုက်ရှာနေရသလိုမျိုးနဲ့ တူပါတယ်။ မေးလ်လေးတွေ ရောက်လာရင် ဖတ်ဖြစ်အောင် တိုက်တွန်းပါရစေ။

မီးက မကြာခဏ လာလာနေ၊ လက်ပ်တော့ကလည်း အားမနေဆိုတော့ အသစ်ဝယ်ဖို့ စဉ်းစားရပါပြီ။ အစကတော့ စာမျက်နှာပေါ်ရောက်တဲ့ စာမူလေးတွေစုပြီး စာအုပ်ထုတ်ဝေမလို့လေ။ ထုတ်ပြီး ဝေရမှာမို့လား။ အခုတော့ ပြောင်းလဲဖို့စဉ်းစားလိုက်ပါတယ်။ အတိုချုံးပြောရရင် လက်ပ်တော့ဆိုင်ရောက်တယ်ပေါ့ဗျာ။ လက်ပ်တော့ဆိုင်ရောက်ဖို့ ဓမ္မစကြာဆရာတော်လို ဖြစ်သွားတာ တောင်းပန်ပါတယ်။ အလှူတစ်ခုမှာပေါ့၊ အလှူအောင်ရေစက်ချတရားပွဲပေါ့။ တရားပွဲပြီးရင် အောင်ဖျာလိပ်ပြီး သိမ်းရဆည်းရမှာ မဟုတ်လား။ နေ့လယ်က ဘိသိက်ဆရာ အသွန်းကောင်းတာနဲ့ ညနေစောင်းသွားတယ်။ ဘုန်းကြီးကလည်း သူ့အလှည့်မှာ အပီကစ်လိုက်မယ်လို့များ တွေးထားသလားမသိပါဘူး။ ဒါပေမဲ့ ဆရာတော်က ခုမှ ပွဲဦးထွက်ဖြစ်နေတယ်။ အဲတော့ ရေစက်ချတရားဟောနေတာကို အစက ပြန်ပြန်ရောက်သွားတော့ ရေစက်လည်း မချနိုင်၊ အမျှလည်း မဝေနိုင်၊ သာဓုလည်း မခေါ်နိုင်ပေါ့လေ။ ခုလည်း လိုရင်းကို မရောက်နိုင်ဘူးဖြစ်နေပါတယ်။

လက်ပ်တော့ဆိုင်ရောက်တော့ အရောင်းဝန်ထမ်းမလေးရဲ့အညွှန်းကောင်းမှုကြောင့် ခုနစ်သိန်းကျော်တန်လေး မျက်စိကျသွားပါတယ်။ မိန်းမနားက ချေးဟယ်၊ ငှားဟယ် လုပ်တာကို၊ ပိုက်ဆံ တစ်သောင်းကျော်လိုနေတာပေါ့။ လက်ကုန်နှိုက်တာကိုဒီလောက်ပဲ ထွက်လာတာမို့လက်လျှော့ဖို့ကြုံလာတော့ အရောင်းဆိုင်က မန်နေဂျာနဲ့ စာရေးမ ခေါင်းချင်းရိုက်ပြီး တစ်သောင်းကျော် ထပ်လျှော့ပေးလိုက်ရပါတယ်။ နိုင်ငံဝန်ထမ်းဆိုတော့ အရစ်ကျ မဝယ်ခဲ့ဘူးလား မေးစရာရှိပါတယ်။ ကားပြခန်းမှာ သွားမေးမိကတည်းက အမှတ်သည်းခြေ ကြီးခဲ့ပါပြီ။ လစာ ၁၀သိန်းအထက်မှ အရစ်ကျရောင်းတယ်ဆိုလို့ ဆွံ့ဆွံ့အအကြီး ကြက်ကြီးလည်လိမ် ခဲ့ရတယ်လေ။ နောက်များဆို ညွှန်မှူးအဖေဖြစ်မှ ပြန်လာခဲ့မယ်လို့တောင် မပြောနိုင်ခဲ့ပါဘူး။

လက်ပ်တော့အသစ်ကြီးနဲ့ စာထိုင်ရေးလိုက်ဦးမယ်ပေါ့။ လက်ပ်တော့ဖွင့်ပြီး စာရေးမယ်လုပ်တော့ ဖောင့်မမှန်ဘူး ဖြစ်နေပြန်ရော၊ မနေ့က ဆိုင်မှာ ဘဏ္ဍာရေးဆိုင်ရာ အရှုပ်အရှင်းတွေ ဖြေရှင်းနေရတော့ ဆော့ဖ်ဝဲလ်တွေ မစစ်လိုက်ရဘူး၊ အိုင်တီသမားကို ပြည်ထောင်စုဖောင့်ကိုပဲ ထည့်ခိုင်းလိုက်တာပါ။ မစစ်လိုက်တော့ ပြည်ထောင်မစုနိုင်ဘဲ ဆရာဇော်ဂျီကြီးပဲ ထွက်လာပါတယ်။ ဆရာကြီးက ဗေဒါပျံ့ အံကိုခဲပြီး စိတ်မချနိုင်ဖြစ်နေတာကိုး။ အဲဒီတော့ ဆိုင်ကို ဖုန်းဆက်၊ ယူနီကုတ်ကို ဒေါင်းလုတ်ဆွဲရနဲ့ အလုပ်ရှုပ်ကုန်ပါတယ်။ ဆိုင်ကလည်း လာခဲ့ဖို့ ခေါ်၊ မြို့တစ်ခေါက် တက်ဖို့ လွယ်တယ် မှတ်နေပါတယ်။ ယူနီကုတ်တွေ၊ ကီးမန်းတွေ၊ ကီးမက်ဂျစ်တွေနဲ့ တိုင်ပတ်နေတော့ အဟောင်းလေးကိုတောင် ပြေးမြင်မိတယ်။ ပြောင်းလဲဖို့ဆိုတာ လက်ပ်တော့ပြောင်းတာတောင် မလွယ်ပါလား။ အဟောင်းရဲ့ကီးဘုတ်နဲ့ အသစ်ရဲ့ ကီးဘုတ်အပြောင်းအလဲ၊ ဖောင့်အပြောင်းအလဲ၊ မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ် အပြောင်းအလဲ၊ အဟောင်းထဲက စာမူတွေ၊ အကောင့်တွေ ... အသစ်မှာ လက်သားကျအောင် ဘယ်လောက်ထိ လေ့ကျင့်ရဦးမှာလဲ။

အကြောင်းပေါ် အခြေတည်ပြီး အကျိုးဖြစ်လာရတာပါ။ စာမူတစ်ပုဒ်ရဖို့ဆိုတာ သွင်းကုန်တွေ အများကြီး ထည့်လိုက်ရတာပါ။ တိုင်းပြည်ကောင်းဖို့၊ လူမျိုးဘာသာသာသနာ ကိစ္စတွေဟာ ကျွန်တော်နဲ့ အလှမ်းဝေးလွန်းပါတယ်။ ဇော်ဂျီနဲ့ ယူနီကုတ်အပြောင်းအလဲမှာ စာမူပေါင်း ဆယ်နဲ့ချီပြီး နှောင့်နှေးသွားခဲ့ရပါတယ်။ လက်ပ်တော့ အသစ်နဲ့အဟောင်း ကြားမှာလည်း စာမူပေါင်း ဘယ်မျှ စတေးခဲ့ရလေမလဲ။ ကျွန်တော် ဒါပဲ တွေးနေမိတယ်။ ပို့နေကျ တိုက်တွေဆီ စာမူမပို့ရင် သူတို့အနေနဲ့ နောက်တစ်ယောက်ကို ရွေးသွားမှာပဲ။ သူတို့က သူ့လမ်းကြောင်းနဲ့သူ သွားနေတာလေ။ ရထားကြီးလိုပေါ့၊ ရထားလက်မှတ်က ငါ့ဆီမှာပါလို့ ပြောနေရုံနဲ့ မရပါဘူး။ အပြောင်းအလဲ စပ်ကူးမပ်ကူးကာလမို့ပါလို့ တောင်းပန်လို့ မရနိုင်ပါဘူး၊ ကိုယ်ပဲ ကျန်နေရစ်မှာ။

■ **ဇော်သစ်ကြည်**



"ဆရာမိုတီဗိုတ်မောင်ဖြို ဦးစီးသော အလုံးစုံမြှင့်တင်ရေးသင်တန်းကြီး စိတ်ရောလူပါ တောင်ကြီးမီးပုံးပျံလို ဖောင်းကားပြီး အထက်သို့ ချက်ချင်းရောက်စေရမည်"

အဲလဲ... ဘယ့်နှယ်တုံး...မနိုပ်ဘူးလားဗျ။

ကိုယ့်ဟာကိုယ်တော့ ဒီဆိုင်းဘုတ်ကြီး ဖတ်ပြီး ပီတိတွေ ဖြစ်နေတာပဲ။

ခုနေခေတ် ခုနေခါ လူငယ်များအကြားမှာ ဒီပရက်ရှင်ဝင်မှ ခေတ်မီသလို မိုတီဗိုတ်ဆရာတွေကလည်း အင်မတန်မှ မျက်နှာပွင့်ရေလျှံတဲ့ ကာလကိုဗျ။

ဒီတော့ မောင်ဖြိုတစ်ယောက်လည်း စာတိုပေစပေါက်တတ်ကရတွေ ရေးပြီး ကိုယ့်ဟာကိုယ် မွဲနေမယ့်အစား မိုတီဗိုတ်ဆရာဘွဲ့ကို နေ့ချင်းညချင်း ခံယူလိုက်ပါပြီလေ။

ဟာ...မောင်ဖြိုနှယ့်။

ဟိုမိုတီဗိုတ်ဆရာတွေဆို နိုင်ငံတကာက ဟိုဘချုလာ၊ ဒီဘချုလာ ဘွဲ့တွေ ဆုတွေ နောက်မြီးတွေ တစ်သီးကြီးနဲ့ ဆရာကြီးလုပ်နေကြတာ။

မင်းက ပဲခူးမြို့စွန် ဖွတ်လမွဲစာကလေးကွင်းကောလိပ်က မြန်မာစာဘွဲ့နဲ့ နိုင်ငံခြားဆိုလို့ မြဝတီကနေ ဟိုဘက်ကမ်းကို ဆိုင်ကယ်ကယ်ရီလောက်နဲ့ ရောက်ဖူးတဲ့ကောင်။ ဘယ့်နှယ် မိုတီဗိုတ်မတုံးဆို။

အမယ်လေး... လွယ်သမှ သိပ်လွယ်။

ဗမာပြည်က လူတွေက ရှေ့မှာ အေဘီစီဒီလို့ ကြိုက်တာရေးပြီး နောက်က ယူနီဗာစီတီလို့သာ ထည့်လိုက်။

ဘာတက္ကသိုလ်၊ ဘာဘွဲ့ဆိုတာ လေ့လာနေမှာ မဟုတ်ဘူး။ ပညာဘုရင် ဆရာသခင်ကြီးဆိုပြီး တန်းရှိခိုးတတ်တဲ့ အမျိုးဗျ။

ဒီတော့ မောင်ဖြိုလည်း ကိုယ့်နာမည်မှာ ဒီလို ထည့်မှာပေါ့။

ဂျပန်နိုင်ငံ ၊ Hashima Island တွင် အမှတ်အများဆုံးနှင့် အထူးချွန်ဆုံး လူငယ်ခေါင်းဆောင်ဆုကို ငါးနှစ်ဆက်တိုက် ရရှိခဲ့သူ ဆရာမိုတီဗိုတ်မောင်ဖြို (Bachelor of Arrlupudi, University of Somalia) ဆို ဂေါ်ပြီလေဗျာ။

Hashima Island ဆိုတာက ဂျပန်မှာ လူမနေတဲ့ကျွန်းလေ။ လူမနေတဲ့ကျွန်းမှာ ဘာဖြေဖြေ အမှတ်အများဆုံး၊ အထူးချွန်ဆုံးဆု ရထားတာ။ ဆိုမာလီတက္ကသိုလ်က အာလူးပူရီဘွဲ့ဆို အိုကေပြီမဟုတ်လား။

ပြီးတော့ မိုတီဗိုတ်၊ မိုတီဗေးရှင်းဆိုတာ ဗမာလိုဘာသာပြန်တော့ လှုံ့ဆော်မှု၊ လှုံ့ဆော်ခြင်းလို့အဓိပ္ပာယ်ရတယ်လေ။

ဒီတော့ ကျွန်တော့်ဟာကျွန်တော် လှုံ့ဆော်ချင်ရာ လှုံ့ဆော်မှာပေါ့။ ဘာလှုံ့ဆော်ဆော်လေ။

ခုန ဆိုင်းဘုတ်မှာတောင် ရေးထားပြီးပြီ လူရောစိတ်ပါ တောင်ကြီးမီးပုံးပျံလို ဖောင်းကားပြီး အထက်ဘဝဂ်သို့ မျက်မှောက်ပြုနိုင်ရမည် ဆိုထားတာကောဗျာ။

နို့မင်းက စီးပွားရေးမှာရော ဘယ်လောက်အောင်မြင်နေလို့ သူများကို သင်တန်းပေးမှာလဲဆို။

ရော်... ခက်ပြီ။

ရုပ်ရှင်တစ်ကားကို ဖြစ်ဖြစ်မြောက်မြောက်ဇာတ်ညွှန်းမခွဲဖူးဘဲ ဇာတ်ညွှန်းသင်တန်း ဖွင့်တဲ့သူတွေ၊ ရုပ်ကွက်ပြဇာတ်ထဲက ရာမဇာတ်မှာ ရွှေသမင်နေရာက ပါဖူးရုံနဲ့ သရုပ်ဆောင်သင်တန်း ဖွင့်တဲ့သူတွေ၊ ဂစ်တာကြိုး ဘယ်နှချောင်းရှိမှန်းတောင်မသိဘဲ ဂစ်တာသင်တန်းဖွင့်တဲ့သူတွေ တစ်ချိန်က ရှိခဲ့တာပဲလေ။

မောင်ဖြိုပဲဗျ။ ဒါမျိုး ဘယ်ရမလဲ။

ကိုယ့်သောက်ဖော်သောက်ဖက် ရောင်းရင်းတွေထဲ စီးပွားရေးအောင်မြင်နေတဲ့သူတွေရှိပ။

သူတို့ကိုစင်ဂယ်မော့ဝီစကီ တစ်ယောက်တစ်လုံးပေးပြီး သင်တန်းဆရာတွေအဖြစ် သိမ်းသွင်းလိုက်တယ်လေ။

ဘကြီးမူးမြင့်အောင်ဗျာ။ နာမည်ကျော် ယာဉ်လိုင်းကြီးရဲ့ဥက္ကဋ္ဌ။

ဘကြီးကြည်စိုး။ ပြည်မြို့က နာမည်ကြီးထမင်းဆိုင်ပိုင်ရှင်ဗျာ။

အနောက်လေးလို့ခေါ်တဲ့ ဆရာမြေမှုန်လွင်ဗျာ။ မြန်မာပြည်ရဲ့နာမည်ကြီး ထုတ်ဝေသူ။ ပန်းဗမာဆိုလား ပန်မြန်မာဆိုလား အဖွဲ့ရဲ့အတွင်းရေးမှူးကြီး။

ကဲ... ဒီသုံးယောက်ဆို လုံလောက်ပြီပေါ့။

သင်တန်းကြေးကလည်း ဆရာသော်တာဆွေရဲ့ ဂေါ်တက္ကသိုလ်ကို အမှီယူပြီး သင်တန်းဝင်လိုသူတိုင်း ဝင်ကြေးအဖြစ် စင်ဂယ်မော့ဝီစကီတစ်လုံး သတ်မှတ်လိုက်ပါတယ်။

တခြားမိုဒီဗိုတ်ဆရာတွေက အနောက်တိုင်းဝတ်စုံအပြည့်နဲ့ ဘွတ်နဲ့ရှုတ်နဲ့ ဟောကြပြောကြတယ်ပေါ့။

ကျွန်တော်တို့ ဆရာများကတော့ ရုပ်ခံ ရည်ခံပညာဉာဏ်ရင့်သန်ပြီးသားလူတွေမို့ သူများတွေလို ရှုံးစမိုး မလိုပေါင်ဗျာ။

ဘကြီးကြည်စိုးဆို သူ့စတိုင်လ်အတိုင်း အင်္ကျီရင်ဘတ် ဟပြဲ၊ ပုဆိုးဖင်ကွဲနဲ့ ထိုင်ရာမထဘဲ သင်ခန်းစာတွေ တစ်ခွက်တစ်ဖလား ပို့ချပါလိမ့်မယ်။

ဆရာမြေမှုန်လွင်ဆိုလည်း သုံးထောင်တန် ချည်အင်္ကျီ ခါးတိုနဲ့ ဘောင်းဘီချက်ပြုတ်ဝတ်ပြီး ပရိုဂျက်တာဖွင့် ရှင်းပြတဲ့အခါ သူ့အင်္ကျီနဲ့ ဘောင်းဘီချက်ပြုတ်ကြား လက်လေးသစ်လောက် ဟသွားတဲ့အခါ ပေါ်လာတဲ့ အမြှာအမြောင်းလေး ပြပြီး ရင်ခုန်ဖွယ်ရာတွေ သင်ကြားပေးမတဲ့ဗျာ။

ဘကြီး မူးမြင့်အောင်ကတော့ သူ့စတိုင်လ်အတိုင်း ကော်လံကတုံးရယ်၊ ဘောင်းဘီတိုရယ် တွဲဖက်ဝတ်ဆင်ပြီး မိန်းမနိုင်နည်းကိုပါ အဆင်ပို့ချပေးဦးမှာ။

သင်တန်းဝက်ဝက်ကွဲအောင်မြင်လာတဲ့အခါ ဆရာမိုတီဗိုတ်မောင်ဖြိုရေးသားသည့်စာအုပ်များဆိုပြီး တစ်ရက် တစ်အုပ်နှုန်းလောက် ထွက်ဖို့လည်းရှိပါတယ်။

'သုံးစက္ကန့်အတွင်း သူဌေးဖြစ်နည်း'

'အခုပဲ...အောင်မြင်ခြင်းကို ချိတ်ဖြုတ်ပြီး ဆုပ်ကိုင်လိုက်စို့'

'အရက်ဖိုးမစိုက်ခြင်း အနုပညာ'

'အာကာသအထိ စိတ်ဓာတ်မြှင့်တင်နည်းလမ်းများ'

'စွန့်ဦးတီထွင် ပုလင်းရှင်'

'မြန်မာ့နည်း မြန်မာ့ဟန် ကလိန်ကျနည်း'

'ပေါက်စီထဲမှ မားကက်တင်းလျှို့ဝှက်ချက်များ'

အဲ့ဒီလိုစာအုပ်တွေ ထွက်ပြီးတဲ့အခါမှာလည်း စာပေဟောပြောပွဲတွေလည်း သမိုင်းပေးတာဝန်အရ လိုက်ဟောပြောပေးရဦးမှာပါ။

အောင်မြင်ချင်တဲ့ လူငယ်တွေအတွက်၊ အမြင့်ရောက်ချင်တဲ့ လူငယ်တွေအတွက် ဆိုမာလီပြန် အောင်မြင်ရေးနည်းတွေ ဟောပေး ပြောပေးဦးမှာပါ။

ချောက်ထဲကျနေတဲ့ မြန်မာပြည်ကြီးကိုပါ မိုတီဗိုတ်မောင်ဖြိုက မိုတီဗိုတ်ပေးဦးမှာပါ။

နောက်ဆုံး နည်းမျိုးစုံနဲ့ မိုတီဗိုတ်အပြီးမှာတော့ နောက်ဆုံးပေါ် မိုတီဗိုတ်နည်းကို ဆက်လက်ချီတက်လိုက်ပါပြီ။

"ဆိုမာလီပြန် ဆရာမိုတီဗိုတ်မောင်ဖြို ဦးဆောင်ပြီး မိုတီဗိုတ်ဆရာများဖြစ်တဲ့ ဆရာမူးမြင့်အောင်၊ ဆရာဦးကြည်စိုး၊ ဆရာမြေမှုန်လွင်တို့ဦးဆောင်သော မိုတီဗိုတ်ခရီးစဉ်ကို လိုက်ပါနိုင်ပြီ။ ခရီးစဉ်တစ်လျှောက်လုံးအတွက် ဝီစကီတစ်လုံးနှင့် စည်တော်ကြီးလက်ဖက် ငါးဆယ်တန် တစ်ထုပ် ကျသင့်ပါမယ်။ နေ့ချင်းပြန်ခရီးစဉ်ဖြစ်ပြီး ဒလ - ရန်ကုန်ကြား အထူးစပယ်ရှယ် သမ္ဗန်စီစဉ်ထားမည်ဖြစ်ပြီး ဆရာများနှင့်အတူ သမ္ဗန်တစ်စင်းတည်းအတူစီးရင်း ဆရာများ၏ မိုတီဗိုတ်ဟောပြောမှုများကို နားထောင်သွားရမည့် ခရီးစဉ်။ အထူးအစီအစဉ်အနေနှင့် စိတ်ရောလူပါ အထက်အမြင့်သို့ အမြန်ဆုံးရောက်စေရန် ဆရာများကိုယ်တိုင် ရန်ကုန်မြစ်ထဲသို့ ကန်ချပေးမည်"

ကိုင်း... အခုပဲ ဆရာ မိုတီဗိုတ်မောင်ဖြို ဦးစီးတဲ့ ခရီးစဉ်မှာ စာရင်းပေးလိုက်ကြပါတော့။ ■

**ဖြိုးတီသျှကိုကိုမောင်**

# စည်ပင်ပိုင်လမ်းနယ်မြေရှိ အိမ်ကျူးနှင့် ဆိုင်ကျူးများ အဓိကထားရှင်းမည်ဟု မြို့တော်ဝန်ဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

အများပြည်သူ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်ရန် စည်ပင်ပိုင်လမ်းနယ်မြေရှိအိမ်ကျူးကျော်နှင့်ဆိုင်ကျူးကျော်များကို အဓိကထား အမြန်ဆုံးရှင်းလင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့ကပြုလုပ်သည့် ရန်ကုန်တိုင်းလွှတ်တော် အစည်းအဝေးတွင် ရန်ကင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်၏ မေးမြန်းချက်အပေါ် ဖြေဆိုရာတွင် ရန်ကုန်မြို့တော်ဝန်က ထိုသို့ထည့်သွင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ဒါတွေက ဟိုးအရင်နှစ်တွေကတည်းက ရှိနေတာဖြစ်တော့ နားလည်အောင်ရှင်းပြပြီးမှ ဆောင်ရွက်ဖို့လိုပါမယ်။ ခြံကျူးပြီး ဆိုင်ကျူးမဖြစ်အောင်လည်း စီစဉ်ပါ့မယ်"ဟု ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောဆိုသည်။

မြို့နယ်စည်ပင်များသို့လည်း ခြံကျူးနှင့်ဆိုင်ကျူးများကိုအဓိကထား ဖြေရှင်းရန် ညွှန်ကြားထားကြောင်း၊ ထို့ပြင် မြေစာရင်းအရ ကျူးကျော်မှုများရှိပါက ချက်ချင်းဖယ်ရှားရန်နှင့် သတ်မှတ်ကာလ အတိုင်းအတာတစ်ခုအထိ ပြုလုပ်ဆောင်ရွက်နိုင်ရန် အစည်းအဝေးခေါ်ယူထားကြောင်း မြို့တော်ဝန်ကဆိုသည်။

"ကျွန်တော်တို့ ရန်ကင်းမြို့နယ်မှာဆိုရင်လည်း စည်ပင်ပိုင်မြေတွေကို မိမိပိုင်မြေကဲ့သို့ လမ်းမတွေမှာ ခြံတွေယူခတ်ထားတယ်။ ဆိုင်ခန်းများ ဆောက်လုပ်ထားတယ်။ အဲဒါတွေကြောင့် လမ်းမီးမလင်းတာတွေ၊ မှောင်ရိပ်တာတွေ၊ အများပြည်သူ သွားလာရေး အန္တရာယ်များရတဲ့အပြင် ကားတွေလမ်းဘေးရပ်မရတာကြောင့် ယာဉ်ကြောပိတ်ဆို့တာတွေ ဖြစ်နေရတယ်။ ကျန်တဲ့မြို့နယ်တွေလည်း ထိုနည်းတူပဲ။ ဒါတွေကို အမြန်ဆုံးရှင်းလင်းဖို့လိုတယ်"ဟု ရန်ကင်းမြို့နယ် တိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်က ထောက်ပြပြောဆိုသည်။

လက်ရှိတွင် ယင်းသို့ဆိုင်ကျူး၊ အိမ်ကျူးများကြောင့် နှစ်လမ်းမောင်းကားလမ်းများတွင် တစ်လမ်းသာ မောင်းနှင်နိုင်ခြင်း၊ ကားများ လမ်းဘေးချမရပ်နိုင်ခြင်းတို့သည် မြို့နယ်အများစုတွင် ကြုံတွေ့နေရသည့်အတွက် ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်သည့်ပုံစံမျိုး ပေါ်ပေါက်လာစေရန် အမြန်ဆုံး ရှင်းလင်းသင့်ကြောင်း ဦးသိန်းဇော်က ဆိုသည်။ ■ZC

# ပရိသတ်ကို သီချင်းအသစ်တွေနဲ့ Surprise လုပ်မယ်ဆိုတဲ့ Benjamin Sum

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

ဘာဂျာမြင့်ဆန်းလို့ ပရိသတ်တွေက ချစ်စနိုးခေါ်တဲ့ Myanmar idol Top 3 ပြိုင်ပွဲဝင်တစ်ဦးဖြစ်တဲ့ Benjamin Sum က သီချင်းအသစ်တွေနဲ့ ပရိသတ်တွေကို Surprise လုပ်မယ်လို့ ပြောပါတယ်။



“သီချင်းအသစ်တွေကို ဘယ်လိုပုံစံမျိုးလာမယ်၊ ဘယ်သူက တေးရေးမယ်ဆိုတာတွေ၊ လာမယ့် သီချင်းအသစ်တွေမှာ အကလည်း ပါချင်ပါမယ် ပြောလို့မရသေးဘူး၊ ပရိသတ်တွေအတွက် Surprise တိုက်မယ်။ အမြန်ဆုံးတော့ ကျွန်တော့်အနေနဲ့ ကြိုးစားသွားပါမယ်” လို့ ဆိုပါတယ်။

ပြိုင်ပွဲပြီးသွားတဲ့အချိန်မှာ အပြင်ပွဲတွေလည်း ဆိုဖို့ရှိနေပြီး သူရဲ့ သီချင်းအသစ်တွေကို အမြန်ဆုံး လုပ်သွားမယ်လို့လည်း သိရပါတယ်။

“ပြိုင်ပွဲပြီးသွားတဲ့အချိန်မှာ ပြောင်းလဲသွားတာတွေအနေနဲ့ကတော့ ကျွန်တော်ပြိုင်ပွဲအတွင်းမှာ စိတ်ဓာတ်တွေကို အများကြီးပြင်ဆင်ထားတယ်။ အပြင်လောကရောက်တော့ ကျွန်တော့်အတွက် အရမ်းအဆင်ပြေပါတယ်။ အားပေးနေတဲ့ ပရိသတ်တွေအတွက် Fan meeting တွေလည်း လုပ်သွားဖို့ရှိတယ်” လို့ Benjamin Sum က ဆိုပါတယ်။

❍ နွယ်နီ

# ဇာတ်လမ်းတွဲမှာ အဆိုအကသမားတစ်ယောက်အဖြစ် တွေ့ရမယ့် ငြိမ်းဖြူ



**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

သရုပ်ဆောင်ငြိမ်းဖြူက ဝက်ပါလမ်းမများ ဇာတ်လမ်းတွဲထဲမှာ အဆိုအကသမားတစ်ယောက်အဖြစ် တွေ့ရမယ်လို့ ဆိုပါတယ်။

“ဒီအထဲမှာ သီချင်းလည်း ဆိုရမယ်။ ကလည်းကရမယ်။ ဇာတ်လမ်းတွဲထဲမှာ သီချင်းကို ကိုယ်တိုင်ဆိုမှာ။ တခြားတေးရေးဆရာတွေလည်း ရှိမှာပါ။ ဆရာဥက္ကာကလည်း သင်ပေးမှာပေါ့။ ပထမက သီချင်းဆိုလို့ အဆင်ပြေပါ့မလားပေါ့။ ဆိုပြတဲ့အခါမှာ အဆင်ပြေတယ်၊ လုပ်နိုင်တယ်” လို့ ၎င်းကပြောပါတယ်။

ဒီဇာတ်လမ်းတွဲထဲမှာ သီဆိုရမယ့် သီချင်းတွေကို ဆရာတွေက အတတ်နိုင်ဆုံး ကြိုးစားသင်ကြားပေးမှာ ဖြစ်တဲ့အတွက် လက်ခံဖြစ်တာလို့လည်း ငြိမ်းဖြူကပြောပါတယ်။

“ကေ ငယ်ငယ်လေးကတည်းက အကဝါသနာပါတော့ ရေ့ဝါသနာကို အကောင်းဆုံး ကြိုးစားတယ်။ အဲအတွက်ကြောင့် ကိုယ့်ဆီလာတဲ့အလုပ်တွေက ဒီအကအလုပ်တွေပဲ ဖြစ်နေတယ်။ ၂၀၂၀ မှာ ရုပ်ရှင်ကားကြီးရုံတင်ဖို့ရှိတယ်။ ဇာတ်လမ်းတွဲတွေလည်း ရှိပါတယ်” လို့ သူကဆိုပါတယ်။

❍ နွယ်နီ

# “လက်ရှိအောင်မြင်တဲ့မင်းသား၊ မင်းသမီးတွေက အသက်ကြီးလာမှာပဲလေ။ သူတို့ကြီးလာတဲ့အချိန်မှာ အသစ်သာမရှိရင် ပျက်သွားမှာပေါ့”

## ကြည်ဖြူသျှင်နဲ့ တွေ့ဆုံခြင်း

ခင်ညိုညိုသိမ့်

**ဒါရိုက်တာ ကြည်ဖြူသျှင်နဲ့တွေ့ဆုံခိုက် ၂၀၂၀မှာ စီစဉ်ထားသော အနုပညာတွေအကြောင်း၊ သရုပ်ဆောင် အသစ်တွေရုပ်ရှင်ရုံပေါ်ရောက်တဲ့အခါ အားပေးမှုနည်းတဲ့အကြောင်းနဲ့ အသစ်တွေ အမြဲလိုအပ်နေတဲ့ အကြောင်းအရာတွေကို မေးမြန်းထားပါတယ်။**



**Voice ။ ။ ဒီနှစ်အတွက် အနုပညာနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုး Plan တွေ ဆွဲထားသေးလဲ။**

**KPT ။** ။ ၂၀၂၀ အတွက်ကတော့ အစီအစဉ်တော့ ရှိပါတယ်။ အတိအကျကြီးပြောရရင် ခက်နေသေးလို့ပါ။

**Voice ။ ။ လက်ရှိ ရုံတင်နေတဲ့ ကား ၃ က ပေါ့နော်။ အသစ်တွေနဲ့ ရိုက်ထားတာဆိုတော့ ထင်သလောက် မဖြစ်တဲ့အပေါ်ရော။**

**KPT ။** ။အဓိကသရုပ်ဆောင် အသစ်တွေကို မွေးထုတ်တယ်ဆိုတာက ရုပ်ရှင်ကနေ တန်းပြီး မွေးထုတ်ဖို့ဆိုတာ တော်တော် ခက်ပါတယ်။ အစ်မတို့ ဖြတ်သန်းခဲ့တဲ့ အစဉ်အလာအရဆိုရင် အရင်ဆုံး ဗီဒီယိုကနေ ပရိသတ်ဆီရောက်အောင် အရင်ပို့ရတယ်။ ပရိသတ်လက်ခံတဲ့ အဆင့်ရောက်မှပဲ ရုံပေါ်တက်တာပေါ့နော်။ အစ်မအမြင်ပြောရရင်တော့ ဒီခေတ် ပရိသတ်တွေက အသစ်ကို ပိုအားပေးပါတယ်။ အစ်မတို့ခေတ်က မင်းသား၊ မင်းသမီးအသစ်တွေ ရုံပေါ်ရောက်ဖို့ဆိုတာ အရမ်းကို ခက်ခဲပါတယ်။ အားပေးဖို့လည်း ခက်ပါတယ်။ ဒီခေတ်ကတော့ ပိုအားပေးပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ကိုတော့ ဒီထက်ပိုပြီးတော့ အားပေးရင်တော့ ကောင်းတာပေါ့နော်။ ရုံဝင်ခဈေးကြီးတာတွေရယ်။ TV Channel တွေကနေ ဇာတ်ကားတွေက တအားကြည့်ရတယ်။ သူတို့အတွက် ရွေးချယ်စရာများလာတော့ ရွေးချယ်မှုကြောင့်လို့ ဖြစ်သွားတယ်ထင်ပါတယ်။

**Voice ။ ။ ရုံဝင်ခဈေးကြီးတယ်ဆိုတော့ Fair ဖြစ်နိုင်မယ့်ဈေးကိုရောလုပ်ပေးလို့ ဖြစ်နိုင်မလား။ အစ်မရဲ့အမြင်ကရော။**

**KPT ။** ။ ပြောရမယ်ဆိုရင် ရုံရှင်တွေဆိုဒ်ကတော့ သူတို့ရင်းထားတဲ့ Cost အရတော့ ဒီလိုပဲသွားမှာပဲ။ ဒီထက်နိမ့်တဲ့ ရုံမျိုးလေးတွေလည်း ပေါ်လာသင့်တယ်လို့တော့ ထင်တယ်။ သူ့ Level နဲ့ သူပေါ့နော်။ Level စုံကြည့်လို့ရမယ့် အရာမျိုးပေါ့။ တစ်ပြိုင်နက်တင်တာကတော့ Level မြင့်တဲ့ ရုံတွေသွားပြီး အဲကနေ ဆင်းတဲ့အခါမှာ ဈေးသင့်တဲ့ရုံလေးတွေ ရှိပေးမယ်ဆိုရင်တော့ ကြည့်ရမယ့် ပရိသတ်အတွက်လည်း ဘာပဲပြောပြော သူနိုင်တဲ့ဝန်နဲ့ သူကြည့်မှာပဲ။ အခုဆိုရင်ပြောရင် Gold Class တို့ဆိုရင် တကယ့် Level အမြင့် ရုံတွေပေါ်လာသလိုပဲ အရင်တုန်းကဆို ဗီဒီယိုရုံလေးတွေရှိတယ်။ အဲလိုသဘောမျိုးပေါ့။ ဗီဒီယိုရုံလောက်လည်း နိမ့်တာမျိုးမဟုတ်ဘူး။ ဒါပေမဲ့လည်း ကွာလတီတစ်ခုနဲ့ အဆင့်တစ်ခုနဲ့ ဈေးသင့်တဲ့ရုံလေးတော့ ထပ်ပြီး ရှိသင့်တယ်လို့ အစ်မတော့ မြင်ပါတယ်။

**Voice ။ ။ နောက်ထပ် အသစ်လေးတွေကို ဘယ်လိုအကြံပြုစကားပြောချင်လဲ။**

**KPT ။** ။ အစ်မကတော့ အသစ်လေးတွေကို အမြဲကြိုဆိုပါတယ်။ အစ်မကိုယ်တိုင်လည်း အရင်ကတည်းက အသစ်တွေကို တင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ အသစ်မတင်လို့ရှိရင် လက်ရှိအောင်မြင်တဲ့ မင်းသား၊ မင်းသမီးတွေက အသက်ကြီးလာမှာပဲလေ။ သူတို့ကြီးလာတဲ့အချိန်မှာ အသစ်သာမရှိရင် ပျက်သွားမှာပေါ့။ လက်ရှိအောင်မြင်နေတဲ့ မင်းသား၊ မင်းသမီးတွေရှိသလိုပဲ။ အသစ်တွေလည်း ရှိရမယ်။ အသစ်တွေပေါ်လာမှပဲ ဒီအနုပညာလောကက အဆက်မပြတ်ဘဲနဲ့ ရစ်သမ် မှန်မှန်နဲ့ သွားနိုင်မှာပေါ့နော်။

❍ ခင်ညိုညိုသိမ့်



## မြန်မာနေရှင်နယ်လိဂ် ယူ-၁၉ အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ အသင်းပေါင်း ၂၀ ဖြင့် ကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

2020 MPT မြန်မာနေရှင်နယ်လိဂ် ယူ-၁၉ အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ အသင်းပေါင်း ၂၀ ဖြင့် ကျင်းပပြုလုပ်နေကြောင်း မြန်မာနေရှင်နယ်လိဂ် ကော်မတီ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကျင်းပနေခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ မြန်မာနေရှင်နယ်လိဂ်-၁ မှ အသင်း ၁၂ သင်း၊ လိဂ်-၂ မှ အသင်း ၇ သင်း၊ နည်းပြဦးမင်းသူ ကိုင်တွယ်နေသည့် မြန်မာယူ၁၆ အသင်း၊ စုစုပေါင်းအသင်း ၂၀ ဖြင့် ကျင်းပနေခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၁၉ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ကာ ကျင်းပနေပြီး မေလ ၃၁ ရက်တွင် ပထမအကျော့ ပြီးဆုံးမည်ဖြစ်သည်။

နည်းပြဦးမင်းသူကိုင်တွယ်နေသည့် မြန်မာယူ-၁၆ အသင်းသည် အဆိုပါပြိုင်ပွဲသို့ ကစားသမားများအတွေ့အကြုံများ ပိုမိုရရှိစေရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်နေခြင်းလည်းဖြစ်သည်။

ထို့ပြင် နည်းပြဦးစိုးမြတ်မင်း ကိုင်တွယ်နေသည့် မြန်မာယူ-၁၉ အသင်းမှာလည်း ဇန်နဝါရီ ၂၃ ရက်တွင် စတင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၁၉ အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နေသည့်အသင်းများမှာ ရှမ်းယူနိုက်တက်၊ ရောဝတီ၊ ရန်ကုန်၊ ရတနာပုံ၊ ဟံသာဝတီ၊ ရခိုင်၊ စစ်ကိုင်းယူနိုက်တက်၊ မကွေး၊ ဇွဲကပင်၊ ဆောက်သမ်းမြန်မာ၊ Chinland၊ ချင်းယူနိုက်တက်၊ ISPE၊ မြဝတီ၊ မောရဝတီ၊ Silvers Stars၊ ကချင်ယူနိုက်တက်၊ ယောမြေ တက္ကသိုလ်၊ MFF Youth အသင်းတို့ဖြစ်ကြသည်။

■ ဇော်သုတ

## မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအပြီးတွင် ကျင်းပရန် စီစဉ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

၂၀၂၀ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းယှဉ်ပြိုင်ရမည့် အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအပြီးတွင် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲသို့ အသင်းပေါင်း ၈သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ISPE အမျိုးသမီးအသင်းက ချန်ပီယံဆုဖလားကို ရရှိခဲ့ကာ မြဝတီအသင်းက ဒုတိယနှင့် သစ္စာအားမာန်အသင်းက တတိယဆုရရှိခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက "မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကို အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲပြီးမှပဲကျင်းပဖို့ စီစဉ်ထားပါတယ်။

ဒီနှစ်မှာကျင်းပမယ့်ပြိုင်ပွဲကိုအသင်းသစ်တွေ ဝင်ရောက်ယှဉ်ပြိုင်မလား ဒါမှမဟုတ် အသင်း ၈ သင်းနဲ့ပဲ ကျင်းပမလားဆိုတာ သေချာမသိသေးပါဘူး။အိုလံပစ်တတိယအဆင့် ခြေစစ်ပွဲပြီးမှပဲ သေချာသိရမှာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှာအိုလံပစ်တတိယအဆင့် ခြေစစ်ပွဲအတွက် လေ့ကျင့်မှုများပြုလုပ်နေပြီး အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်နေ့အထိ တောင်ကိုရီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှာ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်တောင်ကိုရီးယား၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

■ ဇော်သုတ



## အမ်ဘာပီကို လီဗာပူးသို့ လာရောက်ကစားရန် ဖာဘင်ညိုဖိတ်ခေါ်

**လီဗာပူး - ဇန်နဝါရီ ၁၄**

ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘာပီကို လီဗာပူးတွင် လာရောက်ကစားရန် ကစားဖော်ဟောင်း ဖာဘင်ညိုက ဖိတ်ခေါ်ခဲ့ကြောင်း Dailymail က ဖော်ပြထားသည်။

ဖာဘင်ညိုနှင့် အမ်ဘာပီတို့မှာ နည်းပြ လီယိုနာဒိုဂျာဒင်လက်အောက်၌ မိုနာကိုအသင်းတွင် အတူတကွ ပါဝင်ကစားခဲ့ကြသူများဖြစ်ပြီး ဘရာဇီးကွင်းလယ်လူက လီဗာပူးသို့ပြောင်းရွှေ့ခဲ့ကာ ပြင်သစ်တိုက်စစ်မှူးက ပီအက်စ်ဂျီကို ရွေးချယ်ခဲ့သည်။

လက်ရှိတွင်မူ ကစားဖော်ဟောင်းကို အန်ဖီးလ်တွင် မြင်တွေ့လိုသည်ဟု ဖာဘင်ညိုက ထုတ်ဖော်ပြောကြားလိုက်သည်။

Telefoot နှင့်တွေ့ဆုံမှုတွင် ဖာဘင်ညိုက "သူ့ကိုကျွန်တော်လီဗာပူးအတွက်ဆိုရင် ကြိုဆိုချင်ပါတယ်။ အမ်ဘာပီဟာ Ballon d'Or ဆုကို နေမာထက်အရင်ပိုင်ဆိုင်မယ့်ကစားသမားပါ" ဟု ချီးကျူးခဲ့သည်။

အမ်ဘာပီအနေနှင့်ကမ္ဘာ့ချန်ပီယံဆုကိုပြင်သစ်အသင်းနှင့်အတူဆွတ်ခူးထားနိုင်သူဖြစ်သောကြောင့် ဘရာဇီးတိုက်စစ်မှူး နေမာထက် ရှေ့ရောက်နေလိမ့်မည်ဟု ဖာဘင်ညိုက ယုံကြည်နေသည်။

အသက် ၂၁ နှစ်အရွယ်ပြင်သစ်တိုက်စစ်မှူးသည် ယခုရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲစုံတွင် ၁၈ ဂိုးအထိသွင်းကာ ခြေစွမ်းကောင်းပြသနေသူဖြစ်သည်။

ဆက်လက်ပြီး ဖာဘင်ညိုက ၂၀၁၉ခုနှစ်အတွက် Ballon d'Or ဆုကို မက်ဆီက ဆွတ်ခူးခဲ့သော်လည်း ချန်ပီယံလိဂ်သရဖူကို ပိုင်ဆိုင်ခဲ့သည့် ၎င်း၏အသင်းဖော် မာနေးကအထိုက် တန်ဆုံးဖြစ်ခဲ့သည်ဟု ဖွင့်ဟခဲ့သည်။

"မာနေးက Ballon d'Or ဆုနဲ့ ထိုက်တန်သူဖြစ်ပါတယ်။ သူက လီဗာပူးအသင်းရဲ့ အကောင်းဆုံးကစားသမားတစ်ယောက်ဖြစ်လို့ပါ"ဟု ဆိုခဲ့သည်။

■ ငြိမ်းပြည့်



# ဂါလာတာစာရေးအသင်းနှင့် အပြောင်းအရွှေ့ကိစ္စ ဆွေးနွေးရန် မူစတာဖီ၏ အေးဂျင့် တူရကီသို့ သွားရောက်

**လန်ဒန်၊ ဇန်နဝါရီ ၁၄**

အာဆင်နယ်နောက်ခံလူ မူစတာဖီသည် တူရကီကလပ် ဂါလာတာစာရေး အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း Dailymail က ဖော်ပြခဲ့သည်။

သတင်းများ၏ဖော်ပြချက် အရ ကစားသမား၏အေးဂျင့်ဖြစ်သူမှာ ဂါလာတာစာရေးအသင်းနှင့် အပြောင်းအရွှေ့ကိစ္စ စကားပြောရန်အတွက် တူရကီနိုင်ငံသို့ ရောက်ရှိနေကြောင်း သိရသည်။

မူစတာဖီမှာ ယခုရာသီတွင် အာဆင်နယ်အသင်း၌ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသူဖြစ်ပြီး နည်းပြသစ် အာတီတာမှာ အသင်း၏ဗဟိုခံစစ်တွင် ဒေးဗစ်လုဇ်နှင့် ဆိုကရာတစ်တို့ကိုသာ နေရာပေးနေခြင်းကြောင့် လန်ဒန်ကို ကျောခိုင်းရန်ပြင်ဆင်လျက်ရှိသည်။

တူရကီသတင်းစာ Fotomac ကလည်း မူစတာဖီ၏ရှေ့နေအဖွဲ့ဝင်များမှာ ဂါလာတာစာရေးအသင်းနှင့်တရားဝင်ဆွေးနွေးနေကြောင်း အတိအလင်းထုတ်ဖော်ရေးသားခဲ့သည်။ ဂါလာတာစာရေး အသင်းမှာ ၎င်းကို အငှားဖြင့်ခေါ်ယူရန်ရှိနေသလို အဆင်ပြေပါကအပြီးသတ်ခေါ်ယူရန်အထိ စဉ်းစားထားကြောင်းသိရသည်။

၂၀၁၄ တွင် ဂျာမနီအသင်းနှင့်အတူ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့သည့် မူစတာဖီမှာ ၂၀၁၆တွင် အာဆင်နယ်သို့ ပေါင် ၃၅သန်းဖြင့်ရောက်ရှိလာခဲ့သူဖြစ်သည်။

ယခုရာသီတွင် မူစတာဖီမှာ အာဆင်နယ်အသင်းအတွက် ၁၀ ပွဲသာ ပါဝင်ကစားခွင့်ရထားပြီး ယူရိုပါလိဂ်နှင့် လိဂ်ဖလားပွဲစဉ်များတွင်သာ အသင်းအတွက် အဓိက ပါဝင်ခွင့်ရခဲ့သည်။ ထို့ကြောင့် လက်ရှိအနေအထားကိုကစားသမားဘက်က စိတ်ပျက်နေသလို ၎င်း၏အေးဂျင့်ဖြစ်သူကိုယ်တိုင်ကလည်း ဇန်နဝါရီတွင်အာဆင်နယ်ကထွက်ခွာနိုင်ရန်အတွက် ကြိုးစားပေးနေခြင်းဖြစ်သည်။

■ ငြိမ်းပြည့်





# ဘိုင်ယန်မြူးနစ်နှင့် နှစ် ၂၀ ကြာ လက်တွဲမှုကို လာမည့်နွေရာသီတွင် အဆုံးသတ်ရန် မူလာစဉ်းစား

**မြူးနစ်၊ ဇန်နဝါရီ ၁၄**

ဂျာမနီလက်ရွေးစင်တိုက်စစ်မှူး ဟောင်း သောမက်စ်မူလာသည် လာမည့် နွေရာသီတွင် ဘိုင်ယန်မြူးနစ်နှင့် နှစ် ၂၀ ကြာ လက်တွဲမှုကိုအဆုံးသတ်ရန်စဉ်းစားနေကြောင်း Dailymailကဖော်ပြခဲ့သည်။

အသက် ၃၀အရွယ်ရှိပြီဖြစ်သည့် မူလာမှာ ဘိုင်ယန်မြူးနစ်လူငယ်အကယ်ဒမီစီမံကိန်းမှ ပေါ်ထွက်လာခဲ့သူဖြစ်သည်။

ဘိုင်ယန်မြူးနစ်စီနီယာအသင်းနှင့် အတူ ဘွန်ဒက်လီဂါချန်ပီယံဆု ၈ကြိမ်၊ ဂျာမန်ပိုကယ်ဖလား ၅ ကြိမ်နှင့် ချန်ပီယံလိဂ်ဖလား တစ်ကြိမ် ပိုင်ဆိုင်ထားသည့် မူလာမှာ စိန်ခေါ်မှုအသစ်များကိုရှာဖွေရန် စိတ်အားထက်သန်နေပြီး ယခုရာသီကုန်ဆုံးချိန်တွင် အသင်းတာဝန်ရှိသူများနှင့် ထိပ်တိုက်ဆွေးနွေးသွားရန် ရှိနေသည်။

မူလာအနေနှင့် နည်းပြဟောင်း နီကိုကိုဗက် လက်အောက်တွင်ကစားစဉ်က ဘိုင်ယန်မြူးနစ်ကိုကျောခိုင်းရန်စီစဉ်ခဲ့သူဖြစ်ပြီး ယခုရာသီဘွန်ဒက်စ်လီဂါ ၁၇ ပွဲတွင် ၂ဂိုးသာ သွင်းထားနိုင်သူဖြစ်သည်။

နည်းပြသစ်အဖြစ် ဟန်ဆီဖလစ်ခ်ကိုင်တွယ်ပြီးနောက် စာချုပ်သစ်ကိစ္စ အဆင်ပြေလာနိုင်သည့် အနေအထားတွင်ရှိသော်လည်း မူလာအနေနှင့် ဘိုင်ယန်မှ ထွက်ခွာရန် စဉ်းစားလျက်ရှိနေသည်။

"ကျွန်တော့်ရဲ့ပစ်မှတ်က ဒီရာသီမှာ ဘိုင်ယန်နဲ့အတူ စိတ်လှုပ်ရှားစရာကောင်းစွာဖြတ်သန်းချင်ပါတယ်။ လာမယ့်နွေမှာတော့ ဘာဆက်ဖြစ်ဦးမလဲ မသိသေးပါဘူး။ အသင်းနဲ့စကားပြောဆိုပြီး ကျွန်တော့်ရဲ့ အနေအထားကို စဉ်းစားဦးမှာပါ။ ဒါတွေပြီးတော့မှ ကျွန်တော့်ရဲ့လားရာကိုဆက်ကြည့်ရမှာပါ"ဟု ဆိုခဲ့သည်။

မူလာမှာအသင်းနှင့် စာချုပ်သက်တမ်း ၁၈ လကျန်ရှိနေသူဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် နောက်ဆုံးအကြိမ်အဖြစ်စာချုပ်သစ် ချုပ်ဆိုထားသူဖြစ်သည်။

■ ငြိမ်းပြည့်

# မန်ယူသို့ပြောင်းရွှေ့ရန်ထက် လက်စတာတွင်သာ ဆက်နေသင့်ဟု မက်ဒီဆင်ကို အလန်ရှီးယားတိုက်တွန်း

**လက်စတာ၊ ဇန်နဝါရီ ၁၄**



© Leicester City FC via Getty Imag

လက်စတာကွင်းလယ်လူမက်ဒီဆင် အနေနှင့်လက်ရှိဇန်နဝါရီဈေးကွက်တွင် မန်ယူသို့ မပြောင်းရွှေ့ဘဲလက်စတာတွင်သာ ဆက်နေသင့်သည်ဟု အင်္ဂလန်တိုက်စစ်မှူး အလန်ရှီးယားကတိုက်တွန်းခဲ့ကြောင်း Dailymail က ဖော်ပြခဲ့သည်။

မက်ဒီဆင်မှာ လက်စတာအသင်း၏ သော့ချက်ကစားသမားဖြစ်သလို အသင်းအနေနှင့်လည်း လာမည့်ရာသီချန်ပီယံလိဂ်ဝင်ခွင့်ရရန် အခြေအနေကောင်းနေခြင်းကြောင့်လက်စတာမှမထွက်ခွာသင့်ကြောင်း အလန်ရှီးယားက ဆိုခဲ့ခြင်းဖြစ်သည်။

မန်ယူမှာထိပ်တန်းအသင်းကြီးဖြစ်သော်လည်း လက်ရှိတွင် လက်စတာနောက်တွင်သာ ရပ်တည်နေခြင်းကြောင့် လက်ရှိအခိုက်အတန့်မှာ အချိန်ကောင်းမဟုတ်ဟု မက်ဒီဆင်ကို သတိပေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် အားလုံးကိုနားလည်ပါတယ်။ တကယ်တမ်းပြောရရင် မန်ယူက မက်ဒီဆင်ကို အလိုရှိမှာပါ။ ဘာကြောင့်လဲဆိုတော့သူဟာ အလွန်ကောင်းတဲ့ကစားသမားဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ အခုလိုအချိန်မှာ လက်စတာက သူ့ကိုလက်လွှတ်လိုက်မယ်ဆိုရင်တော့ ကျွန်တော့်အတွက် မယုံကြည်နိုင် စရာဖြစ်နေမှာပါ။ အကောင်းဆုံးကစားသမားတစ်ယောက်ကို အခုလို ဇန်နဝါရီဈေးကွက်မှာ အဆုံးအရှုံးခံလိုက်တာကို မမြင်ချင်ပါဘူး။ တကယ်လို့ ကျွန်တော်သာ သူ့နေရာမှာဆိုရင် အခုလို အချိန်မှာ လက်စတာနဲ့အတူ ဆက်ရှိနေမှာပါ။ မန်ယူက ထိပ်ဆုံး ၄ သင်းဝင်ဖြစ်ဖို့အတွက်တောင် အချိန်ယူရဦးမယ့်ပုံစံဖြစ်နေပါတယ်။ သူတို့ထိပ်တန်းအသင်းကြီးဖြစ်တယ်ဆိုတာကို လက်ခံပေမယ့်မက်ဒီဆင်နဲ့ပတ်သက်ရင်တော့ အခုအချိန်မှာ လက်စတာနဲ့အတူ ဆက်ရှိသင့်ပါတယ်။ ရာသီကုန်အထိ စောင့်ကြည့်ပြီးမှ ဆက်သွားသင့်တာပါ"ဟု အကြံပေးခဲ့သည်။

မန်ယူအသင်းမှာ လက်ရှိတွင် အဆင့် ၄ နေရာမှ ချဲလ်ဆီးနှင့် ၅မှတ်အကွာတွင်ရှိနေပြီး လက်စတာနှင့် ၁၃ မှတ်အထိ ကွာဟလျက်ရှိသည်။

■ ငြိမ်းပြည့်




# မြန်မာနိုင်ငံ၏ ပထမဦးဆုံး အသေးစား၊ အလတ်စား ထုတ်ကုန်ပြပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အသေးစား၊ အလတ်စားထုတ်ကုန်ပြပွဲ (MSME Expo 2020) ကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံ အသေးစား၊ အလတ်စားနှင့်အငယ်စား စက်မှုလုပ်ငန်းများထံမှ သိရသည်။

အဆိုပါ အသေးစား၊ အလတ်စား ထုတ်ကုန်ပြပွဲတွင် ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံမှ One Tambon One Product (OTOP) လုပ်ငန်းရှင်များ၊ အခြားသော အာဆီယံနိုင်ငံအချို့မှ SME လုပ်ငန်းရှင်များနှင့် အာရှနိုင်ငံအချို့မှ လုပ်ငန်းရှင်များက ပြခန်းပေါင်း ၂၄၀ ကျော်ဖြင့် ပြသသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများထံမှ သိရသည်။

ရန်ကုန်မြို့ သာကေတမြို့နယ် မင်းနန္ဒာလမ်းရှိ Fortune Palaza တွင် ဇန်နဝါရီ ၃၁ မှ ဖေဖော်ဝါရီ ၂ ရက်အထိ ပြသသွားမည့်အဆိုပါပြပွဲတွင် ပြည်တွင်းထုတ်ကုန်ပြခန်းများ၊ မော်တော်ကားပြခန်း၊ စားသောက်ကုန်၊ ကုန်ထုတ်လုပ်မှုပယင်းနှင့် ပညာရေးဆိုင်ရာ ပြခန်းများအပြင် ကမ္ဘာတစ်ဝန်းရှိ SME လုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများနှင့် ဆက်နွယ်သည့် ဆွေးနွေးဟောပြောမှုများ၊ Talk Show များ ပြသသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများထံမှ သိရသည်။ ■

**ပြည့်ဖြိုးမြင့်မွန်**

# ရေနံချက်စက်ရုံမရှိသဖြင့် တရုတ်က မြန်မာဘက်သို့ စာချုပ်ပါအတိုင်း ရေနံစိမ်းပြန်လည်တင်ပို့ခြင်းမရှိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအတွက် ချုပ်ဆိုထားသောစာချုပ်အရ မြန်မာဘက်သို့ တရုတ်မှ နှစ်စဉ် ရေနံစိမ်း တန် ၂ သန်းနှင့် သဘာဝဓာတ်ငွေ့ကုဗမီတာ ၄ သန်း ပြန်လည်တင်ပို့ရမည်ဖြစ်သော်လည်း မြန်မာပြည်တွင် ရေနံစိမ်း ချက်လုပ်သည့် စက်ရုံမရှိသေးသဖြင့် ပြန်လည်တင်ပို့နိုင်ခြင်းမရှိသေးကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှသိရသည်။

"ဒီစီမံကိန်းက မိတ်ဖက်ကုမ္ပဏီ သုံးခုနဲ့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်တယ်၊ မြန်မာနိုင်ငံအတွက် ပြန်ပို့တဲ့ဟာတွေကို ဒီမှာထုတ်လုပ်နိုင်မယ့် စက်ရုံမရှိသေးတဲ့အတွက် မတင်ပို့နိုင်သေးဘူး။ စက်ရုံတည်ဆောက်မှု အပိုင်းကျတော့ နောက်ပိုင်းကျရင် ဝန်ကြီးဌာနအစီအစဉ်နဲ့ လုပ်ဆောင်သွားမယ်။ ဒါပြီးရင်တော့ သွယ်တန်းပြီးတော့ အသုံးပြုနိုင်မယ်" ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ အမှုဆောင်ဒါရိုက်တာဦးခရန်နော်အောင်က ပြောသည်။

အဆိုပါ ရေနံချက်စက်ရုံကို မန္တလေးတိုင်းဒေသကြီးတွင် ဆောက်လုပ်ရန် လျာထားသော်လည်း လက်ရှိအချိန်ထိ ဆောက်လုပ်နိုင်ခြင်းမရှိသေးကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရသည်။

တရုတ်-မြန်မာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၉ ဒီဇင်ဘာလအထိ မြန်မာပြည်တွင်းရှိစက်မှုလုပ်ငန်းများအတွက် သဘာဝဓာတ်ငွေ့ကုဗပေ ၄ သန်းကျော် ပြန်လည်တင်ပို့ပေးခဲ့သော်လည်း ရေနံစိမ်း ချက်လုပ်မှုအတွက် စက်ရုံမရှိသဖြင့် ပြန်လည်တင်ပို့နိုင်ခြင်းမရှိခြင်းဖြစ်သည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမှ ၆ နှစ်အတွင်း တရုတ်ပြည်သို့ သဘာဝဓာတ်ငွေ့ရည်ပေါင်း ကုဗမီတာပေါင်း ၂၄ သန်းအထိ တင်ပို့ခဲ့ကြောင်း ယင်းပိုက်လိုင်းစီမံကိန်းထံမှ သိရသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံသို့တင်ပို့မှုကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် ၂၀၁၃ စက်တင်ဘာတွင် သဘာဝဓာတ်ငွေ့များကို ပြန်လည်ခွဲဝေပေးခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၁၅ ခုနှစ်ဇန်နဝါရီတွင် မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း စမ်းသပ်ခဲ့ပြီး နိုင်ငံတကာဈေးကွက်များမှ သယ်ဆောင်လာသည့် ရေနံစိမ်းများကို မဒေးကျွန်းဆိပ်ကမ်းတွင် စတင်လက်ခံခဲ့ကြောင်း အစီရင်ခံစာဖော်ပြချက်များအရ သိရသည်။

ရေနံစိမ်းတင်ပို့မှုကို နန့်ခမ်းမြို့မှ တစ်ဆင့်တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းဖြစ်ပြီး ၂၀၁၉ ဒီဇင်ဘာလကုန်အထိ ရေနံစိမ်းတန်သန်းပေါင်း ၂၅ သန်းကျော် တင်ပို့ခဲ့ကြောင်း ယင်းအစီရင်ခံစာအရ သိရသည်။

အဆိုပါစီမံကိန်း သဘောတူညီချက်အရ မြန်မာနိုင်ငံသို့ နှစ်စဉ် ရေနံစိမ်း ၂ သန်း ပို့လွှတ်ရန်သဘောတူညီထားခြင်းဖြစ်ပြီး တရုတ်ရေနံစိမ်းပိုက်လိုင်းမှ တစ်နေ့လျှင် ဂါလန် လေးသောင်းကို မူရင်းဝယ်ဈေးအတိုင်း ပြန်လည်ရောင်းချရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ■

**ပြည့်ဖြိုးမြင့်မွန်**

# မြန်မာဖူဆယ်လိဂ် ဒုတိယအကျော့ပွဲစဉ် ၁၃ ယနေ့ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၄**



၂၀၁၉-၂၀၂၀ မြန်မာဖူဆယ်လိဂ် ဒုတိယအကျော့ပွဲစဉ် ၁၃ တွင် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် VUC နှင့် MFF U 19၊ MIU နှင့် Futsal Chit Thu FC အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

ဇန်နဝါရီ ၁၅ ရက်တွင် ကျင်းပမည့် မြန်မာဖူဆယ်လိဂ် ပွဲစဉ် ၁၃ ကို လှိုင်တက္ကသိုလ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်မည့် GV နှင့် Do Do Ko Ko FC အသင်းတို့ ပွဲစဉ်မှာအကြိတ်အနယ်ရှိပြီး ပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

ပထမအကျော့က GV အသင်းက ၄-၃ ဂိုးဖြင့် အနိုင်ရရှိထားသည်။

အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ဖို့ အခွင့်အရေးများနေသည့် VUC အသင်းက MFF U-19 အသင်းကို ပထမအကျော့က ဂိုးပြတ်နိုင်ပွဲရရှိထားပြီး ယခုပွဲစဉ်တွင်လည်း ဂိုးပြတ်နိုင်ပွဲ ထပ်မံရရှိရန် ရေပန်းစားနေသည်။

အခြားပွဲစဉ်များအဖြစ် Myoma JY နှင့် On Doctor၊ AMM Brothers နှင့် Winner၊MIU Vs Futsal Chit Thu FC၊ Let WelThone Na Ya နှင့် Dream Team တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် ၁၂ အပြီးတွင် VUC နှင့် MIU အသင်းတို့က ရမှတ် ၃၄ မှတ်စီတူညီနေပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည်။

Let WelThone Na Ya အသင်းက ရမှတ်ခြောက်မှတ်၊ Futsal Chit Thu အသင်းက ရမှတ်လေးမှတ်နှင့် AMM Brothers အသင်းကရမှတ် တစ်မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး၌ ကျရောက်နေသည်။ ■

**ချစ်ဝိုင်း**

# တရုတ်တွင် မြေကျင်းကြီးကျွံကျသဖြင့် ဘတ်စ်ကားတစ်စီး ကျသွားပြီး လူ ၆ ဦးသေဆုံး

**ဘေဂျင်း၊ ဇန်နဝါရီ ၁၄**

တရုတ်နိုင်ငံအလယ်ပိုင်း ပြည်နယ်တစ်ခုတွင် လမ်းမပေါ်၌ မြေကျင်းကြီးပေါ်လာကာ ဘတ်စ်ကားတစ်စီးကို ဆွဲချသွားခဲ့ရာ လူ ၆ ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြထားသည်။

တရုတ်နိုင်ငံအလယ်ပိုင်း ကင်ဟိုင်းပြည်နယ် မြို့တော်ဇီနင်မြို့ရှိ ဆေးရုံရှေ့လမ်းတွင် အဆိုပါမြေကျင်းကြီးပေါ်လာပြီး ကားပြုတ်ကျသွားခြင်းဖြစ်သည်။

CCTV ရုပ်သံဗီဒီယိုဖိုင်အရ ကျွံကျသွားသောတွင်းကြီးအတွင်း ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ဘတ်စ်ကားနှင့်လမ်းသွားလမ်းလာအချို့ ကျင်းထဲကျသွားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်များအတွင်း လူအသေအပျောက်များဖြစ်ခဲ့သော မြေကျင်းကြီးများကျွံကျမှုများ ဖြစ်နေခဲ့သည်။

ဘတ်စ်ကား၏အောက်မှ မြေကြီးကအောက်ကို ကျွံကျသွားပြီး အရာအားလုံး မြေထဲပြုတ်ကျကုန်ချိန်တွင် အနီးအနားရှိ လူအများ ထွက်ပြေးကြသည့် ဗီဒီယိုထွက်ပေါ်ခဲ့သည်။

ဘတ်စ်ကားပေါ်မှ လူအများကို ကယ်တင်ရန် ကြိုးစားခဲ့ကြသော်လည်း ဘတ်စ်ကားကို မျိုသွားသော မြေတွင်းကြီးက ပိုကျယ်လာကာ လူအချို့ပင် ပြုတ်ကျခဲ့ပြီး အောက်မှာလည်း ပေါက်ကွဲမှုများ ဖြစ်နေခဲ့သည်။

တရုတ်အစိုးရက ထုတ်ပြန်သော မီဒီယာသတင်းအရ မြေကျွံကျင်းကြီးသည် အချင်းအားဖြင့် ၃၂ ပေခန့် ရှိသည်ဟု သိရသည်။

ဘတ်စ်ကားကြီး မြေအောက်ထဲဆင်းသွားစဉ် ကားပေါ်၌ လူမည်မျှပါသွားကြောင်းကို သေသေချာချာ မသိရသေးပေ။

တရုတ်တွင် မြေကျွံကျင်းကြီးများ ဖြစ်ပေါ်လေ့ရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့်ဟု ပြစ်တင်လေ့ရှိသည်။

၂၀၁၈ ခုနှစ်ကလည်း တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဒေဂျိုးမြို့တွင် လူသွားလူလာများသော ပလက်ဖောင်းကြီးတစ်ခု မြေပြိုကျွံဝင်သွားခဲ့ရာ လူလေးဦး သေဆုံးခဲ့ရသည်။ ■ F-02


BBC

# ယူကရိန်းလေယာဉ်ဒုံးကျည်ဖြင့် မှားယွင်းပစ်ခတ်ခံရမှုအတွက် တာဝန်ရှိသူများကို အီရန်အာဏာပိုင်များ စတင်ဖမ်းဆီး

**တီဟီရန်၊ ဇန်နဝါရီ ၁၄**

အီရန်နိုင်ငံပိုင်နက်အတွင်း ပျက်ကျခဲ့သည့် ယူကရိန်းခရီးသည်တင် ဂျက်လေယာဉ်ကို ဒုံးကျည်ဖြင့်မှားယွင်းပစ်ခတ်မှု၌ အဓိကတာဝန်ရှိသူများကို ဖမ်းဆီးထိန်းသိမ်းမှုများပြုလုပ်ပြီဖြစ်သည်ဟု အီရန်နိုင်ငံက သတင်းထုတ်ပြန်ကြေညာသည်။

အီရန်ထိပ်တန်းတပ်မှူး ကာဆမ်ဆိုလီမာနီ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်ခံရမှုကို လက်တုံ့ပြန်သည့်အနေနှင့် အီရတ်ရှိ အမေရိကန်စစ်စခန်းများကို အီရန်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေချိန်တွင် ယူကရိန်းခရီးသည်တင်လေယာဉ်မှာ မှားယွင်းပစ်ချခံခဲ့ရသည်ဟု အီရန်က ဝန်ခံခဲ့ပြီးဖြစ်သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့က အီရန်တရားရေးဌာနက ကြေညာချက်ထုတ်ပြန်ရာတွင် ယင်းသို့ ယူကရိန်းလေယာဉ် မတော်တဆပစ်ချခံရမှုနှင့်ပတ်သက်၍ အဓိကတာဝန်ရှိသူများအဖြစ် သံသယရှိခြင်းခံရသူများကို ဖမ်းဆီးလိုက်ပြီဖြစ်သည်ဟု ဖော်ပြသည်။ သို့သော် ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသူ ဦးရေအတိအကျကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။

အီရန်နိုင်ငံပိုင်မီဒီယာ၏ ဖော်ပြချက်အရ ယူကရိန်းလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ အီရန်အာဏာပိုင်များက စုံစမ်းဖော်ထုတ်မှုများ လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

အီရန်သမ္မတဟတ်ဆန်ရိုဟာနီက ရုပ်သံမိန့်ခွန်းပြောဆိုရာတွင် ယခုလို ခရီးသည်တင်လေယာဉ်ကို မှားယွင်းပစ်ချမှုသည် ခွင့်လွှတ်၍မရနိုင်သော အမှားမျိုးဖြစ်ကြောင်း၊ ယင်းအမှုကို အသေးစိတ်စုံစမ်းဖော်ထုတ်မည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

ယူကရိန်းလေယာဉ် အီရန်နိုင်ငံတွင် ပျက်ကျခဲ့မှုကို ပထမပိုင်းတွင် မှားယွင်းပစ်ခတ်ခြင်းမဟုတ်ဟု ငြင်းဆိုခဲ့သော အီရန်အာဏာပိုင်များကို မကျေနပ်သည့် အီရန်ပြည်သူထောင်ပေါင်းများစွာက မြို့တော်တီဟီရန်တွင် ပြီးခဲ့သည့်နှစ်ရက်က ဆန္ဒပြခဲ့ကြသည်။

ယင်းကိစ္စကို အခဲမကျေဖြစ်နေသည့် အီရန်ပြည်သူထောင်ပေါင်းများစွာက တီဟီရန်ရှိ တက္ကသိုလ်နှစ်ခုအပြင်ဘက်တွင် စုဝေးကာ ချီတက်ဆန္ဒပြကြခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံတကာလေကြောင်းပိုင် ခရီးစဉ် PS752 သည် ဗုဒ္ဓဟူးနေ့က ခိုမေနီနိုင်ငံတကာလေဆိပ်မှ ကီယက်ဗ်သို့ ပျံသန်းရာတွင် လေယာဉ်ပျံတက်ပြီး မကြာမီပင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ■ F-01


Reuters

# ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများက ကြန့်ကြာနေသော ဝါရှင်တန်-ပြုံယမ်းဆွေးနွေးပွဲများအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဟု တောင်ကိုရီးယားသမ္မတပြောကြား

**ဆိုးလ်၊ ဇန်နဝါရီ ၁၄**

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားအကြား အဖြေမထွက်နိုင်ဘဲဖြစ်နေသော နျူကလီးယားလက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ ဒိုင်ယာလော့ခ်နှင့်ပတ်သက်၍ အဆိုးမြင်ပြောဆိုရန် လွန်စွာစောလွန်းသေးသည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ထုတ်ဖော်ပြောဆိုပြီး ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုက ဒဏ်ခတ်အရေးယူမှုများဖယ်ရှားပေးရေးအတွက် အကူအညီပေးနိုင်မည်ဖြစ်သည်ဟု အကြံပြုပြောဆိုကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံဘက်က ယင်းနျူကလီးယားဆွေးနွေးပွဲနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန်ဝေဖန်ပြောဆိုမှုများရှိသော်လည်း လက်နက်စမ်းသပ်မှုများ ထပ်မံပြုလုပ်ခြင်းမရှိသေးသလို ဆွေးနွေးပွဲလုံးဝမပြုလုပ်လိုကြောင်း ထုတ်ဖော်ပြောဆိုခြင်းမျိုးလည်း မရှိသေးကြောင်း တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းက ပြောကြားသည်။

“ဒိုင်ယာလော့ခ်အတွက် တံခါးပိတ်မထားဘူးဆိုတဲ့အချက်ကို မြောက်ကိုရီးယားက ရှင်းရှင်းလင်းလင်းအသိပေးထားပြီးပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့တောင်းဆိုချက်တွေကို လက်ခံပေးပါမှ ဆွေးနွေးပွဲစားပွဲဝိုင်းကို ပြန်လာမယ်ဆိုတဲ့ အကြောင်းပြချက်တော့ရှိပါတယ်” ဟု သမ္မတမွန်ဂျေအင်းက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက စနေနေ့က သတင်းထုတ်ပြန်ရာတွင် ခေါင်းဆောင်ကင်ဂျုံအန်းသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ထံမှ မွေးနေ့ဆုမွန်ကောင်းတောင်းမှုကို လက်ခံရရှိလိုက်ကြောင်း၊ သို့သော် ၎င်းတို့ခေါင်းဆောင်နှစ်ဦး၏ ချစ်ကြည်ရင်းနှီးမှုတစ်ခုတည်းဖြင့် ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်မည်မဟုတ်ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးညှိနှိုင်းမှုများမှာ ပြီးခဲ့သည့် အောက်တိုဘာလနောက်ပိုင်းကတည်းက ရပ်ဆိုင်းနေခဲ့သည်။ ထိုစဉ်က နှစ်ဖက်ကိုယ်စားလှယ်များ တစ်နေကုန် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ကင်ဂျုံအန်းက သတ်မှတ်ခဲ့သော နောက်ဆုံးအချိန်သတ်မှတ်ချက်ကို လျစ်လျူရှုခဲ့သည်။ ယင်းအချိန်မတိုင်မီ ရလဒ်တစ်စုံတစ်ရာထုတ်ဖော်ရန် မြောက်ကိုရီးယားက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

Reuters သတင်းဌာနက မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားအကြား ဆွေးနွေးပွဲများပြန်လည်ပြုလုပ်မည်လောဟု မေးမြန်းရာတွင် သမ္မတမွန်ဂျေအင်းက ဝေ့လည်ကြောင်ပတ်ဖြစ်နေသော အခြေအနေအဆုံးသတ်ကာ အဖြေတစ်ခုထွက်နိုင်ရေးအတွက် အိုင်ဒီယာအသစ်တစ်ခုရှာဖွေရန်လိုကြောင်း ပြောကြားသွားသည်။

“ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်အောင်လုပ်မယ်ဆိုရင် ဝါရှင်တန်-ပြုံယမ်းဒိုင်ယာလော့ခ်တစ်ခုတည်းသာ မဟုတ်ပါဘူး၊ ဒဏ်ခတ်အရေးယူမှုတွေ တစ်စိတ်တစ်ပိုင်း သို့မဟုတ် ခြွင်းချက်နဲ့ဖယ်ရှားရေးအတွက် နိုင်ငံတကာရဲ့အကူအညီတွေပါရလာမှာ”ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ■ F-01

# FOREIGN AFFAIRS

# ဩစတြေးလျတွင် လောင်ကျွမ်းသည့် တောမီးကြီးသည် ပုံမှန်သဘောမျိုးဖြစ်လာနိုင်ဟု ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များ သတိပေး

**လန်ဒန်၊ ဇန်နဝါရီ ၁၄**

ဩစတြေးလျနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသော တောမီးသည် နောင်အခါတွင်လည်း ပုံမှန်သဘောဖြင့်လောင်ကျွမ်းလာနိုင်သည့် အခြေအနေတွင် ရှိသည်ဟု ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက သတိပေးပြောကြားလိုက်ကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

အကယ်၍ ကမ္ဘာကြီးပူနွေးမှုကို ဖြစ်ပေါ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ရပ်တန့်အောင် အရေးတကြီး လုပ်ဆောင်နိုင်ခြင်းမရှိပါက ဩစတြေးလျတွင် လောင်ကျွမ်းနေသော တောမီးသည် ပုံမှန်လောင်ကျွမ်းနေမည့် အနေအထားသို့ ရောက်ရှိလာနိုင်ကြောင်း ၎င်းတို့ကဆိုသည်။

"ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို ပြောင်းပြန်ဖြစ်အောင် မလုပ်နိုင်ကြပါဘူး၊ အဲဒီတော့ လက်ရှိဖြစ်နေတဲ့အခြေအနေတွေကို ကြည့်မယ်ဆိုရင် ရာသီဥတုပြောင်းလဲမှု၊ ဖောက်ပြန်မှုတွေ ပုံမှန်ဆက်ဖြစ်နေဦးမှာပါ"ဟု ဗြိတိန်အခြေစိုက် ရာသီဥတုဆိုင်ရာ သုတေသနအဖွဲ့တစ်ခုဖြစ်သော Met Office Hadley စင်တာ၏ အကြီးအကဲ ရစ်ချတ်ဘက်စ်က ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ သုံးသပ်ခန့်မှန်းချက်အရ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုသည် ကြိမ်နှုန်းရော၊ ဆိုးရွားပြင်းထန်မှုပါ မြင့်တက်လာသည်။ ၎င်းတို့က ယင်းသို့သော အခြေအနေကို မီးရာသီဟုသတ်မှတ်ခေါ်ဆိုကြသည်။

အကြောင်းမှာ အပူချိန်အဆမတန်မြင့်တက်လာခြင်း၊ စိုထိုင်းဆ လျော့ကျလာခြင်း၊ မိုးရွာသွန်းမှုလျော့ကျခြင်း၊ လေများ အဆမတန်တိုက်ခတ်ခြင်း အစရှိသည်တို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပေါ်မည့် အန္တရာယ်နှင့် နီးစပ်လာ၍ဖြစ်သည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၏ ဂယက်ရိုက်ခတ်မှုများသည် ဩစတြေးလျနိုင်ငံတွင်သာမက အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါအနောက်ပိုင်းဒေသ၊ ဥရောပတောင်ပိုင်း၊ စကင်ဒီနေးဗီးယား၊ အမေဇုန်နှင့် ဆိုက်ဘေးရီးယား အစရှိသည်တို့တွင်လည်း ဖြစ်ပေါ်လျက်ရှိသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအနေနှင့်လည်း မီးရာသီဖြစ်ပေါ်မှုမှာ ၂၅ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။


Reuters

ရစ်ချတ်ဘက်စ်က ဩစတြေးလျသည် အခြားဒေသများနှင့်နှိုင်းယှဉ်ပါက တောမီးလောင်ကျွမ်းရန် ပိုမိုလွယ်ကူကြောင်း၊ အကြောင်းမှာ ဩစတြေးလျတိုက်၏ ကုန်းမြေသည် တစ်ကမ္ဘာလုံးပျမ်းမျှအပူချိန်ထက် အနိမ့်ဆုံး ၁ ဒီဂရီစင်တီဂရိတ်ခန့် ပိုမိုများပြားသောကြောင့်ဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့က အကယ်၍ ယခုရာစုနှစ်တွင် အပူထုတ်လွှတ်မှုမြင့်တက်နေခြင်းကို ရပ်တန့်အောင် လုပ်ဆောင်နိုင်ခြင်းမရှိပါက ကမ္ဘာလုံးဆိုင်ရာအပူချိန်သည် ၃ မှ ၅ ဒီဂရီဆဲလ်စီယပ်စ်အထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းရသည်။

ယင်းပမာဏသည် ၂၀၁၅ ခုနှစ် ပဲရစ်ရာသီဥတု သဘောတူညီချက်ထက် သုံးဆခန့်ပိုမိုများပြားသည်။

"ဩစတြေးလျတိုက်ရဲ့အပူချိန်အနေအထားဟာ လတ်တလောမှာ အင်မတန်ဆိုးရွားပါတယ်။ ဒါပေမဲ့ ဒါဟာတစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကျွန်တော်တို့မျှော်မှန်းထားတဲ့ ပျမ်းမျှအပူချိန်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

■ F-01

## ALSO IN NEWS



### ဆေးရုံခေါင်မိုး အော်ဂဲနစ်စိုက်ခင်းကြောင့် လူနာများအတွက် တစ်နှစ်ဟင်းရွက်ပေါင်ချိန် ၇၀၀၀ ပွဲပိုးနိုင်

အစာလည်းဆေး ဆိုတာကို သိမှတ်လက်ခံတဲ့အနေနဲ့ အမေရိကန်ပြည်ထောင်စု ဘော်စတွန်က ဆေးရုံတစ်ရုံဟာ အော်ဂဲနစ် စိုက်ခင်းတစ်ခုကို ဆေးရုံခေါင်မိုးပေါ်မှာ စိုက်ပျိုးထားခဲ့ပါတယ်။ ဘော်စတွန်ကျန်းမာရေးစင်တာရဲ့ ခေါင်မိုးမှာ စိုက်ထားတဲ့ ဟင်းသီးဟင်းရွက်တွေကနေ လူနာများ၊ ဝန်ထမ်းများနဲ့ နွမ်းပါးသူများကို ထောက်ပံ့နေခဲ့တာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတစ်ရာလောက်က အဆိုပါ ရိက္ခာဥယျာဉ်ကို လာရောက်ကူညီလေ့ရှိပါတယ်။ ကိုက်လန်၊ ဆလပ်၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ သခွား၊ ငရုတ်ကောင်း၊ ခရမ်းသီး၊ ပဲပင် စတဲ့ ဟင်းသီးဟင်းရွက်၊ သစ်ဥသစ်ဖုတွေ စိုက်ထားတာဖြစ်ပါတယ်။ အမှိုက်မလုပ်ဘဲ ပြန်သုံးထားတဲ့ နို့ဘူးထည့်တဲ့ပုံးတွေထဲမှာ အော်ဂဲနစ်မြေနဲ့စိုက်ပျိုးတာဖြစ်ပါတယ်။ အရွက်တွေ ဝတ်မှုန်ကူးဖို့အတွက်လည်း ပျားအုံနှစ်အုံ မွေးထားပါတယ်။ ဆေးရုံခေါင်မိုးဟာ စတုရန်းမီတာ ၂၅၀၀ ရှိပြီးတော့ မြို့ပြဒေသမှာ ပျားတွေနေထိုင်ဖို့အတွက်လည်း ဖန်တီးပေးထားပါတယ်။ ဂေဟစိုက်ခင်းလေးများဟာ အဆောက်အအုံကို အပူအအေးမျှတစေပြီး မိုးရေကိုလည်း စုပ်ယူပေးပါတယ်။ တစ်နှစ်ကို ဟင်းသီးဟင်းရွက် ပေါင်ချိန် ၇၀၀၀ ရတယ်ဆိုတော့ စီးပွားရေးအရလည်း တွက်ခြေကိုက်တာပေါ့။ ■F-02

### ဩဇီတောမီးအတွင်း သိုးအကောင် ၂၂၀ ကျော်ကို ကယ်တင်ခဲ့တဲ့ခွေးကလေး

သတ္တိကောင်းလှတဲ့ ခွေးကလေးဟာ သိုးအုပ်တစ်အုပ်လုံးကို တောမီးကြောင့် မသေရလေအောင် ကယ်တင်ခဲ့ပါတယ်။ စတီဖင်ပေးလ်ဆိုသူဟာ နှစ်သစ်ကူးညတုန်းက ကောယန်းဒေသမှာ သူ့ညီမဖြစ်သူရဲ့ သိုးခြံဆီကို တောမီးက တဖြည်းဖြည်း နီးလာတာကို မြင်ခဲ့ရပါတယ်။ မစ္စတာပေးလ်နဲ့ သူ့ ၆ နှစ်သားခွေးကလေး ပတ်စီတို့ဟာ သိုးခြံကို အပြေးကလေး သွားခဲ့တော့ သိုးတွေဟာ ဟိုတစ်ကောင်၊ ဒီတစ်ကောင်နဲ့ ပြန့်ကြဲလျှောက်သွားနေကြပါပြီ။ လျှပ်စစ်လိုပါပဲ။ ပတ်စီဟာ လျင်မြန်စွာနဲ့ သိုးအုပ်ကို တစုတည်းဖြစ်အောင် လိုက်မောင်းပါတယ်။ ပြီးတော့ သူတို့ကို ခြံဝင်းတစ်ခုတည်း သွားထည့်လိုက်ပါတယ်။ သိုးခြံပိုင်ရှင်ဟာ လယ်ထွန်စက်ရယ်၊ ရေစုပ်စက်ရယ် ပေါင်းပြီးတော့ မီးတောက်ကို ခြံနားမကပ်လာနိုင်အောင် ခုခံပေးခဲ့ပါတယ်။ ပတ်စီသာသိုးတွေကို တစုတည်းဖြစ်အောင် မီးတောက်လာနေတဲ့ကြားက သွားပြီးတော့ ပြန်ခေါ်မလာရင် သေကုန်ကြမှာပါ။ သိုးအကောင် ၂၂၀ လုံး တစ်ကောင်မှ မီးမထိခဲ့ပါဘူး။ ■ F-02

